ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

# မြန်မာ့အလင်း

ဒါနဥ္စ ဓမ္မစရိယာ စ ဉာတကာနဉ္စ သင်္ဂဟော၊ အနဝဇ္ဇာနိ ကမ္မာနိ ဧတံ မင်္ဂလမုတ္တမံ
ဒါနဥ္စ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

■ အတွဲ [၅၄]
အမှတ် [၃၅၇]

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် [27-9-2015]

MYANMA ALINN SUNDAY ISSUE

# အင်းလေးဖောင်တော်ဦးပွဲ အင်းသားတို့၏ ရိုးရာဓလေ့ပွဲများနှင့်ဆင်နွှဲမည်



ညောင်ရွှေမြို့နယ်ရှိ ကမ္ဘာကျော် အင်းလေးဖောင်တော်ဦးဘုရား။ ဓာတ်ပုံ-တင်မောင်လွင်

ညောင်ရွှေ စက်တင်ဘာ ၂၆

အင်းလေးကန်သည်ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်ရှိ သဘာဝတောင်ပေါ်ရေကန်ကြီးတစ်ခုဖြစ်ကာ ကန်အတွင်းတည်ထားသော အင်းလေးဖောင်တော်ဦးဘုရားသည် နိုင်ငံတကာခရီးသွားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူအများ စိတ်ဝင်တစား ကြည်ညိုသဒ္ဓါပွား၍ လာရောက်ဖူးမြော်ကြသည့် ထင်ရှားသောဘုရားတစ်ဆူဖြစ်သည်။

အင်းလေးဖောင်တော်ဦးဘုရားရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ကြွချီအပူဇော်ခံပွဲကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ လပြည့်ကျော် ၃ ရက်နေ့အထိ စော်ဘွားကြီးများလက်ထက်မှစတင်ကာ ယနေ့ကာလအထိ

*စာမျက်နှာ ၃ ကော်လံ ၄* ❁

# မြန်မာအမျိုးသား လေကြောင်းလိုင်း ဟောင်ကောင်၊ တိုင်ပေ မြို့များ ပြေးဆွဲမည်

သတင်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း (၆၇)နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် Myanmar National Airlines BRANDING PARTY အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီက အဆိုပါရုံးချုပ်၌ ကျင်းပကြောင်း သိရသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ယခင်ယူဘီအေ(UBA) မြန်မာ့လေကြောင်းလိုင်းဟု ခေါ်ဆိုခဲ့ကြသည့် လေကြောင်းလိုင်းဖြစ်ပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ✳

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆-၉-၂၀၁၅

| | |
|---|---|
| သပိတ်ကျင်းမြို့ | ၅ ဒသမ ၀၈ လက်မ |
| ရွှေဘိုမြို့ | ၃ ဒသမ ၅၄ လက်မ |
| ကော့သောင်းမြို့ | ၃ ဒသမ ၁၉ လက်မ |
| မိုးကုတ်မြို့ | ၂ ဒသမ ၈၀ လက်မ |

# တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန် လုပ်ဆောင်နေ

စာ-၃

## တနင်္ဂနွေ ဖတ်စရာများ


ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
မြန်မာကသာမက ကမ္ဘာကပင်လေးစားရသည့် စံပြပုဂ္ဂိုလ် ဦးသန့်နေထိုင်ခဲ့ရာ အိမ်ဂေဟာ စာ ➤ ၁၅

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်
အဆင့်မြင့်စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနေသည့် တစ်ခုတည်းသောတက္ကသိုလ်ကြီး စာ ➤ ၁၈

ခရီးသွားဆောင်းပါး
ရေပျော်ငှက်တို့ ကျက်စားရာ မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့တစ်ခေါက် စာ ➤ ၁၆

နိုင်ငံတကာရေးရာသတင်းဆောင်းပါး
ရုရှားနှင့် တရုတ်နိုင်ငံတို့၏ ပိုမိုကောင်းမွန်လာသောဆက်ဆံရေး စာ ➤ ၂၂





# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မြန်မာ့အရွေ့ ဆက်လက်ကြိုးပမ်း

လက်ရှိအစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ ကဏ္ဍအများစု တိုးတက်အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရပေသည်။ အထူးသဖြင့် နိုင်ငံရေးတွင် မတူကွဲပြားသော နိုင်ငံရေးပါတီများ ပါဝင်ခွင့်ရရှိလာခြင်း၊ နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းအောင် အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခြင်း၊ နိုင်ငံတကာ ဆက်ဆံရေးတိုးတက်လာခြင်းစသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ထို့အတူ စီးပွားရေးတွင်လည်း ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာအောင် ဆောင်ရွက်လာနိုင်ခြင်း၊ ပြည်တွင်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို မြှင့်တင်အားပေးခြင်း၊ စီးပွားရေးနှင့်ပတ်သက်၍ အဘက်ဘက်မှ ဖြေလျှော့မှုများ ဆောင်ရွက်လာနိုင်ခြင်းစသော စီးပွားရေးပြုပြင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

တစ်ဖန် လူမှုရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတွင်လည်း သိသိသာသာ တိုးတက်မှုများရရှိခဲ့ပါသည်။ အထူးသဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ သမဝါယမဝန်ကြီးဌာန၏ ချေးငွေစီမံကိန်းစသော အစီအမံများကြောင့် ကျေးလက်နေပြည်သူများ၏ဘဝကို များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

လက်ရှိအစိုးရလက်ထက်တွင် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုတစ်ခုမှာ လူတိုင်းမိုဘိုင်းဖုန်း သုံးစွဲလာနိုင်ခြင်းဖြစ်ပါသည်။ မိုဘိုင်းဖုန်းများ တွင်ကျယ်စွာ သုံးစွဲလာနိုင်မှုကြောင့် ကျေးလက်နှင့် မြို့ပြဆက်သွယ်ရေး တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ထို့ပြင် မကြာသေးမီက အခြေခံလုပ်သားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးနိုင်မှုကြောင့်လည်း အလုပ်ရှင်နှင့် အလုပ်သမားများအကြား မကြာခဏဖြစ်ပွားတတ်သော ပြဿနာများလျော့နည်းသွားခဲ့ပါသည်။ အနည်းဆုံးအခကြေးငွေသည် ဝင်ငွေနည်းလုပ်သားများအတွက် များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

ထို့အပြင် ပညာရေးနှင့်ကျန်းမာရေးစသောကဏ္ဍများလည်း တိုးတက်ပြောင်းလဲမှုများဖြစ်စေခဲ့ပါသည်။ မူလတန်းမှ အထက်တန်းအထိ အခမဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်သူများ၏ ကျန်းမာရေးအသုံးစရိတ်မှ စိုက်ထုတ်ကုန်ကျမှုများလျော့နည်းလာပါသည်။ ဆေးရုံကြီးအများစုတွင် အခမဲ့ဆေးကုသမှုများ ရရှိနေပြီ ဖြစ်ပါသည်။

သို့သော် ဤသို့တိုးတက်မှုများ၊ ပြောင်းလဲမှုများ ရရှိလာသော်လည်း လိုအပ်ချက်များ ရှိကောင်းရှိနေဦးမည် ဖြစ်ပါသည်။ ပြီးပြည့်စုံသော တိုးတက်ပြောင်းလဲမှုများရရှိအောင် ဆက်လက်ကြိုးပမ်းကြရဦးမည် ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုအရွေ့သည် တစ်ဦးချင်း၊ တစ်ယောက်ချင်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ တာဝန်ရှိသူအားလုံးက တာဝန်ရှိမှု၊ တာဝန်သိမှုတို့ဖြင့် မြန်မာ့ပြုပြင်ပြောင်းလဲမှုအရွေ့ကို ဆက်လက်တွန်းအားပေး ဝိုင်းဝန်းကြိုးပမ်းကြရဦးမည်ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရန် ကဏ္ဍများစွာတို့တွင် အောင်မြင်သည်ထက်အောင်မြင်အောင်၊ တိုးတက်သည်ထက် တိုးတက်အောင် ရိုးသားဖြောင့်မတ်မှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၊ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီနှင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၇ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## မြန်မာ့သတင်းပညာသိပ္ပံမှ အသင်းဝင်သစ်များ ဖိတ်ခေါ်

**မန္တလေး စက်တင်ဘာ ၂၆**

Myanmar Journalism Institute (MJI) မြန်မာသတင်းပညာသိပ္ပံမှ အသင်းဝင်သစ်များ ဖိတ်ခေါ်ရေးဆိုင်ရာ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က မန္တလေးမြို့ (၈၁) လမ်း Victory Point Hotel ၌ ကျင်းပရာ အထက်မြန်မာပြည်ရှိ သတင်းမီဒီယာအသီးသီးမှ အယ်ဒီတာချုပ်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာသတင်းပညာသိပ္ပံ၏ အမှုဆောင်ဒါရိုက်တာ ဆရာဦးသီဟစောက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာ့သတင်းပညာသိပ္ပံဖြစ်ပေါ်လာပုံနှင့် ရပ်တည်ချက်များကို ဘုတ်ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သည့် ဆရာဦးမြင့်ကျော်က ဆွေးနွေးပြောကြားခဲ့ပြီး အသင်းဝင်သစ်များ ဖိတ်ခေါ်ခြင်းနှင့် မြန်မာ့သတင်းပညာသိပ္ပံအသင်းဝင်ခြင်းအားဖြင့် ရရှိမည့် အကျိုးရလဒ်များနှင့် တာဝန်ဝတ္တရားများကို အမှုဆောင်ဒါရိုက်တာ ဆရာဦးသီဟစောက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လင်းလင်း(လားရှိုး)**

## ငှက်ဖျားရောဂါကင်းဝေးရေး အမျိုးသားအဆင့် အကြံပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါကင်းဝေးရေးအတွက် လိုအပ်သော အမျိုးသားအဆင့် အကြံပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်က နေပြည်တော် Hotel Max ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး တက်ရောက်သည်။

ဒေသအတွင်း ငှက်ဖျားရောဂါကင်းဝေးရေးအတွက် ငှက်ဖျားရောဂါကင်းဝေးရေး အမျိုးသားအဆင့်ကော်မတီဖွဲ့စည်း၍ ငှက်ဖျားရောဂါကင်းဝေးရေး နည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်၊ အမျိုးသားအဆင့် စီမံကိန်းရေးဆွဲရန်နှင့် ၂၀၁၁-၂၀၁၅ ခုနှစ် အမျိုးသားနည်းဗျူဟာ စီမံကိန်းဆောင်ရွက်ခဲ့မှုအပေါ် မူတည်၍ (၂၀၁၆-၂၀၂၀)ခုနှစ် အမျိုးသားနည်းဗျူဟာစီမံကိန်းကို Global Technical Strategy (GTS) နှင့် Greater Mekong Subregion (GMS) Malaria Elimination Strategy တို့နှင့်အညီ ရေးဆွဲရန် လိုအပ်သောကြောင့် ယင်းဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးများမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးများ၊ UN Agency၊ WHO၊ INGO၊ NGO များမှ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**




ထိုင်း-မြန်မာ ချစ်ကြည်ရေး ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် MAE SOT EXPO 2015 ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့ OTOP ရုံး၌ ကျင်းပရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးမှ ဒုတိယဝန်ကြီး မစ္စတာချိုင်ရာလင်းဝိလိုင်နှင့် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် တာဝန်ရှိသူများ တက်ရောက်စဉ်။ ထွန်းထွန်းဦး(မြဝတီ)

## စားသုံးရန်မသင့်သော စားသောက်ကုန်များ စစ်ဆေး

**စလင်း စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်းမြို့မဈေးနှင့် ဆင်ဖြူကျွန်းဈေး ကုန်စုံဆိုင်များ၌ ရောင်းချလျက်ရှိသော အများပြည်သူ စားသုံးရန် မသင့်လျော်သည့် စားသောက်ကုန်ပစ္စည်းများစစ်ဆေးခြင်းနှင့် အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးခြင်းတို့ကို မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဈေးအကျိုးဆောင်များနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၉-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၇၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

# တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်လုပ်ဆောင်နေ



**နေပြည်တော် စက်တင်ဘာ ၂၆**

တပ်မတော်အစိုးရ လက်ထက်တွင် တပ်မတော်အနေဖြင့် နိုင်ငံ့အရေးကိစ္စအားလုံးတွင် ပါဝင်ဆောင်ရွက်ခဲ့သော်လည်း ယနေ့နိုင်ငံရေးစနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအရ မိမိနှင့် သက်ဆိုင်သည့် အပိုင်းများတွင်သာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင် တပ်မတော်တွင်ရှိပြီးဖြစ်သည့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ ပြည်သူက ယုံကြည်အားကိုးသည့်တပ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တန်ဖိုးရှိသည့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုဖြစ်စေလိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၈ နာရီတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတည်ငြိမ်အေးချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ဒီမိုကရေစီအရေးကိစ္စရပ်များ မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လုပ်ဆောင်နေသည့်ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များသည်လည်း ဥပဒေနှင့်အညီ တည်တည်ငြိမ်ငြိမ်ရှိနေရန် လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင်လည်းကောင်း၊ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း စည်းကမ်းတကျရှိစေရန်အရေးကြီးကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် တိုင်းရင်းသားပြည်သူများနှင့်ထိတွေ့ဆက်ဆံမှု၊ ပြောဆိုလုပ်ကိုင်မှုများ အမှားအယွင်းမရှိစေရန်၊ တိုင်းရင်းသားများ၏ အကျိုးစီးပွားကိုလည်း အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့်ငြိမ်းချမ်းရေး မလွဲမသွေရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူကရွေးချယ်ပြီး တပ်မတော်က လမ်းခင်းပေးခဲ့သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရန် သစ္စာရှိရှိတာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ လိုအပ်သလို ချီးမြှင့်မှုများပြုလုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် ဂုဏ်သိက္ခာရှိရှိဖြင့် ရှင်သန်ရပ်တည်လုပ်ဆောင်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တောင်ကြီးမြို့ရှိ တပ်မတော် အခြေခံပညာကျောင်းအတွက် ကွန်ပျူတာများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်သည်။

ယင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ကြသည်။ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များက ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ကျောက်တစ်လုံးကြီးမြို့များ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ် မျက်စိခွဲစိတ်ကုသရန်လိုအပ်သဖြင့် တပ်မတော်ဆေးရုံတွင် တက်ရောက်ခွဲစိတ်ကုသမှုခံယူခဲ့သော ဒေသခံတိုင်းရင်းသားပြည်သူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားကာ မျက်မှန်များတပ်ဆင်ပေးကြသည်။

တောင်ကြီးတပ်နယ်ရှိ တပ်မတော်ဆေးရုံတွင် မျက်စိခွဲစိတ်ကုသရန်လိုအပ်သော ဒေသခံတိုင်းရင်းသားပြည်သူများကို ခွဲစိတ်ကုသပေးလျက်ရှိရာ ယနေ့အထိ လူနာ ၄၀ ကို ခွဲစိတ်ကုသပေးပြီး ဖြစ်ကြောင်းနှင့် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များမှ မျက်စိခွဲစိတ်ကုသရန် လိုအပ်၍ ဆေးရုံသို့လွှဲပြောင်းပေးလာသည့် ဒေသခံတိုင်းရင်းသားများကိုလည်း ဆက်လက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့မှ ဟိုပုံးမြို့ ထမ်ဆန်းကျေးရွာရှိ မေတ္တာခမ်းတန်ဓမ္မဗိမာန်သို့ရောက်ရှိပြီး ဟိုပုံးကိုရင်လေးရှင်ပေါရိသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဎင်းနောက် ဓမ္မဗိမာန်အတွင်းရှိ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးမိသားစုက လှူဒါန်းထားသော နီးဘုရားကြီးအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကာ နောင်ခါးကျောင်းဆရာတော် ဦးဝိလာသဂ္ဂထံမှ ရေစက်ချတရားနာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထမ်ဆန်း ရွှေတိဂုံစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ကျောက်တစ်လုံးကြီးမြို့သို့ရောက်ရှိကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကျောက်တစ်လုံးကြီးမြို့ရှိ ပထမနိမ္မိတသပိတ်မြတ်စေတီသို့ ရောက်ရှိ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဎင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နာယက ဦးအောင်ခမ်းထီနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးပြောကြားကြသည်။ **(အောက်ပုံ)**



စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---

✳ *ရှေ့ဖုံးမှ*

ယူဘီအေ (UBA)ဆိုသည့် နာမည်ဖြင့် ၁၉၄၈ ခုနှစ်က တည်ထောင်ခဲ့သောကြောင့် ယခုဆိုလျှင် ၆၇ နှစ်ရှိပြီဖြစ်သည့် လေကြောင်းလိုင်းဖြစ်သလို တစ်ခုတည်းသော နိုင်ငံတော်ပိုင်လေကြောင်းလိုင်းလည်း ဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်ပိုင်လေကြောင်းလိုင်း၏ ပထမခြေလှမ်းအဖြစ် စင်ကာပူကို စတင်ပြေးဆွဲလျက်ရှိပြီး ဟောင်ကောင်နှင့်တိုင်ပေမြို့များသို့လည်း လာမည့်ဒီဇင်ဘာလအစောပိုင်းတွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ ယခုအခါ ပြည်တွင်း၊ ပြည်ပလက်မှတ် အရောင်းကိုယ်စားလှယ် ၂၀၀ ကျော်က လက်မှတ်များကိုရောင်းချလျက်ရှိပြီး ပြည်ပခရီးသည်များ မိမိသက်ဆိုင်ရာနိုင်ငံမှ တိုက်ရိုက်ဝယ်ယူ ငွေပေးချေနိုင်သည်။ Credit Card/MPU Card အနေဖြင့် ဒေါ်လာ သို့မဟုတ် ကျပ်ငွေဖြင့် တိုက်ရိုက်ငွေပေးချေနိုင်ကြောင်း သိရသည်။ မြန်မာအမျိုးသားလေကြောင်းသည် ပြည်ပခရီးစဉ်များအတွက် အမေရိကန်နိုင်ငံ GECAS မှ Boeing လေယာဉ်အသစ်များအား ငှားရမ်းခွင့်ပြုခြင်း၊ ပြင်သစ်လေယာဉ်ကုမ္ပဏီ၏ Financial Assist ဖြင့် ATRလေယာဉ်သစ်ခြောက်စင်းဝယ်ယူခြင်း၊ အကြီးစားပြင်ဆင်မှုအလုပ်ရုံတည်ထောင်နေခြင်းသည် မြန်မာအမျိုးသားလေကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပြီး ခေတ်မီနည်းစနစ်များ အသုံးပြုလာခြင်းသည်လည်း လေကြောင်းစီးပွားရေးအတွက် အရှိန်အဟုန်များပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသည်ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ်မြင့်တက်လာရာ မြန်မာအမျိုးသားလေကြောင်းသည် ပုံသေပျံသန်းမှုခရီးစဉ်များဖြင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး နှစ်ပေါင်း ၁၅၀ ကျော်သက်တမ်းရှိ လေကြောင်းလိုင်းပိုင် ရုံးချုပ်အဆောက်အအုံအား ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းထားရှိသည်။

ယင်းရုံးချုပ်တွင် အသစ်ဖွင့်လှစ်ထားသော Travel Centre ၌ ခရီးသည်များ လက်မှတ်ဝယ်ယူနိုင်ခြင်း၊ ခရီးသွားခြင်းနှင့် ပတ်သက်သော Customer Service စသည့် ဝန်ဆောင်မှုများကို ကူညီပေးလျက်ရှိသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ပြည်တွင်းလေဆိပ် ၂၆ ခုကိုသာ ပြေးဆွဲကြောင်း၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၉၃ ခုနှစ်အထိ ဒေသတွင်း ပျံသန်းပြေးဆွဲခဲ့သည့် လေကြောင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ပြည်တွင်း ပြည်ပခရီးစဉ် ပျံသန်းလျက်ရှိကြောင်း သိရသည်။

---

❀ *ရှေ့ဖုံးမှ*

အပူဇော်ခံရာဌာန ၂၁ ဌာနထားရှိ အပူဇော်ခံခဲ့ပါသည်။

ထို့ကြောင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများမှ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံမည့် ဌာနအလိုက်ရ တနာစံကျောင်းတည်ဆောက်ကာ အမျိုးသားများက ဘုရားဆွဲလှေကြီးများဖြင့် တက်ညီလက်ညီလှော်ခတ် ပင့်ဆောင်ပူဇော်ပုံများ၊ ရုပ်ပွားတော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်း ဆက်ကပ်ပူဇော်ခြင်း၊ ရိုးရာအတီးအမှုတ်အကအခုန်များဖြင့် ဖျော်ဖြေခြင်း၊ အင်းလေးရိုးရာစည်တော်ကြီးအကနှင့် ရေယာဉ်ယိမ်းအကတို့ဖြင့် တီးမှုတ်ကပြခြင်းအပြင် ဘုရားပွဲတော်ကာလအတွင်း ကျေးရွာအသီးသီးမှ ဒေသခံတိုင်းရင်းသားများ၏ စုပေါင်းညီညာမှုသရုပ်ကို ပေါ်လွင်စေသည့် လှေကိုခြေဖြင့်လှော်ခတ်ပြီး ရိုးရာလှေပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်းစသည်ဖြင့် အင်းသားလူမျိုး၏ချစ်စဖွယ်ဓလေ့များကိုထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းသန်း(ပြန်/ဆက်)**

---

## လက်ပံတန်း စစ်မှုထမ်းဟောင်းအဖွဲ့ ရေဘေးအလှူငွေပေးအပ်

**လက်ပံတန်း စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က တာဝန်ရှိသူများသည် စက်တင်ဘာ ၂၀ ရက်က ကျွန်းကလေးကျေးရွာအုပ်စု သာလိကာကျေးရွာ အောင်မင်္ဂလာသိမ်းဦးကျောင်းသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သုံးသိန်းကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ရွှေက ကယ်ဆယ်ရေးစခန်းတာဝန်ခံ ဆရာတော်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၉၈)

---

ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ် နားထောင်ပါ

# ကုလသမဂ္ဂရည်မှန်းချက်သစ်များချမှတ်



**ဂျီနီဗာ စက်တင်ဘာ ၂၆**

အမေရိကန်နိုင်ငံ နယူးယောက်ရှိ ကုလသမဂ္ဂညီလာခံ၌ ကမ္ဘာ့ကိုယ်စားလှယ်များသည် ၂၀၃၀ ပြည့်နှစ်တွင် အကောင်အထည်ဖော်ပြီးသော ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို တညီတညွတ်တည်း သဘောတူညီခဲ့ကြသည်။

ပါကစ္စတန်အမျိုးသမီးများ၏ ပညာရေးထောက်ခံအားပေးမှုအဖြစ် လူသိများလာသော မာလာလာ ယူဆပ်ဖ်ဇိုင်က ညီလာခံ၌ အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူတိုင်းကျောင်းသို့သွားသင့်ကြောင်း တိုက်တွန်းခဲ့သည်။

ကမ္ဘာ့ကိုယ်စားလှယ်များက ရည်မှန်းချက် ၁၇ ခု ချမှတ်ခဲ့ပြီး ယင်းကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များဟု ခေါ်သည်။ အဆိုပါရည်မှန်းချက်များတွင် ကမ္ဘာ့နေရာတိုင်းရှိ ဆင်းရဲမွဲတေမှုများနှင့် ငတ်မွတ်ဆာလောင်မှုများကို လာမည့် ၁၅ နှစ်အတွင်း အဆုံးသတ်ရေးပါဝင်သည်။

အမျိုးသမီးများလုပ်ပိုင်ခွင့်အာဏာရရှိရန်နှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သော ထောင်စုဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။

လာမည့် ၁၅ နှစ်အတွင်း အလွန်အမင်းဆင်းရဲမွဲတေမှုကို ထက်ဝက်လျှော့ချရန်ရည်ရွယ်ချက်သည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တွင် ပါဝင်သည်။ သို့သော်လည်း လူသန်းပေါင်း ၈၀၀ ကျော်မှာ တစ်နေ့လျှင် တစ်ဒေါ်လာထက်နည်းသောဝင်ငွေပမာဏဖြင့် အသက်ရှင်လှုပ်ရှား ရုန်းကန်နေရဆဲ ဖြစ်သည်။

အဆိုပါအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

## နယ်စပ်ဂိတ်အားလုံး ခရိုအေးရှားပြန်ဖွင့်

**ဇာဂရက် စက်တင်ဘာ ၂၆**

ဆာဘီးယားမှ ခိုလှုံသူများအား ဖိအားပေးမှုလျှော့ချလိုက်ပြီးနောက် ခရိုအေးရှားက ဆာဘီးယားတို့အတွက် ဂိတ်အားလုံးကို ပြန်လည်ဖွင့်လှစ်ပေးလိုက်ကြောင်း ခရိုအေးရှားပြည်ထဲရေးဝန်ကြီး ရန်ရှိုအော်စတိုဂျစ်က စက်တင်ဘာ ၂၅ ရက်တွင် ပြောသည်။

ရွှေ့ပြောင်းဒုက္ခသည်လမ်းကြောင်းကို ပြောင်းလဲလိုက်ပြီးနောက် ဒုက္ခသည် ၃၀၀ ခန့်သည် အဆိုပါ နယ်စပ်များကိုဖြတ်ကျော်ကာ ဟန်ဂေရီသို့ ဝင်ရောက်သွားခဲ့သည်ဟုဆိုသည်။ ကြာသပတေးနေ့မှ စတင်ကာ ဆာဘီးယားမှတ်ပုံတင်ယာဉ်အားလုံးကို ပိတ်ထားပြီးနောက် တာဂျာကိုဗိုနှင့် တိုဗာနစ်နယ်စပ်တို့ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ သို့သော်လည်း ဆာဘီးယားက ဟန်ဂေရီသို့သွားရာလမ်းကြောင်းကို ဖွင့်လှစ်မပေးသေးဟု ဆာဘီးယားဝန်ကြီးချုပ် ဗူဆစ်က စက်တင်ဘာ ၂၅ ရက်က ပြောသည်။ **(ဆင်ဟွာ)**

## အမေရိကန်နှင့် တရုတ်သမ္မတနှစ်ဦး ဆိုင်ဘာလုံခြုံရေးသဘောတူညီ

**ဝါရှင်တန် စက်တင်ဘာ ၂၆**

စီးပွားရေးဆိုင်ရာ ဆိုင်ဘာသူလျှိုလုပ်မှုထိန်းချုပ်သွားရန် သမ္မတရှီကျင့်ဖျင်နှင့် ဘုံသဘောတူညီမှုရရှိသွားပြီဖြစ်ကြောင်း၊ သို့သော် ဆိုင်ဘာမှုခင်း ကျူးလွန်သူ တရုတ်ဟက်ကာများအား အရေးယူသွားမည့်ကိစ္စတွင် အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း သမ္မတအိုဘားမားက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံ ခေါင်းဆောင်များသည် ပြီးခဲ့သောနှစ် သဘောတူညီချက်အပေါ် တည်ဆောက်သွားရန် ထုတ်ဖော်ပြောဆိုကြပြီး ခြေလှမ်းသစ်များအဖြစ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ကတိကဝတ်ပြုကြလိမ့်မည်ဟု ဆိုသည်။

ကမ္ဘာ့စီးပွားရေး အင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်က တရုတ်အား ဆိုင်ဘာသူလျှိုလုပ်မှုအပေါ် တိုင်တန်းပြောဆိုမှု ကြီးထွားလာသော်လည်း အမေရိကန်သို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်သော သမ္မတရှီကျင့်ဖျင်အား အိမ်ရှင်ပီသစွာ နွေးထွေးစွာကြိုဆိုခဲ့ကြောင်း သမ္မတအိုဘားမားက ပြောသည်။

"ဒီဆိုင်ဘာကိစ္စက ရပ်တန့်သွားပြီဖြစ်ပါတယ်" ဟု အိမ်ဖြူတော်နှင်းဆီဥယျာဉ်၌ ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား သမ္မတအိုဘားမားက ပြောသည်။



ဆိုင်ဘာလုံခြုံရေးနှင့် ပတ်သက်၍ သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ကြောင်း အိုဘားမားက ပြောသည်။ မည်သည့်အစိုးရကမျှ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ဆိုင်ဘာခိုးယူမှုကို တမင်တကာ အားပေးမှာမဟုတ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောသည်။ **(ရိုက်တာ)**

## ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ ပြစ်မှုများနှင့် ရင်ဆိုင်နေရ

**ဇူးရစ် စက်တင်ဘာ ၂၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကြီး၏ ရန်ပုံငွေများကို အလွဲသုံးစားလုပ်သည်ဆိုသည့် စွပ်စွဲချက်များဖြင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာအပေါ် ပြစ်မှုဆိုင်ရာအရေးယူစုံစမ်းမှုများ ပြုလုပ်နေကြောင်း ဆွဇ်အစိုးရရှေ့နေများက ဆိုသည်။

၂၀၁၁ ခုနှစ်က ဘလတ်တာသည် ဥရောပဘောလုံးအဖွဲ့ချုပ်ခေါင်းဆောင် မိုက်ကယ်ပလာတီနီကို ဆွဇ်ဖရန့် နှစ်သန်း တရားမဝင်လွှဲအပ်ပေးခဲ့သည်ဟူသော စွဲချက်တင်ခဲ့ကြောင်း အစိုးရရှေ့နေများကပြောသည်။

ထို့ပြင် ဖီဖာကိုထိခိုက်နစ်နာစေမည့် စာချုပ်တစ်ရပ်ကို ကရစ်ဘီယန်ဘောလုံး သမဂ္ဂနှင့် ၂၀၀၅ တွင် ချုပ်ဆိုခဲ့သည့်အတွက်လည်း သံသယရှိခဲ့ကြောင်း အစိုးရရှေ့နေများက ဆက်လက်ပြောကြားသည်။

ရှေ့နေများက ဘလတ်တာနှင့် ပလာတီနီတို့နှစ်ဦးအပြင် ဆက်စပ်သံသယရှိသူများကို မေးခွန်းများစစ်မေးလျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## ရုရှားလေကြောင်းလိုင်းများ ယူကရိန်းပိတ်မည်

**ကီယက် စက်တင်ဘာ ၂၆**

ယူကရိန်းသို့ပျံသန်းမည့် ရုရှားလေကြောင်းလိုင်းများကို အောက်တိုဘာ ၂၅ ရက်မှ စတင်ကာ ပိတ်ပင်သွားမည်ဖြစ်ကြောင်း ကီယက်အစိုးရက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ(အင်န်အက်စ်ဒီစီ)၏ ဆုံးဖြတ်ချက်အရ အေရိုဖလုပ်နှင့် ထရန်ဆာရိုတို့ အပါအဝင် ရုရှားလေကြောင်းလိုင်းများကို ယူကရိန်းသို့ ပျံသန်းခြင်းကို ပိတ်ပင်ရန် ဆုံးဖြတ်လိုက်ကြောင်း ဝန်ကြီးချုပ် အာဆင်နီရပ်ဆင်နွတ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ထို့အပြင် စစ်လက်နက်ပစ္စည်းများတင်ဆောင်လာသော ယူကရိန်းသို့ ပျံသန်းမည့် တစ်ထောက်နား ရုရှားလေယာဉ်များကိုလည်း တားမြစ်သွားမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**



## ဒုက္ခသည်များကို ကူညီရန် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရ မာလာလာက တိုက်တွန်းပြောကြား

**ဂျီနီဗာ စက်တင်ဘာ ၂၆**

ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရ မာလာလာယူဆပ်ဖ်ဇိုင်က ကမ္ဘာ့ခေါင်းဆောင်များအား ဒုက္ခသည်များကိုလက်ခံပေးရန် တိုက်တွန်းပြောကြားခဲ့သည်။

နယူးယောက်ရှိ ကုလသမဂ္ဂအစည်းအဝေးတွင် ၎င်းက ကမ္ဘာ့ခေါင်းဆောင်များကို တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

ယခုလအစောပိုင်း တူရကီတွင် ဆီးရီးယားကလေးတစ်ယောက် ရေနစ်မျောပါလာသည့် ဓာတ်ပုံကို ၎င်းကကိုးကား၍ ထိုသို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ထိုပုံရိပ်က ထိတ်လန့်ကြောက်ရွံ့စရာများနှင့်အတူ အသက်ရှုမှားလောက်စရာအထိ လူဖြစ်ရှုံးမှုများကို ဖော်ပြရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အကူအညီလိုအပ်သူများကို စေတနာအရင်းခံလက်တစ်စုံ အမြဲဆန့်တန်းထားဖို့လိုကြောင်း ၎င်းကပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော်  စက်တင်ဘာ  ၂၆**

အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက နယူးယောက်မြို့အခြေစိုက် နိုင်ငံခြားဆက်ဆံရေးကောင်စီနှင့် ယင်းအဖွဲ့အစည်း၏ဌာနချုပ်၌ တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။

ယင်းတွေ့ဆုံမှုတွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဆက်ဆံရေး၊ အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲဆိုင်ရာကိစ္စ၊ မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအပါအဝင် ဥပဒေများပြဋ္ဌာန်းမှုကိစ္စ၊ မြန်မာနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအလားအလာ စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား သွားရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ်တွင် ရွေးကောက်ပွဲအတွင်း မဲပေးခွင့်ကိစ္စ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကိစ္စ၊ ရွှေ့ပြောင်းသွားလာသူများကိစ္စ၊ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ် အတည်ပြုရေးအတွက် ကုလသမဂ္ဂထိပ်သီးအစည်းအဝေးကို ထောက်ခံမှုပေးရေး စသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်သတင်းစာဆရာအသင်းဖွဲ့မည်

**ရန်ကုန်  စက်တင်ဘာ  ၂၆**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ သတင်းစာဆရာအသင်းဖွဲ့တော့မည်ဖြစ်၍ ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် စာနယ်ဇင်းများ၌ ရေးသားနေကြသော၊ ရေးသားခဲ့ကြသော မြို့နယ်အတွင်းမှ မီဒီယာသမားတိုင်း ပါဝင်နိုင်ရန်အတွက် ဖော်ပြပါအမည်နှင့်ဖုန်းနံပါတ်များထံသို့ ဆက်သွယ်သတင်းပို့ စာရင်းပေးနိုင်ကြောင်း သိရသည်။ ဦးစိုးမြင့်(ခရမ်းစိုးမြင့်) ဖုန်း ၀၉- ၅၀၆၆၄၉၀၊ ဦးစိန်ရွှေ (စိန်ရွှေလှိုင်) ၀၉- ၄၂၀၄၇၃၈၇ ၊ ဦးထွန်းနိုင် (အောင်ထွန်းနိုင်- ပြည်မြန်မာ) ၀၉- ၄၄၄၀၄၀၅၀၂၊ ဦးအောင်မြင့် (သစ်လုပ်ငန်း) ၀၉-၁၀၀၆၂၄၇၈၊ ဦးအောင်ဘော် (အောင်ကျော်မြင့်မိုရ်-စိန်ဂျွန်း) ၀၉-၂၅၂၈၄၆၂၃ တို့ဖြစ်သည်။

အသင်းဖွဲ့စည်းရေးကို ယခုလာမည့် ၂၀၁၅ အောက်တိုဘာလအတွင်း ဆောင်ရွက်မည်ဖြစ်၍ ဆက်သွယ်သတင်းပေးပို့မှုကို ၅-၁၀-၂၀၁၅ ရက်နောက်ဆုံးထား၍ဆောင်ရွက်ကြပါရန် အသင်းဖွဲ့စည်းရေးကော်မတီကလည်း မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

**ထစ်ချုန်းမိုး** ၂၇-၉-၂၀၁၅

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။
**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးတွဲညှိနှိုင်းစည်းဝေး

**ရန်ကုန်  စက်တင်ဘာ  ၂၆**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးတွဲညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညို က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံကင်းထောက်ကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များကို ဓာတ်ပုံဗီဒီယိုများဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံကင်းထောက်ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများကို ကင်းထောက်ကြီး ဦးသာစိန်နှင့် ဦးကြည်မောင်အေးတို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်ညွှန်ကြားရေးမှူး Mr. J. Rizal C. Pangilinan နှင့် အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးညှိနှိုင်းကြပြီး ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်သို့ သွားရောက်ရာ ကျောင်းအုပ်ကြီး ဦးအောင်ကိုကိုနှင့် ဆရာဆရာမများ၊ ကင်းထောက်မောင်မယ်များက တေးသီချင်းများသီဆိုကာ အထက(၁) ဒဂုံကင်းထောက်အဖွဲ့ လှုပ်ရှားမှုမှတ်တမ်းများ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ကမ္ဘာ့ကင်းထောက်အဖွဲ့ Jamborre သို့ သွားရောက်လေ့လာခဲ့သော ကင်းထောက်အဖွဲ့ဝင်ကျောင်းသားနှစ်ဦးက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်ညွှန်ကြားရေးမှူး Mr. J. Rizal C. Pangilinan နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ကင်းထောက်လူငယ်များ၏ ရှေးဦးသူနာပြုလုပ်ငန်းများ **(ယာပုံ)**၊ ကြိုးချည်နည်းများ၊ ကင်းထောက်လူငယ်များ တီထွင်ပြုလုပ်ထားသည့် ပစ္စည်းများ၊ ကင်းထောက်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။



အဆိုပါ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့၏ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ဆက်လက် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်မြို့နယ်တွင် ကင်းထောက်အဖွဲ့ဝင်ကျောင်းသားများ၏ လှုပ်ရှားဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။ **ကိုလတ်(သတင်းစဉ်)**




# ကံမမြို့နယ်၌ ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်

**ကံမ  စက်တင်ဘာ  ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မြို့နယ်အတွင်းနေထိုင်ကြသောပြည်သူများ ၂၄ နာရီ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၁၄ ဒသမ ၃ မိုင်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ငါးမိုင်ရှိသော ၄၀၀ ဗို့ဓာတ်အားလိုင်းနှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီထရန်စဖော်မာ ငါးလုံးတို့ပါဝင်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြု ရန်ပုံငွေကျပ်သန်းပေါင်း ၄၃၂ သန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ကံမမြို့၌ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းက ဓာတ်အားပေးစက်ဖြင့် တစ်နေ့လျှင် နှစ်နာရီသာ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ၁၄ ဒသမ ၃ မိုင်ရှည်သော ၁၁ ကေဗွီဓာတ်အားလိုင်းတစ်လျှောက်မှ ကျေးရွာပေါင်း ၄၁ ရွာနှင့် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအနေဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးကျော်လင်းထံမှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# ၂၀၁၅ ကမ္ဘာ့ဓာတ်မှန်ပညာနေ့




**ခင်မောင်တင်(ဓာတ်ရောင်ခြည်)**

ယခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကမ္ဘာ့ဓာတ်မှန်ပညာနေ့အဖြစ် ကမ္ဘာတစ်ဝန်းလုံးမှ ဓာတ်မှန်ရောင်ခြည်ဖြင့် တစ်နည်းမဟုတ်တစ်နည်း ဆက်နွှယ်နေသော သူများ၊ ဌာနများသည် အထိမ်းအမှတ်နေ့တစ်နေ့အဖြစ် ကျင်းပကြမည်ဖြစ်သည်။ သို့သော် အချို့သောအသင်းအဖွဲ့၊ ဓာတ်မှန်ဌာနများ၊ ဓာတ်ရောင်ခြည်နည်းပညာရှင်များသည် အကြောင်းအမျိုးမျိုးကြောင့် နိုဝင်ဘာ ၈ ရက်မတိုင်မီ ကျင်းပကြသလို နိုဝင်ဘာ ၈ ရက် နောက်ပိုင်းတွင် ကျင်းပကြမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူနည်းပညာရှင်များအဖွဲ့ချုပ် (International Society of Radiographers & Radiological Technologists-ISRRT) သည် ၂၀၁၅ ကမ္ဘာ့ဓာတ်မှန်ပညာနေ့အတွက် ပြဋ္ဌာန်းထားသော ဆောင်ပုဒ်မှာ "Radiographers have a pivotal role in Justification of Medical Exposure"ဟူ၍ဖြစ်သည်။

ဆေးဘက်ဆိုင်ရာဓာတ်ရောင်ခြည်ထိမှုတွင် ဓာတ်မှန်ဆိုင်ရာ နည်းပညာရှင်များသည် ခိုင်လုံတရားမျှတမှုအတွက် အချက်အခြာအဓိကကျသော အခန်းကဏ္ဍမှပါဝင်သည်။

ထို့ကြောင့် ဓာတ်မှန်ဘက်ဆိုင်ရာ နည်းပညာရှင်များသည် မိမိ၏လူနာအား အတတ်နိုင်ဆုံး လိုအပ်သည်ထက် ဓာတ်ရောင်ခြည်မထိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဓာတ်ရောင်ခြည်ကာကွယ်ရေးကော်မရှင်(ICRP)၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးတွဲပြဋ္ဌာန်းခဲ့သော"ALARA "As Low As Reasonably Achievable ဆိုသော ကာကွယ်ရေးအခြေခံသဘောတရားကိုလည်း လိုက်နာရန် လိုအပ်ပေသည်။

ဓာတ်ရောင်ခြည်အန္တရာယ်ကင်းရှင်းရေးဒဿနတွင် သက်ရှိတစ်သျှူးများအပေါ် ဓာတ်ရောင်ခြည်ထိမှု၏ ဇီဝဗေဒဆိုင်ရာ အကျိုးသက်ရောက်မှုကို အခြေခံထားသည့် ယူဆချက်ဖြစ်ပြီး Linear hypothesis သာဖြစ်သည်။ ဆိုလိုရင်းအဓိပ္ပာယ်မှာ ဓာတ်ရောင်ခြည်ထိမှုပြင်းအားအလိုက် ထိခိုက်နစ်နာအန္တရာယ်ဖြစ်စေနိုင်သည်။ ၄င်းအန္တရာယ်ဖြစ်မှုတွင် မျိုးဗီဇပြောင်းလဲခြင်း (Genetic Mutation) နှင့် ကင်ဆာဖြစ်မှုပါဝင်၏။ ထို့ကြောင့် ဓာတ်ရောင်ခြည်ထိမှုအန္တရာယ်လျော့နည်းစေရန် ALARA ကို အမြဲစိတ်တွင် စွဲမှတ်ဖို့လိုသည်။

ထို့အတူပင် ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးအနေဖြင့် လုပ်ငန်းခွင်ဝင်တော့မည်ဆိုလျှင် လူနာများအား ဓာတ်ရောင်ခြည်မလိုအပ်ဘဲ မထိစေရန်အပြင် မိမိကိုယ်တိုင်ပင် လုပ်ငန်းခွင်ဓာတ်ရောင်ခြည်ထိတွေ့မှုနည်းအောင် အခြေခံဓာတ်ရောင်ခြည်ကာကွယ်ရေးစည်းမျဉ်းကို အမြဲတမ်းမှတ်သားထားသင့်သည်။

(၁) Justification of Practice
(၂) Optimization of Protection
(၃) Individual dose Limits တို့ပင်ဖြစ်သည်။

ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ICRP သတ်မှတ်ထားသော ဓာတ်ရောင်ခြည်လုပ်သား(Radiation Workers) များအတွက် လုပ်ငန်းခွင့်အန္တရာယ်ထိမှု (Effective Dose) တစ်နှစ်လျှင် 20mSv ထိနိုင်သည်ဟု ဆိုငြားသော်လည်း ၎င်းအဆင့်အထိ မရောက်စေရန် အခြေခံဓာတ်ရောင်ခြည်ကာကွယ်ရေးဥပဒေဖြစ်သော

(၁) ဓာတ်ရောင်ခြည်လွှတ်ကြာချိန် (Time)
(၂) ဓာတ်ရောင်ခြည်လွှတ်ပင်ရင်းနှင့် မိမိအကွာအဝေး (Distance)
(၃) ဓာတ်ရောင်ခြည်အကာအရံများ (Shielding)သတိပြုရမည်ဖြစ်ပေသည်။

ထို့အပြင် လူနာများ ဓာတ်ရောင်ခြည်ထိမှုနှင့်ပတ်သက်၍ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဓာတ်မှတ်ဘက်ဆိုင်ရာဆရာဝန်များအလားတူ ဆေးကုသပေးသော ဆရာဝန်များလည်း တာဝန်အသီးသီးရှိကြသည်။ ဗြိတိသျှတော်ဝင် ဓာတ်ရောင်ခြည်ဌာန၏အာဘော်မှာ ဆေးကုသသည့် ဆရာဝန်သည် ဓာတ်မှန်ရိုက်စမ်းသပ်မှုတစ်ခုပြုလုပ်ရန် တောင်းဆိုခဲ့လျှင် သူသည် လူနာကို ဓာတ်ရောင်ခြည်ထိမှု အကျိုးသက်ရောက်မှုနှင့် ပတ်သက်ပြီး တာဝန်ယူရမည်ဟု ဆိုထားပါသည်။

ဆေးကုသည့် ဆရာဝန်များသည် မိမိ၏လူနာအား ဓာတ်မှန်ရိုက်ရန် စေလွှတ်သည့်အခါ ဓာတ်မှန်းစမ်းသပ်မှုတောင်းခံလွှာတွင် လူနာမှတ်တမ်းအကျဉ်းကိုလည်း ရေးပေးရန်လိုအပ်ပါသည်။ သို့မှသာ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် လူနာခံစားနေရသော ရောဂါအတွက် ကောင်းစွာအဖြေရှာပေးနိုင်မည်ဖြစ်ပါသည်။ ထို့အတူပင် တစ်ခါတစ်ရံ ဆေးကုသသည့် ဆရာဝန်သည် ဓာတ်မှန်ဌာနသို့ မိမိစမ်းသပ်စစ်ဆေးခိုင်းသော စမ်းသပ်မှု (Investigation) အတွက် ဆောင်ရန်၊ ရှောင်ရန်အပြင် ဆေးပေးမှုလည်း ပြုလုပ်ဖို့လိုပါသည်။

ဥပမာ။ ။ နှလုံးသွေးကြောများကို ကွန်ပျူတာဓာတ်မှန်ရိုက်စမ်းသပ်မှု CT Coronary Angiogram မျိုး၌ မိမိလူနာ၏ နှလုံးခုန်နှုန်းအခြေအနေပေါ်မူတည်ပြီး ကွန်ပျူတာဓာတ်မှန်ရိုက်စဉ် လူနာ၏ နှလုံးခုန်နှုန်းမှာ <65/min (တစ်မိနစ်လျှင် ၆၅ ချက်အောက် နှလုံးခုန်မှသာ) Angio ရိုက်၍ အောင်မြင်နိုင်ပါသည်။ ထို့အတူပင် CT ရိုက်ကူးစဉ် လူနာကိုယ်တိုင်က အသက်အောင့်ပေးထားဖို့လိုပါသည်။ အသက်မအောင့်နိုင်ပါက CT ရိုက်ပြီး Software နှင့် ပုံဖော်သည့်အခါ နှလုံးသွေးကြောများမှာ ပြတ်တောင်းပြတ်တောင်း မြင်တွေ့နိုင်ပါသည်။ အသက်အောင့်ပြီး ရိုက်သောပုံတွင် နှလုံးသွေးကြောများမှာ တစ်ဖြောင့်တည်းမြင်ရပါမည်။ ၎င်းအခြေအနေမှာ 64 Slice CT အတွက်ဖြစ်ပြီး Dual Source CT များ Heart Beat Control လုပ်ရန်မလိုပါ။

သို့ပါ၍ လူနာများအကျိုးရည်မျှော်ပြီး ဆောင်ရွက်သည့်နေရာတွင် ဆေးကုသည့်ဆရာဝန်ကြီးနှင့် ဓာတ်မှန်ဌာနတို့ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။



## ပျောက်ဆုံးနေသော အထက်တန်းကျောင်းသူလေးနှစ်ဦးအား ပြန်တွေ့

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထက်တန်းကျောင်းနှစ်ကျောင်းမှ ပျောက်ဆုံးသွားသော ကျောင်းသူလေးနှစ်ဦးကို ရဲတပ်ဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ ပြန်တွေ့ခဲ့ပြီး မိဘများထံသို့ စက်တင်ဘာ ၂၅ ရက်တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဗ္ဗသီရိမြို့နယ် အထက(၂၁) ကျောင်းတွင် ကျောင်းတက်နေသော ရွာတော်(မြောက်)ရွာမှ အသက် ၁၅ နှစ်အရွယ် နဝမတန်းကျောင်းသူတစ်ဦးနှင့် အထက(၃)ကျောင်းတွင် ကျောင်းတက်နေသော ရွာတော်ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် တက္ကသိုလ်ဝင်တန်းကျောင်းသူတစ်ဦးတို့သည် စက်တင်ဘာ ၁၈ ရက်က ကျောင်းသွားတက်ရာမှ နေအိမ်သို့ ပြန်မလာဘဲ ပျောက်ဆုံးခဲ့သဖြင့် မိဘများက ကျည်တောင်ကန်နယ်မြေ ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သည်။

ကျည်တောင်ကန်နယ်မြေရဲစခန်းက အမှုဖွင့်ပြီး စခန်းမှူး ရဲအုပ်ကျော်မင်းထူးနှင့် နယ်ထိန်းဒုရဲအုပ်စိုးမင်းတို့က ကျောင်းသူလေးများ၏ မိဘဆွေမျိုးများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ သွားလာတတ်သောနေရာများတွင် လိုက်လံရှာဖွေခြင်း၊ သူငယ်ချင်းမိတ်ဆွေများထံ အကူအညီတောင်းခံစုံစမ်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ပျောက်ဆုံးနေသော နဝမတန်းကျောင်းသူလေး၏ သူငယ်ချင်းတစ်ဦးထံမှ ၄င်းတို့နှစ်ဦးသည် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ တိုက်ခန်းတစ်ခုတွင် ငှားရမ်းနေထိုင်ပြီး အလုပ်ရှာဖွေရန် စီစဉ်နေကြောင်း ဖုန်းသတင်းအရ ဒုရဲအုပ်စိုးမင်းနှင့် ကျောင်းသူလေးများ၏ မိဘဆွေမျိုးများက စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့သို့သွားရောက်ပြီး ကမာရွတ်မြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏အကူအညီဖြင့် သွားရောက်ရှာဖွေခဲ့ရာမှ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသော ကျောင်းသူလေးများအား မိဘများထံ ပြန်လည်အပ်နှံပွဲကို ကျည်တောင်ကန် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၄၉)မူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့ပြီး မိဘများထံ ပြန်လည်အပ်နှံခဲ့သည်။ အရွယ်မရောက်သေးသော ကျောင်းသူလေးများအနေဖြင့် မိဘများမသိဘဲ မိမိသဘောအလျောက်အိမ်မှထွက်သွားခြင်းဖြင့် လမ်းမှားရောက်ရှိကာ ပျက်စီးမှုများဖြစ်နိုင်သည့်အတွက် အခြားကျောင်းသူလေးများပါ သဘောပေါက်နားလည်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကိုလည်း တစ်ဆက်တည်းကျင်းပခဲ့ပြီး ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးက လူကုန်ကူးခံရခြင်းနှင့် ဆက်နွှယ်မှုများ၊ အခြားတိုင်းပြည်များသို့ ရောင်းစားခံရခြင်းနှင့် ကျွန်ပြုခံရခြင်းများအကြောင်းတို့ကို ဟောပြောခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၊ လူအခွင့်အရေးတာဝန်ဝတ္တရားများ အကောင်အထည်ဖော်မှုနှင့် လူအခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရခြင်းဆိုင်ရာကော်မရှင်၏ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာ၌ စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အစည်းအဝေး သဘာပတိအဖြစ် လူအခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရခြင်းဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ် အငြိမ်းစားသံအမတ်ကြီး ဦးကျော်တင့်ဆွေနှင့် ထိုင်းနိုင်ငံကိုယ်စားလှယ် Dr. SereeNonthasoot တို့က အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ အာဆီယံအစိုးရခြင်းဆိုင်ရာ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ အရပ်ဘက်လူ အဖွဲ့အစည်းများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် လူအခွင့်အရေးဆိုင်ရာဆက်စပ်မှုများနှင့်ပတ်သက်၍ အာဆီယံဒေသအတွင်း သိရှိနားလည်မှုတိုးမြှင့်ရန်ရည်ရွယ်၍ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများအကြား ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့အခွင့်အရေးကိစ္စများနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်တွင်လည်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၆**

စာပေဖန်တီးသူ၏ မျိုးဆက်အနေဖြင့် မိမိကိုယ်ကိုယ် ဂုဏ်ယူစိတ်အပြည့်ရှိစေချင်ကြောင်း၊ ထို့အပြင် မိမိနှစ်သက်သည့် အသက်မွေးဝမ်းကျောင်းကို ဝါသနာအပြည့်ဖြင့် ရွေးချယ်နိုင်ကာ သတ္တိအပြည့်ဖြင့် ဖြစ်မြောက်အောင်မြင်တိုးတက်ရန်ကြိုးပမ်းအားထုတ်သင့်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ်မြောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့်အသင်းဝင် စာရေးဆရာများ၏ သားသမီးများအား ဆုချီးမြှင့်ပွဲအခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ပြောကြားသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)ကလည်း "အသင်းအနေနဲ့ နှစ်စဉ် သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ ပြုလုပ်ပါတယ်၊ လက်ဆင့်ကမ်း မျိုးဆက်သစ်စာပေအမွေအတွက်လည်း စာရေးနည်းသင်တန်းဖွင့်လှစ်တယ်၊ အခုဆုရကလေးတွေကို မှာကြားလိုတာကတော့ နိုင်ငံတကာနည်းပညာရပ်တွေကို လက်လှမ်းမီအောင်ကြိုးစားရင်း ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုဓလေ့ကိုလည်း မပစ်ပယ်ဘဲ နိုင်ငံနဲ့လူမျိုးကောင်းကျိုးပြုစေချင်ပါတယ်" ဟု ပြောကြားသည်။

ဆုချီးမြှင့်ရန်အတွက် တစ်နိုင်ငံလုံးရှိ အသင်းဝင် စာရေးဆရာ/ စာရေးဆရာမများ၏ သားသမီးဆုရရှိသူများစာရင်းကို ကောက်ယူခဲ့ကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်လေးဦးတို့ကို ဆုချီးမြှင့်ပေးခဲ့သည်။

ယခုနှစ်ဆုရရှိသူ ကျောင်းသား ကျောင်းသူအရေအတွက် စုစုပေါင်း ၂၃ ဦးရှိကြောင်း သိရသည်။ နယ်မှ ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်သူများကိုလည်း ဆုချီးမြှင့်ငွေများပေးပို့ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ရန်ပုံငွေအတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ဦးညဏ်ထွန်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်အသီးသီးမှ စာရေးဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။**သတင်း-မြတ်စန္ဒီသင်းဇော်**

**ဓာတ်ပုံ- ဇော်မင်းလတ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ထူးချွန်ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

# လွှဲပြောင်းကုသပေးသင့်သည့်လူနာများကိုသာ ဆေးရုံတစ်ခုမှတစ်ခုသို့ စနစ်တကျ လွှဲပြောင်းသည့်စနစ် ထူထောင်နိုင်ရန်ဆွေးနွေး




**ရန်ကုန် စက်တင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကုသရေးလုပ်ငန်းများကို သင်ကြားရေးဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးများ၊ ခရိုင်ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံများမှလည်းကောင်း၊ ကျေးလက်ဒေသများ၌ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများမှလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိရာအခြေခံကျန်းမာရေးစောင့်ရှောက်ပေးမှုထက် ပိုမိုလိုအပ်သော လူနာများကို အထက်အဆင့်ရှိ ဆေးရုံများသို့ လွှဲပြောင်းကုသပေးရမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ Taw Win Garden Hotel ၌ ကျင်းပသော Workshop on Development of Emergency Management and Inter- Hospital Referral System (In Lower Myanmar) ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။

ယခုအခါ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် ရန်ပုံငွေများ ပိုမိုချထားပေးလျက်ရှိသည့်အတွက် ဆေးရုံဆေးခန်းများ၌ ပြည်သူလူထုကို ဆေးဝါးများအခမဲ့စိုက်ထုတ်ကုသပေးနိုင်ခြင်းကြောင့် လူနာများ၏ စိုက်ထုတ်ကုန်ကျမှု ကျဆင်းလာသည်နှင့်အတူ ဆေးရုံ၊ ဆေးခန်းများတွင်လည်း လူနာများတစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို တွေ့ရပါကြောင်း။

အရေးပေါ်လူနာများအား ဆေးရုံတိုင်း၌ စောင့်ရှောက်မှုပေးနိုင်ရေးနှင့် လွှဲပြောင်းကုသပေးသင့်သည့် လူနာ များကိုသာ ဆေးရုံတစ်ခုမှ တစ်ခုသို့ စနစ်တကျလွှဲပြောင်းသည့် (Proper Inter -hospital Referral System) စနစ်ထူထောင်နိုင်ရန်အတွက် မိမိတို့ဆေးရုံများအလိုက် ဆွေးနွေးဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် ဗဟိုအဆင့်ဆေးရုံများကွပ်ကဲရေးမှူး(အောက်မြန်မာပြည်)ဒေါက်တာလှမြင့်က ရန်ကုန်မြို့ပတ်ဝန်းကျင်ရှိဆေးရုံများ အဆင့်မြှင့်တင်ရေးနှင့် ဆေးရုံသစ်ကြီးများ ဆောက်လုပ်ရန် လိုအပ်သည့်အခြေအနေများကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးက Referral System is Urgently needed in Lower Myanmar အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံအသစ်များ ထပ်မံဆောက်လုပ်မည့်အစီအစဉ်၊ ဆေးရုံများ အဆင့်မြှင့်တင်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် ပြောင်းလဲတိုးတက် ဖြစ်ပေါ်လျက်ရှိနေသော အနေအထားများနှင့် သင့်လျော်မည့် ဆေးရုံကြီးများ၏ Patient Over Load ကို လျှော့ချနိုင်ပြီး Academic ကို ပိုမိုဆောင်ရွက်ပေးနိုင်ရေး Peripheral Hospital များ၏ Capacity ပိုမိုမြှင့်တင်နိုင်ရေးကို Proper Inter-hospital Referral System ကို ရေတို/ရေရှည် စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့နယ် မင်းကျောင်းလမ်းရှိ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၌ ဖွံ့ဖြိုးမှုမိတ်ဆက်အဖွဲ့အစည်းတစ်ခုဖြစ်သော SC-MSအဖွဲ့မှ Health Office Director Mr.WILUAM SLATERနှင့်အဖွဲ့အားတွေ့ဆုံကာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)ရှိ အစားအသောက် အဏုဇီဝဓာတ်ခွဲခန်းပြုပြင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နောက်ဆုံးရနိုင်ငံတကာသတင်း**

## ဗန်ကောက်ပုံးပေါက်ကွဲမှု အဓိကတရားခံ ပြန်လည်သရုပ်ဆောင်ခိုင်းရန် ပုံးပေါက်ကွဲနေရာခေါ်ဆောင်

**(ထင်လင်း)**

**ဗန်ကောက် စက်တင်ဘာ ၂၆**



လွန်ခဲ့သောလ ဗန်ကောက်ဗုံးခွဲမှုတွင် အဓိကသံသယရှိသူ တရားခံများကို ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဧရာဝဏ်ဘုရားကျောင်းသို့ ပြန်လည်သရုပ်ဆောင်ခိုင်းရန် စက်တင်ဘာ ၂၆ ရက်က အစောင့်အကြပ်များဖြင့် ပြန်လည်ခေါ်ဆောင်လာခဲ့သည်။

အာဒင်ကာရာဒက်ဂ်ျ၊ အလစ် မိုဟာမက်ဒ် ဘီလာတက်ခ်နှင့် ယူစူဖု မိုင်ရာလီတို့ကို တင်းကျပ်သော အစောင့်အကြပ်များဖြင့် အခင်းဖြစ်ပွားရာနေရာသို့ ပြန်လည်သရုပ်ဆောင်ခိုင်းရန် ခေါ်ဆောင်လာရာတွင် ကာရာဒက်ဂ်ျက လူအယောက် ၂၀ သေဆုံးခဲ့သော ဘုရားကျောင်းအနီး ဗုံးထောင်ခဲ့သူမှာ ၎င်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဩဂုတ် ၁၇ ရက် အဆိုပါဗုံးပေါက်ကွဲမှုတွင် နိုင်ငံခြားသားများအပါအဝင် အခြားအနီးဝန်းကျင်ရှိ လူ ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ကာရာဒက်ဂ်ျကို ထိုင်းမြို့တော်အရှေ့ဘက် ဆင်ခြေဖုံးတွင်ဖမ်းဆီးခဲ့ပြီး အစောင့်အကြပ်များဖြင့် ထိန်းသိမ်းထားသည်။ ၎င်းသည် အာရပ်အမျိုးသားတစ်ဦးနှင့်တူသူဖြစ်ပြီး ဘုရားကျောင်းအနီး ဗုံးထောင်သူဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

❑ ***ကျောဖုံးမှ***

"အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်း တန်းတူအခွင့်အရေးရရှိဖို့နဲ့ SDGs ကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ နေရာတိုင်း တူညီတဲ့ရလဒ်ကောင်းတွေကို ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဒါကြောင့်လည်း အဖွဲ့ဝင်နိုင်ငံတွေက အမျိုးသမီးတိုင်း၊ ကလေးငယ်တိုင်း နိုင်ငံတကာလှုပ်ရှားမှုအဖြစ် Global Movement ကို ထည့်သွင်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်မှာ အရေးအကြီးဆုံးက ကျန်းမာရေးနဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်တာကြောင့် နိုင်ငံအသီးသီးက ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါတယ်"ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၂၄ ရက်တွင်ကျင်းပသည့် ဆွေးနွေးပွဲအတွင်း ထည့်သွင်းပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (SDGs) ဖော်ဆောင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူး ဘန်ကီမွန်း တက်ရောက်ဆွေးနွေးပေးခဲ့ပြီး ပုပ်ရဟန်းမင်းကြီး Francis နှင့် အမေရိကန်သမ္မတဟောင်း Bill Clinton၊ လူမှုရေးအသိုက်အဝန်းများမှတာဝန်ရှိသူများ၊ UN လက်အောက်ခံအဖွဲ့အစည်းများ၊ Hugh Jackman၊ Selma Hayekl Beyonce၊ Cold Play နှင့် Pearl Jam တို့ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံမှလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ UN မှ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် Help a Child Reach 5 လှုပ်ရှားမှု သံတမန်ချစ်သုဝေတို့က ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

"မြောက်ဥက္ကလာပ အထွေထွေဆေးရုံကြီးမှာ House Surgeon အဖြစ် တာဝန်ထမ်းဆောင်တုန်းက ဝမ်းပျက်ဝမ်းလျှောနဲ့ အဆုတ်ရောင်ရောဂါတွေရဲ့ နောက်ဆက်တွဲ သွေးလည်ပတ်မှုလျော့လာတာ၊ ရေဓာတ်၊ သွေးဓာတ်လျော့နည်းတာ၊ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ပျက်စီးလာပြီးမှ ဆေးရုံရောက်လာတဲ့ ကလေးတွေရဲ့ အသက်ကို မကယ်နိုင်လိုက်တဲ့အဖြစ် ကြုံခဲ့ဖူးပါတယ်။ ကုသရေးထက် ကာကွယ်ရေးဟာ အလွန်အရေးကြီးတာကို သိခဲ့ရတယ်။ အဲဒီမှာ အစ်မကို Lifebuoy က Help a Child Reach 5 အစီအစဉ်မှာ သံတမန်အဖြစ်ကမ်းလှမ်းလာတော့ ပျော်ရွှင်စွာလက်ခံဖြစ်ခဲ့ပါတယ်။ အဓိကကတော့ မွေးစကနေ အသက်ငါးနှစ်အောက်ကလေးတွေ သေဆုံးမှုမရှိစေရေးအတွက် ဒီနေ့မှာလည်း ခေါင်းဆောင်တွေရော၊ တာဝန်ရှိသူတဲ့သူတွေအားလုံးရှေ့မှာ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုတွေအတွက် တိုက်တွန်းခဲ့ပါတယ်" ဟု ချစ်သုဝေက ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲအတွင်း ကမ္ဘာပေါ်ရှိ အလွန်အမင်းဆင်းရဲနွမ်းပါးခြင်းကို အဆုံးသတ်နိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုကိုင်တွယ်ဖြေရှင်းရေး၊ အမျိုးသမီးများအား အမျိုးသားများနှင့်တန်းတူအခွင့်အရေးပေးအပ်နိုင်ရေး၊ နေရာဒေသမရွေး လုံလောက်စွာသောက်သုံးရေရရှိရေး၊ ဆာလောင်မွတ်သိပ်မှုလျှော့ချရေးနှင့် မီဒီယာများမှတစ်ဆင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သတင်းတင်ဆက်မှုများ ပေါ်လွင်မျှတစေရေး စသည့်ရည်မှန်းချက် ၁၇ ခုနှင့် အကောင်အထည်ဖော်ဆောင်ရန် အချက် ၁၆၉ ချက်တို့ကို ချမှတ်ကာ အသီးသီးဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အဖြစ် ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်တာအစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အသိပညာများမြှင့်တင်ပေးခြင်းဖြင့် ကမ္ဘာပေါ်ရှိ လူသားတိုင်းအတွက် ကျန်းမာရေး၊ လုံခြုံရေးနှင့် လှပသည့်အနာဂတ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း အစည်းအဝေးမှ သိရှိရသည်။

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လများအတွင်း မြန်မာနိုင်ငံအနှံ့အပြား ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ခဲ့သော ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြည်တွင်း/ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ဒေသအစိုးရနှင့် ပြည်သူများက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး၊ တမူးဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် Horizon ဟိုတယ် Lake View Resort ၌ကျင်းပပြုလုပ်ခဲ့သည်။




ယနေ့အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့နယ် ပင်လယ်ရပ်ခြား တရုတ်အမျိုးသားရေးရာဌာန ညွှန်ကြားရေးမှူး Mr.Lu Zhihua က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ယူနန်ပြည်နယ် လင်ချန်းမြို့ တရုတ်ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Sun Qingyou မှ ယူနန်ပြည်နယ် လင်ချန်းမြို့ ပြည်သူ့အစိုးရ မြို့တော်ဝန် Mr.Yang Haodong က ပေးပို့သော နှစ်သိမ့်အားပေးသဝဏ်လွှာကို ဖတ်ကြားသည်။ ယင်းနောက် ကလေး၊ တမူးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် အလှူငွေကျပ်သိန်း ၂၀၀၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့မှ တရုတ်အမျိုးသားရေးရာဌာန ညွှန်ကြားရေးမှူး Mr. Lu Zhihua က ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သော ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၃၆၀၀ နှင့်ကျပ်သိန်း ၂၄၀ တန်ဖိုးရှိ သွပ်ချပ်ရေ ၂၆၀၀ တို့ကို ကြက်ခြေနီအသင်း၊ ဒုတိယဥက္ကဋ္ဌ Ms . Zhang Mingfen က ပေးအပ်လှူဒါန်းရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက လည်းကောင်း အသီးသီး လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ရာတွင် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပအဖွဲ့အစည်း အသီးသီးတို့က လှူဒါန်းကူညီထောက်ပံ့ခဲ့မှုများ၊ နိုင်ငံတော်က ထောက်ပံ့ခဲ့မှုများ၊ ဘေးသင့်ဒေသများ မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အကြီးအကဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့စဉ်က တရုတ်ယွမ်ငွေသန်း ၉၀၀ ကျော် လှူဒါန်းခဲ့မှုနှင့်အတူ ယနေ့ ယူနန်ပြည်နယ် လင်ချန်းမြို့အစိုးရ၏ ဆောင်ရွက်လှူဒါန်းထောက်ပံ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အခမ်းအနားကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ကျေးရွာများတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာသင်တန်းများဖွင့်

**စေတုတ္တရာ စက်တင်ဘာ ၂၆**

စေတုတ္တရာမြို့နယ် အတွင်းရှိ ရေဘေးသင့်ခဲ့သော ကျေးရွာများမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ပြီး မိသားစုဝင်ငွေ ပုံမှန်ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ သင်တန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်မှ စတင်ပြီး မြို့ပေါ်ရပ်ကွက်နှစ်ခုမှ အမျိုးသမီး ၅၀ တို့အား စက်ချုပ်လုပ်ငန်းနှင့် မုန့်မျိုးစုံလုပ်နည်း သင်တန်းများကို သင်တန်းကာလတစ်လကြာ သင်ကြားပေးလျက်ရှိသည်ဟု သိရသည်။

အဆိုပါသင်တန်းသို့ တက်ရောက်သင်ကြားလျက်ရှိသည့် အမှတ် (၂) ရပ်ကွက်နေ ဒေါ်အေးမြသန္တာက "ကျွန်မတို့ မြို့ကလေးမှာရေကြီးတော့ ထောက်ပံ့လှူဒါန်းရေး အဖွဲ့တွေက ဆန်၊ ဆီ၊ ဆား၊ ပဲနဲ့ အဝတ်အထည်မျိုးစုံ လှူဒါန်းထောက်ပံ့ပေးခဲ့လို့ စားဝတ်နေရေးအဆင်ပြေခဲ့ပါတယ်၊ အခုလူမှုဝန်ထမ်းက အသက်မွေးဝမ်းကျောင်း ပညာတွေ သင်ကြားပေးလို့ ဝမ်းသာမိပါတယ်၊ အိမ်မှာနေရင်း အလုပ်အကိုင်တစ်ခုရပြီး မိသားစုဝင်ငွေလည်းပိုရတာပေါ့" ဟု ပြောပြသည်။

လူမှုဝန်ထမ်း ဦးစီးဌာနမှ စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ သင်တန်းများကို နီးစပ်ရာကျေးရွာများမှ သင်တန်းသားများ ခေါ်ယူသင်ကြားပေးကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

## ဘင်္ဂလားပင်လယ်အော် မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့၌ မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ခဲ့သော ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ဒေသအစိုးရနှင့် ပြည်သူများက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး၊ တမူးဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် Horizon ဟိုတယ် Lake View Resort ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး၊ ကလေး၊ တမူးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ်သိန်း ၂၀၀၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့နယ်မှ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားရေးရာဌာန ညွှန်ကြားရေးမှူး Mr. Lu Zhihua က ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်ကလည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဖြစ်သော ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၃၆၀၀ နှင့် ကျပ်သိန်း ၂၄၀ တန်ဖိုးရှိ သွပ်ချပ်ရေ ၂၆၀၀ တို့ကို လင်ချန်းမြို့ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ Ms. Zhang Mingfen က ပေးအပ်လှူဒါန်းရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက လည်းကောင်း အသီးသီးလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဒေါက်တာသိန်းထွန်း၊ ဒေါက်တာ သန်းတိုး (မိသားစု)၏ အလှူငွေကျပ် ၄၄၄၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ၇၉၉၈၆၀၃၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၂၇၉၃၉၉၅ ဒသမ ၆၉ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**



ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် ၆၁/၆-၆၁/၇ ကြားရှိ ကမ္ဘာကြီးတံတား (၄/၆၂) ပေ (၃၁၀) ဘောလီ ပြုတ်ပါသွားပြီးနောက် တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် ၆၁/၆-၆၁/၇ ကြားရှိ ကမ္ဘာကြီးတံတား (၄/၆၂) ပေ (၃၁၀) ဆောင်ရွက် ပြီးစီးနေပုံကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)




# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော်  စက်တင်ဘာ  ၂၆**

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ လေးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရေဘေးသင့်ဒေသခံများအတွက် လျှုဖွယ်ပစ္စည်းများ ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**ညောင်တုန်း  စက်တင်ဘာ  ၂၆**



မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လိုအပ်သည်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းကျေးရွာအုပ်စု ဂုံမင်းဆိပ်ကျေးရွာရှိ အောင်သီရိဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မင်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးဝင်းတို့က ဦးဆောင်၍ အဖွဲ့သား ၃၀ ဦးတို့က ပေးအပ်လှူဒါန်းခဲ့ကြပြီး ဂုံမင်းဆိပ်ကျေးရွာအုပ်စုမှ တာဝန်ခံ ဦးရဲထွန်းလင်းက လက်ခံယူခဲ့သည်။

မြန်မာ-ဟိန္ဒူ ဆရာဝန်များအသင်း ဇီဝိတဒါနဆေးခန်း ပရဟိတဆေးကုအဖွဲ့မှ ဥက္ကဋ္ဌ ဒေါက်တာမင်းလွင်က "ကျွန်တော်တို့အနေနဲ့ ရေဘေးသင့်ဒေသ လူနာတွေက တောင်းဆိုလာတယ်ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပြုလုပ်ပေးသွားမှာပါ။ ဒါပေမယ့် ရေဘေးသင့်ဒေသတွေကို သွားရောက်ကုသဖို့အတွက် နေ့ချင်းပြန်ခရီးစဉ်တွေဆို ပိုကောင်းပါတယ်။ ကျွန်တော်တို့ ဆေးကုအဖွဲ့မှာက အမျိုးသမီးဆရာဝန်တွေပါနေလို့ပါ။ ရေဘေးသင့်ဒေသက လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးကုသပေးမှုတွေအပြင် ကျန်းမာရေးအသိပညာပေး ဟောပြောမှုတွေကိုပါ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမှာပါ" ဟု ပြောသည်။

ထို့နောက် အဆိုပါဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းကျေးရွာအုပ်စုရှိ ဂုံမင်းဆိပ်ကျေးရွာ၊ တလိုင်တပ်ကျေးရွာနှင့် ကုလားဝဲကျေးရွာများမှ ရေဘေးသင့်လူနာများကို မြန်မာ-ဟိန္ဒူဆရာဝန်များအသင်း ဇီဝိတဒါန ဆေးခန်းပရဟိတဆေးကုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမင်းလွင်ခေါင်းဆောင်သော အသင်းသား ၁၄ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်လေးဦးနှင့် ဝန်ထမ်းခုနစ်ဦးတို့က ယင်းကျေးရွာများရှိ အထွေထွေလူနာ ၃၁၈ ဦး၊သွားရောဂါ ဝေဒနာခံစားနေရသည့် လူနာ ၃၂ ဦးနှင့် အခြားလူနာရှစ်ဦးတို့ကို ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်**



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာ ၂၆ ရက်က မြစ်ရေသည် တစ်ပေခန့်ပြန်လည်ကျဆင်းသွားသော်လည်း ကျောင်းကုန်းမြို့ အမှတ် (၂) ရပ်ကွက် ကမ်းနားလမ်း၌ လှေဖြင့်သာ သွားလာနေသည်ကို တွေ့ရစဉ်။
ဝင်းကြိုင် (ပြန်/ဆက်)

# ကန့်ဘလူမြို့နယ်၌ မိသားစုဘဝများဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကျောင်းပညာ ရက်ကန်းသင်တန်းဖွင့်

**ကန့်ဘလူ  စက်တင်ဘာ  ၂၆**

ကန့်ဘလူမြို့နယ်၌ ရေဘေးသင့်ကျေးရွာများမှ ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မိသားစုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြို့နယ်ကျေးလက်ဦးစီးဌာနက ဖွင့်လှစ်သည့်အမှတ်(၁)ရပ်ကွက် ဘက်စုံကွက်သစ်ရှိ ရက်ကန်းသင်တန်းသို့ စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့/ထောက်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဦးစီးမှူးတို့ ရောက်ရှိကြပြီး သင်တန်းသူများကို အားပေးစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သုံးလကြာသင်ကြားမည်ဖြစ်၍ သင်တန်းသို့ ကန့်ဘလူမြို့နယ် ရေဘေးသင့်ကျေးရွာများမှ သင်တန်း သူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း၊ ကန့်ဘလူမြို့နယ် ကျေးလက်ဦးစီးဌာနအနေဖြင့် အမျိုးသမီးများ ဆံကေသာထုံးဖွဲ့နည်း သင်တန်းနှင့် ကွန်ပျူတာသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ရန်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေလဲဦးကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် မိုးကာတဲများအသစ်လဲလှယ်ဆောက်လုပ်ပေး

**ကလေး  စက်တင်ဘာ  ၂၆**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ချင်းဆိုင်ကျေးရွာဘောလုံးကွင်းအတွင်း ယာယီမိုးကာတဲများဖြင့် နေထိုင်လျက်ရှိသောရေလဲဦးကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် မိုးကာတဲအသစ်များဖြင့် လဲလှယ်ဆောက်လုပ်ခြင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက စတင်ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

"အခုအသစ်ရောက်လာတဲ့ မိုးကာတဲတွေဟာ ပိုကျယ်ဝန်းပြီးတော့ လေဝင်လေထွက် ပိုမိုကောင်းမွန်ပါတယ်။ ရာသီဥတုဒဏ်ကိုတင့်သင့်မျှတစွာနဲ့ခံယူနိုင်တဲ့ မိုးကာတဲတွေ ဖြစ်ပါတယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက ပြောသည်။ အဆိုပါ မိုးကာတဲအသစ်လဲလှယ်ဆောက်လုပ်ခြင်းကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ဗိုလ်မှူးတင်မျိုးဇော်နှင့် အရာရှိစစ်သည်များဦးဆောင်ကာ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်(ကလေး)**

# လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရစ်ကျစနစ်ဖြင့် ရောင်းချလျက်ရှိ

**မကွေး စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သမဝါယမအသင်းမှ သမဝါယမဝန်ကြီးဌာနနှင့် Dogdong Industrial Co,Ltd. တို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပစ္စည်းရောင်းချပွဲနှင့် သရုပ်ပြပွဲကို စက်တင်ဘာ ၂၂ ရက်က မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနညွှန်ကြားရေးမှူးက အမှာစကားပြောကြားရာတွင် သမဝါယမအသင်းသား တောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် လယ်ယာသုံးစက်ကိရိယာများကို ၁၀၀ ရာခိုင်နှုန်းမပေးချေနိုင်သည့် တောင်သူများအတွက် ကာလရှည် အရစ်ကျဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း၊ စက်များဝယ်ယူသုံးစွဲသည့် တောင်သူများအနေဖြင့် မိမိလယ်ယာများတွင် ကိုယ်တိုင်ထွန်ယက်နိုင်သည့်အပြင် အခြားလယ်ယာများသို့ အငှားလိုက်ထွန်ယက်နိုင်မည်ဖြစ်သည့်အတွက် ဝင်ငွေတိုးပြီး များစွာအကျိုးရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကိုရီးယားနိုင်ငံ Dogdong Industrial Co,Ltd. မှ တာဝန်ရှိသူတစ်ဦးက စက်ကိရိယာများနှင့်ပတ်သက်ပြီး တက်ရောက်လာသော တောင်သူများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ စက်ကိရိယာမှာ ကိုးမျိုးသုံးနိုင်ပြီး CK-2010 ထွန်စက်၊ CK-3510 ထွန်စက်စသည်ဖြင့် ပါဝင်ကြောင်း၊ ဝယ်ယူလိုသည့် အသင်းသားတောင်သူများအတွက် အရစ်ကျဝယ်ယူနိုင်ရေးအတွက် အမှာစာလက်ခံခြင်း၊ အရစ်ကျငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို စတင်ဝယ်ယူချိန်တွင် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်ပြီး တစ်နှစ်ပြည့်ချိန်တွင် အရင်းငါးရာခိုင်နှုန်းနှင့် အတိုးပေးသွင်းရမည်ဖြစ်ကာ ကျန်ငွေကို ငါးနှစ်အတွင်း ခြောက်လတစ်ကြိမ်ဖြင့် ၁၀ ကြိမ်ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ အခမ်းအနားတွင် ကိုရီးယားပညာရှင်များက စက်ကိရိယာများကို လက်တွေ့သရုပ်ပြမောင်းနှင်ခြင်း၊ တောင်သူများကိုယ်တိုင် စမ်းသပ်မောင်းနှင်စေခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမအသင်းသားတောင်သူ ၇၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**




# မိုးကုတ်မြို့လယ် ရေနီချောင်းဆယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်

**မိုးကုတ် စက်တင်ဘာ ၂၆**

မိုးကုတ်မြို့နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြို့သာယာလှပရေး၊ ရေကြီးရေလျှံမှုများကြောင့် သဘာဝဘေးအန္တရာယ်များမကျရောက်စေရေးတို့ကို ရည်ရွယ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သဘာဝဘေးတားဆီးကာကွယ်ရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောက်မျက်လုပ်ငန်းရှင်များပူးပေါင်းကာ မိုးကုတ်မြို့လယ်ကောင်အား ဖြတ်သန်းစီးဆင်းနေသည့် ရေနီချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေချောင်းဆယ်ယူခြင်းလုပ်ငန်းများကို အပိုင်းလိုက် တာဝန်ခွဲဝေချထားကာ စက်တင်ဘာလအတွင်း ချောင်းတစ်လျှောက် စက်ယန္တရားကြီးများ၊ မော်တော်ယာဉ်ကြီးများ၊ ထော်လာဂျီများဖြင့် အင်တိုက်အားတိုက် အပြီးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**နေဝါ(မိုးကုတ်)**



# တစ်ရက်တည်းစံချိန်တင်မိုး ရွှေဂျင်၌ သွန်းဖြိုး

**ရွှေဂျင် စက်တင်ဘာ ၂၆**

ယခုနှစ် မိုးလယ်ပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တို့၌ မိုးရေချိန်မြင့်မားစွာ ရွာသွန်းမှုတို့ကြောင့် ရေကြီးရေလျှံဖြစ်နေချိန်တွင် ရွှေဂျင်မြို့နယ်သည် အိုအေစစ်ဒေသလေးတစ်ခုဖြစ်ခဲ့ပြီး စိုက်ပျိုးသီးနှံဆုံးရှုံးမှု အနည်းဆုံးရပ်ဝန်းဖြစ်ခဲ့သည်။ ရွှေဂျင်အနောက်ခြမ်းမူးမြစ်ကြီး၏ ဘေးတစ်လျှောက်ရှိ ကျေးရွာအနည်းငယ်မျှသာ ရေလွှမ်းခြင်းခံခဲ့ရပြီး ရွှေဂျင်အရှေ့ခြမ်းဒေသရှိ မိုးကောင်းကျေးလက်ဒေသတို့မှာ သင့်တင့်သော မိုးရေချိန်ကြောင့် ကုန်းသစ်သီးသစ်နှံများ စိုက်ပျိုးနိုင်ခဲ့သည်။

ရွှေဂျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ ရွှေဂျင်ခရိုင်အတွင်း ၂၀၁၄ -၂၀၁၅ နွေစပါး စိုက်ပျိုးနိုင်မှုမှာ ၁၀၉၉၃၉ ဧကရှိခဲ့ပြီး ၇၃၉ ဧက ပျက်စီးခဲ့သည်။ ၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ပျိုးနိုင်မှုလျာထားချက်မှာ ဧက ၈၅၆၇၀၀ ရှိခဲ့ပြီး ၃၀၃၇ ဧကသာ ပျက်စီးခဲ့သဖြင့် နွေစပါးနှင့်မိုးစပါး ပျက်စီးမှုပမာဏမှာ ပြောပလောက်အောင်မရှိချေ။ ပျက်စီးသွားသောမိုးစပါးများမှာလည်း အောက်တိုဘာ ၁၀ ရက်ထိနောက်ဆုံးထားပြီး စိုက်ပျိုးနိုင်သဖြင့် ပျက်စီးနိုင်မှုတို့ကို ဖာထေးရန်အတွက် အချိန်ရသေးသည်ဟု ပြောရမည်ဖြစ်သည်။ စက်တင်ဘာ ၂၆ ရက် နံနက် ၁ နာရီနှင့် နံနက် ၉ နာရီက ရွှေဂျင်၌ မိုးရွာသွန်းမှုမှာ ယခုနှစ်မိုးရာသီကာလတွင် ထူးခြားသော စံချိန်တင်မိုးဟု ပြောရမည်ဖြစ်သည်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဆရာဦးညိုက နံနက် ၁ နာရီတွင် ၃ ဒသမ ၅၅ လက်မ၊ နံနက် ၉ နာရီ တွင် ဝ ဒသမ ၅၉ လက်မ စုစုပေါင်း ၄ ဒသမ ၁၄ လက်မ ရွာသွန်းခဲ့သဖြင့် ရွှေဂျင်မြို့ပေါ်ရှိ လမ်းအချို့၌ မိုးရေများ ဖွေးဖွေးလှုပ်သွားခဲ့ကြောင်း တွေ့ရသည်။

**(ဝ၅ဝ)**

# တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုဖြစ်စဉ်မှာ သမားရိုးကျသေဆုံးခြင်းမဟုတ်သဖြင့် စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ငါးသေဆုံးမှုဖြစ်ပွားခဲ့ရာ သမားရိုးကျသေဆုံးမှုဖြစ်ပွားခြင်းမဖြစ်နိုင်ကြောင်း ဒေသခံများ၊ တောင်သမန်အင်းရေဝင်ရောက်မှု၊ ငါးသေဆုံးမှုအခြေအနေတို့ကို တိုင်းတာစစ်ဆေးဓာတ်ခွဲသည့် ပညာရှင်များ၏ သုံးသပ်ချက်များအရ သိရသည်။

"တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုက လတ်တလောသေဆုံးခြင်း မဟုတ်ဘဲ အချိန်နာရီပိုင်းအတွင်း ပုပ်ပွနေတာတွေ့ရတယ်။ ငါးလုပ်ငန်းဦးစီးဌာနရဲ့ တာဝန်ရှိသူတွေကလည်း သေဆုံးတဲ့ ငါးတွေမှာ အင်းအတွင်းက ငါးတွေမဖြစ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ အင်းရေပြင် အရည်အသွေးကိုလည်း ချက်ချင်းကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့ရာမှာ ငါးသေဆုံးနိုင်တဲ့အနေအထားမဟုတ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ တောင်သမန်အင်းရေပြင် အင်းရဲ့အရှေ့ခြမ်းတစ်လျှောက် အောက်ဆီဂျင်ပျော်ဝင်မှုနှုန်းအနည်းငယ်သာလျော့နည်းပြီး အင်းအလယ်နဲ့ကျန်အပိုင်းတွေမှာတော့ အောက်ဆီဂျင် ပျော်ဝင်မှုကောင်းတာ စစ်ဆေးတွေ့ရှိရပါတယ်။ ငါးသေဆုံးမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ဒေသခံ ပြည်သူတွေရဲ့ပြောပြချက်အရ စက်လှေနဲ့အတူ ငါးသေအထုပ်နှစ်ထုပ် ဦးရွှေတောင်တံတားအနီး လာချသွားတာကို မြင်တွေ့ရတယ်။ ဒီငါးတွေက ရေစီးနှင့်အတူ တောင်သမန်အင်းကမ်းခြေကို ရောက်ရှိလာခြင်းသာ ဖြစ်ပါတယ်။ ရေဆိုးကြောင့်သာ ငါးသေမယ်ဆိုရင် ငါးမျိုးစုံသေရမှာဖြစ်ပါတယ်။ နောက်ပြီး သေဆုံးချိန်ကလည်း စဉ်ဆက်မပြတ်သေရမှာဖြစ်ပြီးတော့ ရက်ခြားအချိန်ခြားပြီးမှ ငါးသေတာကိုစဉ်းစားကြည့်ရင် ပုံမှန်မဟုတ်တာပေါ်လွင်နေပါတယ်" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ငါးသေတဲ့ရက်က အင်းရေဝင်ရောက်မှု များတာတွေ့ရပါတယ်။ ဒါကြောင့် အင်းအတွင်းက ငါးတွေ သေဆုံးနေတာမဖြစ်နိုင်ဘူး။ အခုသေတဲ့ ငါးတွေက တီလားပီးယားငါးတစ်မျိုးတည်းသာ သေဆုံးတာတွေ့ရပါတယ်။ အင်းနား အနီးတစ်ဝိုက်ကို အထုပ်တွေ ပစ်ချသွားတာမြင်လိုက်ရတယ်။ သေပြီးသား ငါးတွေထည့်ထားတဲ့ အထုပ်တွေဖြစ်မယ် "ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ငါးသေဆုံးမှုဖြစ်ပွားချိန်တွင် တောင်သမန်အင်း၏ ရေအမြင့်မှာ ၁၆ ပေခန့်ရှိပြီး အောက်ဆီဂျင် ပျော်ဝင်မှုနှုန်း (DO 2.3 မှ DO 7.1 )အထိ ရှိနေသဖြင့် အင်းရေကြောင့် ငါးသေဆုံးမှု လုံးဝမဖြစ်နိုင်ကြောင်း သိရသည်။

ငါးသေဆုံးသည့်နေရာ၌လည်း ငါးအချို့ ကူးခပ်နေသည်ကို တွေ့ရသည့်အတွက် မသမာမှုကြောင့်သာ ငါးသေဆုံးသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းသာ ဖြစ်သည်။ လွန်ခဲ့သည့်နှစ်များက တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိခဲ့သဖြင့် သွေးရိုးသားရိုးဖြစ်စဉ်မဟုတ်ဘဲ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို တမင်လုပ်ကြံဖန်တီးနေသည်ဟု ယူဆရပါကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"တောင်သမန်အင်းအတွင်း သေဆုံးတဲ့ငါးတွေကို ဓာတ်ခွဲစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်ရလဒ်များအရ ရေရဲ့ချဉ်ဖန်နှုန်း (Water PH) ရေနမူနာအားလုံးကောင်းမွန်ပြီးတော့ အောက်ဆီဂျင်ပျော်ဝင်မှု ရေအရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ တောင်သမန်အင်းအတွင်း သဘာဝအရင်းအမြစ်များကောင်းမွန်ပြီး ကန်ရေဝင်ရောက်မှုများပြားနေတာတွေ့ရပါတယ်။ ငါးသေများကိုစစ်ဆေးရာတွင်လည်း အူလမ်းကြောင်းတစ်လျှောက် အမည်းရောင် အနှစ်တွေတွေ့ရှိရပါတယ်။ ဒါ့အပြင် ငါးပါးဟက်အတွင်း သွေးကြောများရောင်ရမ်းနေတာတွေ့ရပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်သမန်အင်းအတွင်း ငါးမွေးမြူခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေလံမပေးဘဲ သဘာဝအတိုင်း ရေဝင်ရောက်မှု၊ သဘာဝအတိုင်း ရောက်ရှိလာမည့်ငါးများနှင့်အတူ သဘာဝအင်းအဖြစ် ထားရှိမည်ဖြစ်သည်။ ထို့အပြင် တောင်သမန်အင်းအတွင်း ရေဆိုးဝင်ရောက်မှုမရှိစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက စီမံဆောင်ရွက်လျက်ရှိသည်။ ငါးသေဆုံးမှုဖြစ်စဉ်များသည်လည်း သမား ရိုးကျသေဆုံးခြင်းမဟုတ်သည့်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းကာ စစ်ဆေးဖော်ထုတ်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# Sakura Residence II ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

Sakura Residence II ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၉)၌ကျင်းပရာ EXE Corporation (Japan) ; Chairman Mr. Hitoshi Tani နှင့် Diamond Mercury Company Limited , Managing Director ဦးစိန်လွင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက Sakura Residence 2 ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် Sakura Residence 2 သည် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားသော ရှစ်ထပ်မြင့် အဆောက်အအုံဖြစ်ပြီး တစ်ယောက်ခန်း ၁၂၆ ခန်း၊ နှစ်ယောက်ခန်း ၁၄ခန်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ တစ်ယောက်ခန်း တစ်ခန်း ငှားရမ်းခ တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၆၀၀ နှင့် နှစ်ယောက်ခန်း တစ်ခန်းငှားရမ်းခ တစ်လလျှင် အမေရိကန်ဒေါ်လာ ၄၃၀၀ ဖြစ်ကြောင်းနှင့် နှစ်နှစ်အထိ တစ်ဆက်တည်း ငှားရမ်းအသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




“ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ”

INTERNATIONAL DAY OF OLDER PERSONS

“ ဘိုးဘွားအားလုံးပါဝင်ဖို့၊ ရေရှည်တည်အောင်ကြိုးပမ်းစို့ ”

“ Sustainability and Age Inclusiveness in the Urban Environment ”

HelpAge International age helps

နေပြည်တော် ၁-၁၀-၂၀၁၅

# စာရေးတံမဲဖောက်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပူတာအိုတွင်ကျင်းပ

**ပူတာအို စက်တင်ဘာ ၂၆**

အခက်အခဲများစွာမှကျော်လွှားပြီး ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာများ ပြည့်စုံစေရန်အတွက် စာရေးတံမဲဖောက်၍လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီက ပူတာအိုမြို့ တောင်တန်းသာသနာပြု ဗဟိုကျောင်းတိုက်၌ ကျင်းပသည်။

ပူတာအို/ မချမ်းဘောမြို့နယ်များ၌ သီတင်းသုံးကြသော ဆရာတော် သံဃာတော် ရှင်သာမဏေသီလရှင်များက ဟိုခိုရပ်ကွက် ဇေယျသိဒ္ဓိကျောင်းတိုက်မှ တောင်တန်းသာသနာပြု ဗဟိုကျောင်းတိုက်အထိ ကြွချီအလှူခံခဲ့ကြရာ ဒေသခံ ဗုဒ္ဓဘာသာဝင်သူတော်စင် ကုသိုလ်ရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

ထို့နောက် တောင်တန်းသာသနာပြု ဗဟိုကျောင်းတိုက်၌ ဆရာတော် သံဃာတော် ရှင်သာမဏေ သီလရှင် အပါး ၆၀ တို့ကို စာရေးတံမဲဖောက်ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှဝေကာ အခမ်းအနားကို ရုပ်သိမ်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွှေးကောက်ပွဲဆိုင်ရာ အသိပညာ ရက်တိုသင်တန်းဖွင့်

**ဖြူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ရက်တိုသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက ဖြူးမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းအေးက ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာများနှင့် လုံခြုံရေးဆိုင်ရာများကို သင်တန်းနည်းပြများက ပို့ချသင်ကြားပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(ဖြူး)**

# အရေးပေါ်လူနာအတွက် ရဲတပ်သားများက သွေးလှူ

**မိုးညို စက်တင်ဘာ ၂၆**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ တတိယပတ်က မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ၌ သွေးလှူဒါန်းပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်လွင်ဦးစီး၍ ခွဲ/မွေးလူနာများအတွက် အရေးပေါ် လိုအပ်လျက်ရှိသော ဘီသွေးအမျိုးအစားကို မိုးညိုမြို့မ ရဲစခန်းမှ ရဲတပ်သား အောင်စည်သူမင်းနှင့် ပြည့်စုံတို့က တိုက်ရိုက်သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(မြန်မာ့အလင်း)**



# လာသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လသာမြို့နယ် စည်းရုံးရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးရွယ်အိုအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များ ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လသာမြို့နယ် စဥ့်အိုးတန်းလမ်းရှိ အဖွဲ့တည်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကျင်မိုန်(ငြိမ်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ ဆက်လက်၍ ယင်းစည်းရုံးရေးကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်(ငြိမ်း)က တင်သွင်းသည်။

ယင်းနောက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင် ၁၂ ဦးတို့ကို စုစုပေါင်း ထောက်ပံ့ငွေ ငွေကျပ် ၁၉ သိန်း နှစ်သောင်း ထောက်ပံ့ပေးအပ်ကာ လသာမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ငွေကျပ် တစ်သိန်း လှူဒါန်းကြောင်း သိရသည်။

**ကြည်မြင့်**

# အခြေခံသမဝါယမအသင်းများသို့ ရပိုင်ခွင့်အတိုးများပေးအပ်

**မင်းလှ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် သမဝါယမအသင်းစုက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်လုပ်လက်စား အခြေခံသမဝါယမအသင်းများသို့ ရပိုင်ခွင့်အတိုးငွေများပေးအပ်ခြင်းကို မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးခင်မောင်ဆွေက သမဝါယမလုပ်ငန်းစဉ်မှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်နေမှုကို ဆွေးနွေးခဲ့ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဌေးက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စုဆောင်းငွေများ ပုံမှန်ထည့်ဝင်ရေး၊ ချေးငွေများ အချိန်မီပေးဆပ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၆၃ အုပ်စုမှ အသင်းဝင်ပေါင်း ၂၈၉ သင်းအား စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၅ သိန်းကျော် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# လုပ်ငန်းခွင်ထိခိုက်သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ထုတ်ပေး

**ဘားအံ စက်တင်ဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့ လူမှုဖူလုံရေးရုံးက ဆောင်ရွက်သော၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လုပ်ငန်းခွင်မတော်တဆ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ၂၃ ရက် နံနက်ပိုင်းက မြိုင်ကလေး တန်(၉၀၀)ဘိလပ်မြေစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) ဘိလပ်မြေစက်ရုံ တန်(၉၀၀)စက်ရုံမှူး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးဆန်းနွယ်ဝင်းက လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုများအား အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးရခြင်းအကြောင်းကို ရှင်းလင်းခဲ့သည်။

ထို့နောက် မြိုင်ကလေး တန်(၉၀၀)ဘိလပ်မြေစက်ရုံ၌ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက လုပ်ငန်းခွင်ထိခိုက်မှုတစ်ခုကြောင့် သေဆုံးခဲ့သော အာမခံလုပ်သား ဦးဘိုကောက်၏ ကျန်ရစ်သူမိသားစုအား နာရေးစရိတ် ငွေကျပ် ၃၃၀၇၅၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၅၂၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၅၈၀၇၅၀ ကို ညွှန်ကြားရေးမှူး ဦးဆန်းနွယ်ဝင်းက ပေးအပ်ခဲ့သည်။

ဆက်လက်၍ စက်ရုံဝန်ထမ်းသက်သာက ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို စက်ရုံမှူး ဦးတင်ဝင်းက လည်းကောင်း၊ စက်ရုံဝန်ထမ်းများ စုပေါင်းထောက်ပံ့ငွေကျပ် ၆၁၂၀၀၀ ကို (ထုတ်လုပ်ရေးဌာန) ဒုတိယစက်ရုံမှူး ဦးမြင့်ချိုက လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဧပြီ ၂၆ရက်က တန်(၉၀၀)ဘိလပ်မြေစက်ရုံ၌ ဖြစ်ပွားခဲ့သော လုပ်ငန်းခွင်မတော်တဆ သေဆုံးမှုဖြစ်စဉ်တွင် သေဆုံးသူအာမခံလုပ်သား ဦးစောမြင့်ရွှေ(ယန္တရားဌာန)၏ ကျန်ရစ်သူမိသားစုများကို လူမှုဖူလုံရေးဌာနမှ နာရေးစရိတ်ငွေကျပ် ၉၄၀၀၀၊ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၂၈၂၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၉၁၄၀၀၀ ကို ကျန်ရစ်သူမိသားစုဝင်များထံသို့ ၂၀၁၄ ခုနှစ် မေလတတိယပတ်တွင်



လူမှုဖူလုံရေးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက တန်(၉၀၀)ဘိလပ်မြေစက်ရုံသို့ လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ) ဦးဝင်းကိုသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများနှင့် စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ) ဦးဝင်းကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်ကရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ၊ မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်ပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ရေဆင်းတက္ကသိုလ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးနည်းပညာများ အကူအညီပေးမည်

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မေမိုးသဲ**

**နေပြည်တော် စက်တင်ဘာ ၂၆**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒေသအသီးသီးရှိ တောင်သူလယ်သမားများ စိုက်ပျိုးရေးတွင် သီးနှံနှင့် ပတ်သက်သည့် နည်းပညာများလိုအပ်လာပါက ကူညီပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၄ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ကျင်းပသည့် စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေး တောင်သူပညာပေးသင်တန်းဖွင့်ပွဲ၌ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။

"ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က မြို့နယ်အသီးသီးမှာရှိတဲ့ တောင်သူတွေလိုအပ်တဲ့ အဆင့်မြင့်စိုက်ပျိုးရေးနည်းတွေကို ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့နည်းပညာအကူအညီကို တက္ကသိုလ်ကိုလာရောက်ပြီး ဆွေးနွေးနိုင်သလို ဖုန်း ၀၆၇-၄၁၆၅၁၂ ကိုလည်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ စပါးသာမကဘဲ အခြားသီးနှံတွေနဲ့ပတ်သက်ပြီးလည်း နည်းပညာအကူအညီတွေ ရယူနိုင်ပါတယ်။ အခုအခါမှာ အထွက်ကောင်းစပါးမျိုးကောင်း မျိုးသန့်နဲ့ပတ်သက်ပြီး တောင်သူတွေ အထူးစိတ်ဝင်စားလာကြပါတယ်။ ဒါပေမယ့် လိုအပ်ချက်ပြည့်မီအောင် ဌာနဆိုင်ရာကရော ပုဂ္ဂလိကကဏ္ဍကပါ ထုတ်လုပ်နေသော်လည်း လိုအပ်ချက်ပြည့်မီခြင်း မရှိသေးပါဘူး။ ဒါကြောင့် တောင်သူတွေကိုယ်တိုင် တတ်ကျွမ်းနားလည်စေဖို့နဲ့ နည်းပညာတွေကို အသုံးပြုပြီး စိုက်ပျိုးထုတ်လုပ်နိုင်စေဖို့အတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနေနဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးက တောင်သူတွေကိုလည်း ထပ်ဆင့်နည်းပညာပေးသင်တန်းတွေ ခေါ်ယူပို့ချသွားမှာပါ"ဟု ပါမောက္ခချုပ်က ဆက်လက်ပြောကြားသည်။



စိုက်ပျိုးရေး နည်းပညာများအနေဖြင့် အဆင့်မြင့်နည်းပညာများ၊ ပိုးမွှားရောဂါနှိမ်နင်းခြင်း နည်းပညာများ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ ကုန်ကျစရိတ်နည်းသည့် စပါးစိုက်ပျိုးထုတ်လုပ်နည်းများ၊ မြေဩဇာ စနစ်တကျ အသုံးချနည်းများနှင့် အခြားလိုအပ်သည့် နည်းပညာများကို ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနန်းဆိုင်ဟွမ်က အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနအနေဖြင့် လက်တွေ့စပါးမျိုးစပ်မွေးမြူခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်မှစတင်၍ လုပ်ဆောင်လာခဲ့ပြီး ယခုအခါ စပ်မျိုးအတွဲပေါင်း များစွာရှိကြောင်းနှင့် ဆက်လက်ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်းနှင့် နောက်နှစ်ရာသီ စိုက်ပျိုးရွေးချယ်ပြီးပါက တောင်သူများ၏လယ်ကွင်းများတွင် စုပေါင်းပါဝင် မျိုးရွေးချယ်စေလိုကြောင်းနှင့် မိမိတို့တက္ကသိုလ်အနေဖြင့် တောင်သူကြီးများလိုအပ်နေသော နည်းပညာအခက်အခဲကို ကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါသင်တန်းသို့ ဇေယျာသီရိမြို့နယ်မှ တောင်သူများတက်ရောက်၍ သင်တန်းကို စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သုံးခွမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ ဦး ယှဉ်ပြိုင်အရွေးခံမည်

**သုံးခွ စက်တင်ဘာ ၂၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် (၁)၊ (၂) စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လေးနေရာအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ စုစုပေါင်း နိုင်ငံရေးပါတီငါးခုမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဟု သိရသည်။

သုံးခွမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၈၂၅၀ ရှိပြီး မဲရုံပေါင်း ၁၆၀ ထားရှိမည်ဟု သိရသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဝင်ရောက်ရွေးချယ်ခံခြင်းမရှိကြောင်း၊ ပါတီအချို့မဲဆွယ်စည်းရုံးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ပြည်သူများ ဆန္ဒမဲပေးရာတွင် လွတ်လပ်၍ တရားမျှတ အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုကျော် (သုံးခွ)**

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)

| | | |
|---|---|---|
| ဝုဖ်ဘတ် | ၁ - ၁ | ဟန်နိုဗာ |
| စတုဂတ် | ၁ - ၃ | ဂလာဘတ် |
| အော့စ်ဘတ် | ၁ - ၃ | ဟော်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၀ - ၃ | လေဗာကူဆင် |
| မိန့်ဇ် | ၀ - ၃ | ဘိုင်ယန်မြူးနစ် |

## အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၇)

| | | |
|---|---|---|
| လက်စတာ | ၂ - ၅ | အာဆင်နယ် |
| လီဗာပူး | ၃ - ၂ | အက်စ်တွန်ဗီလာ |
| မန်ယူ | ၃ - ၀ | ဆန်းဒါးလန်း |
| ဆောက်သမ်တန် | ၃ - ၁ | ဆွမ်ဆီး |
| စတုတ်စီးတီး | ၂ - ၁ | ဘုန်းမောက် |
| ဝက်စ်ဟမ်း | ၂ - ၂ | နော့ဝှစ်ချ် |

## စပိန်လာလီဂါ ပွဲစဉ်(၆)

| | | |
|---|---|---|
| ဘာစီလိုနာ | ၂ - ၁ | လက်စ်ပယ်မက်စ် |


**ရွှေမဟာ** ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ SMH SMH

ဘုရားအဆူဆူပွင့်တော်မူရာဗုဒ္ဓဂယာမြေမြတ်မဟာတွင် မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ အတုလမဟာမြကျောက် ဆရာတော် အဂ္ဂမဟာသဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရမှဝိပဿနာတရားစခန်းကို(၁. ၁၁. ၂၀၁၅)မှ(၈. ၁၁. ၂၀၁၅)ရက်နေ့အထိကျင်းပပြီး သံဃေဇနိယလေးဌာနဖူးမြော်မည့်(၁၅)ရက်ခရီးစဉ်ကိုငှင်း နိုဝင်ဘာလ(၂၅)ရက်နေ့တွင် ထွက်မည့် အထူးခရီးစဉ်သည်မြတ်စွာဘုရားတိုင်းတရားဦးဓမ္မစကြာဟောတော်မူရာ မိဂဒါဝုန်ရှိခါတ်တော်တိုက်ဖွင့်ပွဲနှင့် အပြန်တွင် ဗုဒ္ဓဂယာ၌ပိဋကတ်သုံးပုံရွတ်ဖတ်ပူဇော်ပွဲ(၁၅)ရက်ခရီးစဉ်ကိုငှင်းပါဝင်ကုသိုလ်ယူနိုင်ကြပါရန် အသီးသီး စီစဉ်ထားရှိပါသည်။

(လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပါပြီ။)

ထွက်ခွါမည့်ရက်များ(၁၅)ရက်ခရီးစဉ်-(Oct-19.26),(Nov-1,9,20,25),(Dec,6,20),(Jan,20,), (Feb-5,8,19,26),(Mar-7,21),(Apr-10)

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၆၃)၊ဇေယျဝတီ(ဗဟို)လမ်းမကြီးစမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ဖုန်း - ၀၁-၅၃၂၀၈၆၊ ၅၁၈၁၉၆၊ ၀၉-၅၁၈၈၁၇၆၊ ၀၉၅၁၃၄၀၄၄၊ ၀၉၄၃၂၀၀၆၄၆


**ဖခင်အမည်မှန်**

အထက(၅) မင်္ဂလာဒုံမြို့နယ်၊ တက္ကသိုလ်ဝင်တန်း(C)မှ မနော်အယ်ဒိုမူး၏ ဖခင်အမည်မှန်မှာ ဦးစောဘေးဒိုလယ်အစား ဦးစောသေးဒို ၆/ထဝန(နိုင်)၀၇၀၉၂၆ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၁၀၅၁ MADI (EW-2DEY) S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်တင် ၁၂/ဒဂန(နိုင်)၀၃၁၆၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**မွန်ပြည်နယ်၊ လမ်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**
**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်**
**လုပ်ငန်းများအတွက်တင်ဒါခေါ်ယူခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအနက်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ရန်တင်ဒါခေါ်ယူပါမည်။

၁။ ရန်ကုန်-မြိတ်လမ်း  မိုင် ၆၅/၀- ၆၈/၀ - ၃မိုင် ၅ ဖာလုံ
မိုင် ၈၄/၃- ၈၅/၄ အတွင်း
(လမ်းနယ်ချဲ့ခြင်း၊ လမ်းကျဉ်းတာဘောင်ဖို့ခြင်း)

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)
**နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၄-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** နံနက် ၁၀း၀၀နာရီ

(ဂ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၄-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - နံနက် ၁၀း၀၀ နာရီ
**နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၈၀၈**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/5733 HYUNDAI KMJTA,Bus(4x2) ယာဉ်လက်ဝယ်ရှိသူ Temperance Temperance Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ (ရန်ကုန်အနောက်ပိုင်း)**

# ခရီးသည်ထံမှလုယက်ခဲ့ကြသော အငှားယာဉ်မောင်းနှင့် အတူပါဝင်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

စက်တင်ဘာ ၁၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် လှိုင်မြို့နယ်နေ ကိုစိုင်းအောင်မိန်းသည် မြေနီကုန်းသို့သွားရန်အတွက် လှိုင်မြို့နယ် ဗဟိုလမ်းနှင့် ရွာမကျောင်းလမ်းထိပ်မှ အငှားယာဉ်အမှတ် DD/--- ကို ငှားရမ်းစီးနင်းခဲ့ရာ ယာဉ်ပေါ်၌ ယာဉ်မောင်းနှင့်အတူ အခြားအမျိုးသားများလိုက်ပါလာပြီး ဗဟိုလမ်းအတိုင်း မောင်းနှင်လာစဉ် နာနတ်တော ခုံးတံတားအောက် အရောက် ယာဉ်ကိုရပ်ကာ ယာဉ်၏နောက်ဖုံးအတွင်း လိုက်ပါလာသော အမျိုးသားက ကိုစိုင်းအောင်မိန်းကို လုံးထွေးကာ ယာဉ်ပေါ်မှတွန်းချပြီး ကိုစိုင်းအောင်မိန်း၏ မြန်မာငွေ၊ အမေရိကန်ဒေါ်လာ၊ ကမ္ဘောဒီးယားဖရန့်ငွေ၊ ATM ကတ်၊ နိုင်ငံသားစိစစ်ရေးကတ် စသည့်အသုံးအဆောင်ပစ္စည်းများထည့်ထားသော ခေါက်ပိုက်ဆံအိတ်တစ်လုံး၊ i Phone 6 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ Power Bank တစ်ခု၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၉၀၀၀၀ ကျော်ကို ယူဆောင်၍ ယာဉ်ကိုမောင်းနှင်ထွက်ပြေးသွားကြသည်။

ယင်းသို့ ကျူးလွန်သူများကို ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်ကာ တိုင်းဒေသကြီးရဲတပ်မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများ အသုံးပြုခဲ့သော DD/---- အငှားယာဉ်ကို စုံစမ်းခဲ့ရာ ယာဉ်အမျိုးအစားနှင့် အရောင်တို့ ကွဲလွဲခြင်းများရှိကြောင်း စိစစ်သိရှိရသဖြင့် ပြစ်မှုကျူးလွန်ရာတွင် အမှန်တကယ်အသုံးပြုခဲ့သည့် ယာဉ်ကို ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ DD/---- TOYOTA CALDINA အငှားယာဉ်ဖြစ်ကြောင်း သိရသဖြင့် စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့ စုံစမ်းရှာဖွေလျက်ရှိစဉ် စက်တင်ဘာ ၂၂ ရက် နံနက် ၀၀း၃၀ နာရီခန့်က အဆိုပါ DD/---- TOYOTA CALDINA အငှားယာဉ်ကို ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း၌ ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များကတွေ့ရှိ၍ စစ်ဆေးဖော်ထုတ်ရာ အခင်းဖြစ်စဉ်က အသုံးပြုမောင်းနှင်ခဲ့သူ ယာဉ်မောင်းမှာ လှိုင်သာယာမြို့နယ်နေ စံကြီး(ခ) သက်ဇော်ဦး(၁၉ နှစ်) ဖြစ်ကြောင်း သိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၎င်း၏နေအိမ်မှ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး အတူပါဝင်ကျူးလွန်သူများမှာ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ဂိုးဒင်း(ခ)အောင်အောင်ဇော်(၂၁နှစ်)၊အင်ဂျင်ဝိုင်(ခ)ခင်မောင်ထွန်း(၂၉နှစ်)နှင့် အောင်မိုးဟိန်း(၂၀ နှစ်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို လိုက်လံရှာဖွေကာ ဖမ်းဆီးခဲ့သည်။

၎င်းတို့အား စစ်ဆေးချက်အရ ယင်းသို့ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော အငှားယာဉ်နှင့် သက်သေခံပစ္စည်း i Phone 6၊ Power Bank တို့ကို သိမ်းဆည်းနိုင်ခဲ့ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားကျူးလွန်မှုများ ရှိ/မရှိ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဓာတ်တော်ချိုင့်ရေတံခွန်၌ ရေနစ်ကျောင်းသားအလောင်း ပြန်လည်တွေ့ရှိ

**ပြင်ဦးလွင် စက်တင်ဘာ ၂၆**



စက်တင်ဘာ ၂၅ ရက် နံနက်က ပြင်ဦးလွင်အနီးစခန်း ဓာတ်တော်ချိုင့် ရေတံခွန်၌ ရေနစ်ပျောက်ဆုံးခဲ့သည့် မုံရွာပညာရေးကောလိပ်မှ ဒုတိယနှစ် ဝိဇ္ဇာကျောင်းသား မောင်ပြည့်ဝကျော်၏ အလောင်းကို ရေတံခွန်၏ဝဲဘက် ရေကျချိုင့်အတွင်း၌ စစ်ကိုင်းမြို့နေ ရေငုပ်ကျွမ်းကျင်သူ ဦးအောင်ကြည်က စက်တင်ဘာ ၂၆ ရက် နံနက် ၉နာရီတွင် ရှာဖွေတွေ့ရှိဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အနီးစခန်း ဓာတ်တော်ချိုင့် ရေတံခွန်သည် ပြင်ဦးလွင်မြို့မှ ခုနစ်မိုင်၊ အနီးစခန်းမှ ရေတံခွန်ကုန်းထိပ်ဈေးဆိုင်တန်းအထိ တစ်မိုင် တစ်ဖာလုံဝေးကွာပြီး အောက်ခြေရေတံခွန်ရောက်သည်အထိ တောလမ်းခရီးမှ ပေ ၁၀၀၀ ကျော် ဆက်လက်ဆင်းသွားရသော်လည်း ရေတံခွန်၏ မြင့်မားပြီး သာယာလှပမှုတို့ကြောင့် နေ့စဉ် လာရောက်လည်ပတ်ကြသူများပြားလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း ရေတံခွန်သို့ သွားလာရန် လမ်းခရီးကြမ်းတမ်းခြင်း၊ ရေတံခွန်အနီး ပတ်ဝန်းကျင်၌ သဘာဝတောတောင် လျှိုမြောင် ရေအိုင်များပေါများခြင်း၊ နေ့စဉ်အထမ်းဖြင့် လာရောက်ရောင်းချသော သာမန်ဈေးဆိုင်ငယ်လေး တစ်ဆိုင်သာ ရေတံခွန်တွင်ရှိနေခြင်း၊ လာရောက်လည်ပတ်သူများအား သတိပေးတားမြစ်သည့် ဆိုင်းဘုတ်များနှင့် လုံခြုံရေး အစောင့်အရှောက်များမရှိခြင်းတို့အပြင် လည်ပတ်သူတို့ကလည်း ဆင်ခြင်မှုကင်းမဲ့စွာ လည်ပတ်ရေချိုးရေဆော့ကစားကြသဖြင့် မကြာခဏ ရေနစ်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ တောတောင်များအတွင်း ကျွမ်းကျင်မှုမရှိဘဲ ဝင်ရောက်သွားလာသူတို့ကြောင့် ၂၀၁၁ ခုနှစ်က ဧည့်သည် ခုနစ်ဦး ပျားကြီး(ပဒု)တုပ်ခံရ၍ သေဆုံးခဲ့ခြင်း စသည့်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ဖူးရာ လာရောက်လည်ပတ်သူများမှာ သတိထားလည်ပတ်ကြရန်နှင့် တာဝန်ရှိသူတို့ကလည်း လုံခြုံရေးအစီအမံများ ပြုလုပ်ပေးထားရန်လိုအပ်ကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# သုံးခွမြို့နယ်၌ အမျိုးသားတစ်ဦး မိုးကြိုးပစ်ခံရ

**သုံးခွ စက်တင်ဘာ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင်၌ စက်တင်ဘာ ၂၄ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က အမျိုးသားတစ်ဦး မိုးကြိုးထိမှန်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆန်းဝင်း(၄၉ နှစ်) ကျောင်းကုန်းကျေးရွာ တောင်ဘက်အောင်သစ္စာတဲတန်းနေသူသည် ညနေ ၃ နာရီ ၄၅ မိနစ်က မိုးရွာသဖြင့် ကန်ပေါင်တွင်ရေလျှံမည်ကို စိုးရိမ်သဖြင့် ရေလွှဲပေါက်မှရေလွှတ်ပြီး ပြန်လာစဉ် လယ်ကွင်းထဲ မိုးခြိမ်းသံကြားသဖြင့် ဇနီးမငွေးက အိမ်ထဲဝင်ပြေးပြီး ဆန်းဝင်းကို အိမ်ထဲဝင်ရန်လှမ်းခေါ်စဉ် နေအိမ်ရှေ့အရောက် မိုးကြိုးထိမှန်ကာ သေဆုံး သွားကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ရန်ကုန်-မန္တလေး လမ်းဟောင်း၌ ယာဉ်တိမ်းမှောက်

**ကျောက်ဆည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ်(၄၁၃/၄-၅)အကြား မြို့သာကုန်းကျေးရွာအနီး၌ စက်တင်ဘာ ၂၅ ရက် ညနေ ၄ နာရီခွဲက ခရီးသည်တင် ဟိုင်းလတ်မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်မြို့ ဇော်ဂျီရောခရီးသည်တင် မော်တော်ယာဉ်အသင်းဝင် ယာဉ်အမှတ်3G/---- ယာဉ်မောင်း သီဟဇော်သည် မန္တလေးမှ ကျောက်ဆည်သို့ မောင်းနှင်လာစဉ် စဉ့်ကိုင်မြို့နယ် မြို့သာကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၄၁၃/၄-၅)အရောက်၌ ယာဉ်၏ဝဲဘက်နောက်ဘီးပေါက်ပြီး တိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် ဦးဝင်းဗိုလ်(၃၅ နှစ်)မှာ ဒဏ်ရာရရှိ၍ မန္တလေးဆေးရုံကြီးသို့ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ပြီး ဦးမာမာရီစွတ်၊ မောင်ကြူ(၂၈နှစ်)၊ စိုးမင်း(၃၅နှစ်)၊ မိုးအောင်(၄၉ နှစ်)၊ အောင်မျိုးဇင်(၃၆နှစ်)၊ မင်းနိုင်(၂၅နှစ်)၊ ကိုလေး(၃၅နှစ်)၊ ကျော်မင်းထွန်း(၃၀ နှစ်)၊ ဒေါ်မဲလုံး(၃၅နှစ်) ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြပြီး ယာဉ်ကို မဆင်မခြင်မောင်းနှင်ခဲ့သော သီဟဇော်ကို စဉ့်ကိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဆားဗစ်ကျင်းအတွင်း ပြုတ်ကျသေဆုံးသောကျောင်းသူအား မုဒိမ်းမှုဖြင့်ပြောင်းလဲအမှုဖွင့်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၆**

ဆင်ပေါင်ဝဲမြို့နယ် သာယာကုန်းကျေးရွာရှိ အမက(၄၁)မူလွန်ကျောင်း၌ စက်တင်ဘာ ၂၃ ရက်က ကျောင်းသူတစ်ဦး အိမ်သာဆားဗစ်ကျင်းသစ်အတွင်း ပြုတ်ကျသေဆုံးမှုနှင့်ပတ်သက်၍ သေဆုံးသူကလေးငယ်ကို ရင်ခွဲစစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် မုဒိမ်းမှု၊ လူသတ်မှုတို့ဖြင့် ပြောင်းလဲအမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက သာယာကုန်းကျေးရွာ ရှိ အမက(၄၁)ကျောင်းတွင် ကျောင်းသူတစ်ဦး အိမ်သာဆားဗစ်ကျင်းအတွင်း ပြုတ်ကျသေဆုံးနေကြောင်း သတင်းအရ သေဆုံးသူကလေးငယ်ကို ချောင်းကောက်တိုက်နယ် ဆေးရုံသို့ ပို့အပ်ပြီး ရင်ခွဲစစ်ဆေးခဲ့ရာ မုဒိမ်းမှုမြောက်သည့်လက္ခဏာရှိပြီး ဦးခေါင်းဇက်ကျိုး၍ သေဆုံးခြင်းဖြစ်ကြောင်း ဆေးရုံအုပ် ဒေါက်တာမွန်စိုးရီ၏ စက်တင်ဘာ ၂၅ ရက်စွဲပါ ထင်မြင်ချက်ဆေးစာ ပြန်ကြားစာအရ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်နိုင်ရေး ကိုးပင်နယ်ရဲစခန်းမှ ပြောင်းလဲ အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ကျော်ဇေယျ**

# စိတ်ကြွရူးသွပ်ဆေးပြားများ ကရသူရိမြို့၌ ဖမ်းဆီးရမိ

**ကရသူရိ စက်တင်ဘာ ၂၆**- ကော့သောင်းခရိုင် ကရသူရိမြို့တွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ စက်တင်ဘာ ၂၀ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ အဆိုပါနေ့က ကရသူရိနယ်မြေရဲစခန်းမှ ဒုရဲအုပ် မောင်မောင်လှနှင့် တာဝန်ရှိသူများသည် ဟံကပြုကျေးရွာအုပ်စု ကြိမ်မဲတောင်ကျေးရွာ အနောက်ဘက်ကမ်းစပ်တွင် ဆိုက်ကပ်ထားသည့် မသင်္ကာဖွယ်စက်လှေ တစ်စင်းကို တက်ရောက်စစ်ဆေးရာ စက်လှေပေါ်မှ WY စာတန်းပါ စိတ်ကြွဆေးပြား ၆၃၅၉ ပြား ဆက်စပ်ပစ္စည်းများနှင့်အတူ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူ ရေငံကြီးကျေးရွာနေ ဇော်ဝင်း(၄၅နှစ်)ကို ဖမ်းဆီးရမိသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကရသူရိနယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့်ကွင်းဆက်တရားခံများနှင့် ကွင်းဆက်သက်သေခံပစ္စည်းများ ဆက်လက်စုံစမ်းဖော်ထုတ်နိုင်ရေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


MADE IN MALAYSIA FOR THE WORLD MATRADE

စတုတ္ထအကြိမ်မြောက်

မလေးရှား ထုတ်ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာပြပွဲ

SERVICE EXCELLENCE FOR THE WORLD MALAYSIA SERVICES EXHIBITION

တပ်မတော်ခန်းမ၊ ရန်ကုန်မြို့

(၃၀.၉.၁၅) ရက်နေ့၊ နံနက် (၁၁း၀၀)နာရီ မှ ညနေ (၅း၀၀)နာရီ

(၁.၁၀.၁၅) မှ (၃.၁၀.၁၅) ရက်နေ့ နံနက်(၁၀း၀၀) မှ ညနေ (၅း၀၀)နာရီ

လုပ်ငန်းရှင်များနေ့ (၃၀.၉.၂၀၁၅)၊ (၁.၁၀.၂၀၁၅)၊ အများပြည်သူနေ့ (၂.၁၀.၂၀၁၅)၊ (၃.၁၀.၂၀၁၅)

- ဝင်ကြေးအခမဲ့
- မလေးရှားအသွားအပြန်လေယာဉ်လက်မှတ်နှင့်
- I Pad Mini, Mobile Handset စသည်များကံစမ်းနိုင်ခွင့်
- နေ့စဉ်ပထမဦးဆုံးသောဧည့်သည် (၁၀၀၀)အတွက်လက်ဆောင်ပစ္စည်းများ

➤ တစ်ဦးချင်းစီးပွားရေးတွေ့ဆုံဆွေးနွေးပွဲ ➤ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ➤ မလေးရှားနိုင်ငံနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက်အခမဲ့အကြံဉာဏ်ရယူနိုင်ခြင်း

ထုတ်ကုန်ပစ္စည်းများ
- လျှပ်စစ်နှင့်အီလက်ထရောနစ်
- အဆောက်အဦးဆိုင်ရာပစ္စည်းများ
- လူသုံးကုန်ပစ္စည်းအမျိုးမျိုး
- ကျန်းမာရေးဆိုင်ရာပစ္စည်းများ
- ပရိဘောဂပစ္စည်းများ
- အလှကုန်ပစ္စည်း

ဝန်ဆောင်မှုကဏ္ဍ
- ဆောက်လုပ်ရေးဆိုင်ရာဝန်ဆောင်မှု
- တရားဝင်ကိုယ်စားလှယ်လုပ်ကိုင်ခွင့်
- ပညာရေးဝန်ဆောင်မှု
- စီးပွားရေးဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုး
- ပို့ဆောင်မှုဆိုင်ရာဝန်ဆောင်မှု
- ကျန်းမာရေးဝန်ဆောင်မှု

Organized By MATRADE Supported By

ဆက်သွယ်ရန် – (MATRADE) ကုန်သွယ်ရေးဌာနခွဲ၊ မလေးရှားသံရုံး၊ ရန်ကုန်။

တယ်လီဖုန်း - ၀၁ - ၂၃၀၁၉၅၁၊ ၀၁ - ၂၃၀၁၉၅၂ ဖက်စ် - ၀၁ - ၂၃၀၁၉၅၄

အီးမေးလ် - yangon@matrade.gov.my ဝက်ဘ်ဆိုက် - www.matrade.gov.my

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေညီလာခံကျင်းပ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ် ရွေးချယ်တင်မြှောက်ခြင်းနှင့် အထွေထွေညီလာခံကို ယနေ့ နံနက် ၁၀ နာရီမှ စတင်ကာ ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

၂၀၀၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဦးဇော်ဇော်မှာ တစ်ဦးတည်းသော ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့ပြီး အခြားယှဉ်ပြိုင်မည့်သူမရှိသောကြောင့် ဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်တင်မြှောက်ခံရသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညီလာခံ၏ တရားဝင်မှတ်တမ်းများကို စစ်ဆေးမည့်အဖွဲ့၊ ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်း ကြီးကြပ်ရန်အဖွဲ့တို့ကို ဖွဲ့စည်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO ဦးသန်းဇော်က ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက်ကာ ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၁၅-၂၀၁၉ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ၂၀၁၅-၂၀၁၉ ခုနှစ်အတွက် အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာတွင် နာယကအဖြစ် ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဒေါက်တာစိုင်းဆမ်ထွန်း (ရတနာပုံ)နှင့် ဦးပြည့်ဖြိုးတေဇ (ရန်ကုန်ယူနိုက်တက်)၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးတင်အောင်တို့ ရွေးချယ်ခံရသည်။ အမှုဆောင်များ ဖွဲ့စည်းရာတွင် အထက်မြန်မာပြည်ကိုယ်စားလှယ်များအဖြစ် ဦးစိန်ဝင်းကြီး(မန္တလေးတိုင်းဒေသကြီး)၊ ဦးခင်မောင်သန်း(ရှမ်းပြည်နယ်)၊ အောက်မြန်မာပြည်ကိုယ်စားလှယ်များအဖြစ် ဦးကျော်မင်းအောင်(မွန်ပြည်နယ်)နှင့် ဦးဇော်ဝင်းကြီး (ပဲခူးတိုင်းဒေသကြီး)၊ ကော်မတီအလိုက် ကိုယ်စားလှယ်များအဖြစ် ဦးဝင်းချို(ဒိုင်လူကြီးကော်မတီ)၊ ဦးရဲညွန့် (ဘောလုံးသမားများကော်မတီ)၊ ဦးကြည်မင်းသိန်း (ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ)၊ ဒေါ်မြတ်မြတ်ဦး (အမျိုးသမီးဘောလုံးကော်မတီ)၊ ဦးညဏ်ဝင်း(နည်းပြဆရာများကော်မတီ)၊ ကလပ်အသင်းများ ကိုယ်စားလှယ်များအဖြစ် ဦးလှဌေး(ဇွဲကပင်)၊ ဦးမိုးဆန်းအောင် (ကမ္ဘောဇ)၊ ဦးမင်းလှိုင်( ဧရာဝတီ)၊ ဝန်ကြီးဌာနကိုယ်စားလှယ်များအဖြစ် ဦးကျော်ဆန်း(အားကစား)၊ ဦးမျိုးသိန်း (ပညာရေး)၊ ဦးအေးကိုကို(ကျန်းမာရေး)တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့ဘောလုံးလောကအခြေအနေမှာ အောင်မြင်မှုရရှိရန် လုပ်ဆောင်စရာများစွာရှိသေးကြောင်း၊ မိမိတာဝန်ယူသည့် ၂၀၀၅ ခုနှစ်ကတည်းက မြန်မာ့ဘောလုံးလောကအခြေအနေမှာ လိုအပ်ချက်များခဲ့၍ ထင်သလောက် မတိုးတက်သေးကြောင်း၊ ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရခြင်း၊ ဆီးဂိမ်းပြိုင်ပွဲဒုတိယရခြင်း၊ ၂၀၀၇ အာဆီယံအမျိုးသမီးပြိုင်ပွဲ၌ ချန်ပီယံရရှိခြင်းအပြင် ဖိတ်ခေါ်ပြိုင်ပွဲအချို့၌ အောင်မြင်မှုရရှိခဲ့ခြင်းမှလွဲ၍ အဓိကပြိုင်ပွဲများတွင် အောင်မြင်မှုမရခဲ့ကြောင်း၊ ယင်းအတွက်ကြောင့် မြန်မာ့ဘောလုံးလောကမှာ အောင်မြင်မှုမရခဲ့ဘူးဟု သုံးသပ်ရမည်ဖြစ်ပြီး မိမိအနေဖြင့်လည်း တာဝန်မကျေဟု ခံယူပါကြောင်း၊ မိမိတို့ အဖွဲ့ချုပ်အနေဖြင့် စပွန်ဆာငွေများ၊ ဖီဖာကထုတ်ပေးသည့်ငွေများအပြင် ကိုယ်ပိုင်စိုက်ထုတ်ငွေများဖြင့်သာ လည်ပတ်နေရကြောင်း၊ မိမိကိုယ်တိုင် ဆောင်ရွက်နိုင်သည်များကို လုပ်ဆောင်နိုင်သော်လည်း အားကစားကွင်းများ ပြုပြင်ခြင်း၊ လူငယ်များကစားနိုင်ရန် ဘောလုံးကွင်းများ ပြုပြင်ထိန်းသိမ်းဖော်ထုတ်ခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း၊ ၂၀၁၅-၂၀၁၉ ဥက္ကဋ္ဌသက်တမ်းအတွင်း လက်ရွေးစင်နှင့် သက်တမ်းအလိုက်လက်ရွေးစင်အသင်းများကို အောင်မြင်မှုရရန် ကြိုးပမ်းမည်ဖြစ်သော်လည်း လူငယ်စီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် လိဂ်ပြိုင်ပွဲပရိသတ်စိတ်ဝင်စားမှု ပိုမိုများပြားလာစေရန် ဆောင်ရွက်မည်ဖြစ်ပြီး အမျိုးသမီးဆီမီးပရိုလိဂ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ကျိုက်ထိုမြို့၌ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပ

**ကျိုက်ထို စက်တင်ဘာ ၂၆**

ကျိုက်ထိုမြို့နယ် လူမှုကူညီရေးအသင်း၏ ရန်ပုံငွေရရှိရေးအတွက် ကျိုက်ထိုမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် အနုပညာရှင်များနှင့် တေးသံရှင်များ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက် ညနေ ၄ နာရီက မြို့နယ်အားကစားပြိုင်ကွင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



ဘောလုံးပြိုင်ပွဲမစတင်မီ အနုပညာရှင်များနှင့် တေးသံရှင်များက လာရောက်အားပေးကြည့်ရှုသူများကို ခေတ်ပေါ် တေးသီချင်းများနှင့် သီဆိုဖျော်ဖြေပေးပြီး ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ကျိုက်ထိုမြို့နယ် လက်ရွေးစင်အသင်းက အနုပညာနှင့် တေးသံရှင်များအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

◆ ***ကျောဖုံးမှ***

ဒီမစ်ချယ်လီနှင့် ဆက်ဂ်ညာတို့ ပွဲထွက်ခဲ့သည်။

ပွဲစပြီး ၂၅ မိနစ်တွင် ယာယာတိုရေး ဖန်တီးပေးပြီး ကီဗင်ဒီဘရိုင်းက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် အီရစ်ဒီရာက စပါးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း မိနစ် ၅၀ တွင် လာမယ်လာ ဖန်တီးပေး၍ နောက်တန်းကစားသမား အယ်ဒါဝိုင်ရက်က စပါးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၆၁ မိနစ်တွင် ပြစ်ဒဏ်ဘောမှ ဂိုးဘားမှန်၍ ပြန်ထွက်လာသောဘောလုံးကို ယခုနှစ်ရာသီဂိုးမရရှိသေးဘဲ ဂိုးပေါက်ပျောက်နေသော စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူခဲ့သည်။ ပွဲချိန် ၇၉ မိနစ်တွင် တောင်ပံကစားသမား လာမယ်လာက မန်စီးတီးဂိုးသမား ကာဘယ်လာရိုကို လှည့်ပတ်ပြီး စပါးအသင်းအတွက် စတုတ္ထမြောက်ဂိုးသွင်းယူခဲ့သည်။ စပါးအသင်းသည် မန်စီးတီးအသင်းကို အိမ်ကွင်း၌ ငါးနှစ်အတွင်း နှစ်ကြိမ်မြောက် အနိုင်ယူခဲ့ခြင်း ဖြစ်သည်။

စပါးအသင်း ပွဲစဉ်(၇)အပြီး ရမှတ် ၁၂ မှတ်ရရှိကာ မန်စီးတီးအသင်းမှာ ၁၅ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။ မန်ယူက ဆန်းဒါးလန်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသဖြင့် ရမှတ် ၁၆ မှတ်ဖြင့် ဇယားထိပ်၌ ဦးဆောင်နေသည်။

## CLAIMS DAY NOTICE
## M.V MODERN PEAK VOY:NO (54)

Consignees of cargo carried by M.V MODERN PEAK VOY:NO (54) are here by notified that the vessel will arrive on about 29-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE
## M.V NORTHERN HIGHWAY VOY:NO (59)

Consignees of cargo carried by M.V NORTHERN HIGHWAY VOY:NO (59) are here by notified that the vessel will arrive on about 30-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## စွမ်းအားအပြည့် ခိုင်ခံ့အကြမ်းခံ ဈေးနှုန်းသက်သာ ဒီဇိုင်းလည်းလန်းတာ တို့အားလုံးရဲ့ ကားမက်စ်ပါ။




ကားမက်စ်သုံးဘီးဆိုင်ကယ်များအား နယ်ကိုယ်စားလှယ်အဖြစ် ပူးပေါင်းဆောင်ရွက်လိုသော ဆိုင်ကယ်အရောင်းဆိုင်များအား ရင်းနှီးနွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

မြန်မာနိုင်ငံတဝှမ်းရှိ ဆိုင်ကယ်ဈေးကွက်တည်ရှိရာမြို့နယ်အလိုက် ဆိုင်ကယ်ဈေးကွက်အကြောင်း နားလည်တတ်ကျွမ်းသူများ Marketing ဝန်ထမ်းအဖြစ်ခေါ်ယူလိုပါသည်။

စိတ်ဝင်စားသူများ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မန္တလေး- ၆၇လမ်း × ၆၈လမ်းကြား၊ စွယ်တော်ပွဲရုံတန်း
အမှတ် -စီ-၇၊၈ ။အမရပူရမြို့နယ်၊မန္တလေးမြို့။
၀၉-၇၉၇၅၃၅၂၈၈၊ ၀၉-၇၉၇၂၃၀၅၄၅။
ရန်ကုန် - အမှတ်-(၆၄၁)၊ဆရာရှမ်းလမ်း(၁၈)ရပ်ကွက်၊
ရွှေပြည်သာစက်မှုဇုန်-၂၊ရန်ကုန်မြို့။
၀၉-၂၀၂၅၃၇၊၀၉-၂၅၈၈၅၆၇၀၆၊၀၁-၆၁၈၁၉၉

ရန်ကုန်မြို့ ပြအမွေအနှစ်များ၏ ရာဇဝင်

# မြန်မာကသာမက ကမ္ဘာကပင်လေးစားရသည့် စံပြပုဂ္ဂိုလ် ဦးသန့်နေထိုင်ခဲ့ရာ အိမ်ဂေဟာ

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊
ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့



အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်နှင့် Gantry ပလာဇာ ပန်းခြံအကြား East River ထဲ၌ အလျား ပေ ၁၀၀၊ အနံပေ ၂၀ ရှိသည့် ကျွန်းစုလေး တစ်ခုရှိသည်။ ကျွန်းကလေး၏အမည်ကို မြန်မာနိုင်ငံသားတိုင်းသာမက ကမ္ဘာသူ ကမ္ဘာသားများပါ ပီသစွာ ခေါ်ဆိုနိုင်သည်။ ကျွန်းကလေး၏အမည်က ကုလသမဂ္ဂ၏ တတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကို ဂုဏ်ပြုပြီးမှည့်ခေါ်ထားသည့် ဦးသန့်ကျွန်း ဖြစ်သည်။



လူလုပ်ကျွန်းကလေးဖြစ်သည့် အဆိုပါ ကျွန်းကလေးကို ၁၉၇၇ ခုနှစ်မှာ ဦးသန့်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ကုလသမဂ္ဂ၏ ဒဿနပညာရှင် ဆာချက်မ်ွဳိင်းနှင့် ဦးသန့်ကို ချစ်ခင်လေးစားသူများက အဆိုပြုခဲ့သောကြောင့် U Thant Island လို့ အမည်ပေးထားရခြင်း ဖြစ်သည်။

မြန်မာများအတွက်ရော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအတွက်ပါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းအတွက် စီမံခန့်ခွဲမှုကို ဆောင်ရွက်ရာမှာ ပညာရှင်တစ်ယောက်ဖြစ်ခဲ့ပြီး ဦးနှောက်နှင့် နှလုံးသားပေါင်းစပ်ကာ ပဋိပက္ခများကိုဖြေရှင်းသူအဖြစ် ဦးသန့်သည် ရာဇဝင်မှတ်တမ်းဝင်သူတစ်ဦး ဖြစ်သည်။

ဦးသန့်သည် ၁၉၅၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ် ဦးနု၏ အတွင်းရေးမှူးအဖြစ် နိုင်ငံတော်၏ အရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့စဉ်က ဝင်ဒါမီယာထဲမှ အိမ်ကလေးတစ်လုံး၌ နေထိုင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ကမ္ဘာက အသိအမှတ်ပြုသလို နှစ်ရှည်လများ ချုံနွယ်ပိတ်ပေါင်းများနှင့်ကာဆီးဟောင်းနွမ်းနေသည့် တိုက်အဝါလေးတစ်လုံးသည်လည်း မကြာသေးခင်နှစ်များဆီက ပြန်လည်နိုးထလာခဲ့ပြီဖြစ်သည်။ ယင်းအိမ်ကလေး၌ နေထိုင်သွားသူမှာ မြန်မာ့သမိုင်း၏ ပထမဆုံးနှင့် တစ်ဦးတည်းသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ထပ်ဆင့်တာဝန်ယူခဲ့ဖူးသူ ဦးသန့်ဖြစ်သည်။

"ရှေးဟောင်းအမွေအနှစ်ဆိုတာ မဖြစ်မနေ ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ ရှေးဟောင်းအမွေအနှစ်ဆိုရာမှာ ရုပ်ဝတ္ထုအပြင် တစ်ခါတစ်ရံမှာ ထင်ရှားကျော်ကြားခဲ့သူတွေ၊ သမိုင်းကြောင်းတွေရဲ့ အထင်ကရအခြေအနေတွေ၊ မှတ်တမ်းမှတ်ရာတွေနဲ့ ခြေရာလက်ရာတွေဟာလည်း မဖြစ်မနေ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကြဖို့လိုအပ်တယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောကြားသည်။

ချုံနွယ်ပိတ်ပေါင်းများဖြင့် အိမ်မျက်နှာကွယ်လုနီးပါးဖြစ်ကာ ဟောင်းနွမ်းနေရပြီဖြစ်သည့် ထိုနေအိမ်သည် မြန်မာကို ကမ္ဘာကပင် သိရှိကာ လေးစားထိုက်သည့် ကုလသမဂ္ဂ အထွေအထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နေထိုင်ခဲ့ကြောင်းကို ပြုပြင်မှုမတိုင်မီက သိရှိသူ တဖြည်းဖြည်း နည်းပါးလာခဲ့ဖူးသည်။

ရန်ကုန်မြို့ရှိ ရှေးဟောင်းအမွေအနှစ်များကို ကာကွယ်ပေးရန်အတွက် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြိုးပမ်းလျက်ရှိသည့်အနက် ရန်ကုန်မြို့ ဝင်ဒါမီယာရပ်ကွက်ဟု ခေါ်တွင်ခဲ့သည့် အမှတ် ၃၁ ဦးသန့်နေအိမ်လမ်း(ပန်းဝါလမ်း) ကမာရွတ်မြို့နယ်မှ ဦးသန့်နေအိမ်သည် ယခုဆိုလျှင် ဦးသန့်မိသားစုဝင်များ၏ ကုန်ကျခံမှု၊ ရန်ကုန်ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ နည်းပညာအကူအညီများကြောင့် ရွှေဝါရောင်တောက်ပစွာ သစ်လွင်လှပလာခဲ့ပြီ ဖြစ်သည်။

အဆောက်အအုံကို ၂၀၁၂ ခုနှစ်ကုန်မှ စတင်ပြင်ဆင်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေလတွင် အပြီးသတ်ခဲ့ကာ ၂၀၁၄ နှစ်ဆန်းပိုင်းတွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ "ကိုလိုနီခေတ်လက်ရာတစ်ခု ဖြစ်ပါတယ်။ သို့သော် ရှေးဟောင်းအမွေအနှစ်ဆိုတာထက် သမိုင်းဝင် အထင်ကရ ပုဂ္ဂိုလ်တစ်ဦးနေထိုင်ခဲ့တဲ့ နေရာတစ်ခုဖြစ်တာကြောင့် နောင်လာနောက်သားတွေသိရှိပြီး လေးစားဂုဏ်ယူတတ်ဖို့ ရည်ရွယ်ချက်နဲ့ ပြုပြင်ရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အဖွဲ့ရဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက နိုင်ငံတော်သမ္မတထံကို မေတ္တာရပ်ခံပန်ကြားကာ ပြတိုက်အဖြစ် အသုံးပြုခွင့်ရဖို့ ပန်ကြားခဲ့ပြီး သမ္မတကြီးကလည်း ဦးသန့်ရဲ့ နေအိမ်ကို ဦးသန့်ဘဝ အမှတ်တရဖြစ်စရာသာမက အများပြည်သူတွေအတွက် အကျိုးရှိမယ့် ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေကိုလည်း ကျင်းပသွားဖို့အတွက် အသုံးပြုမယ်လို့ သိထားပါတယ်"ဟု အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဦးသန့်သည် ၁၉၇၄ ခုနှစ်တွင် အဆုတ်ကင်ဆာရောဂါဖြင့် နယူးယောက်မြို့၌ ကွယ်လွန်ခဲ့ပြီးနောက် ဦးသန့်၏ နေအိမ်သည်လည်း နှစ်ကာလကြာမြင့်လာသည့်အတွက် ဟောင်းနွမ်းလာခဲ့ပြီး လူငယ်အများစုသည် ဦးသန့်နေထိုင်ခဲ့ခြင်းကိုလည်း မသိရှိတော့လောက်အောင် ဖြစ်ခဲ့ရကြောင်း ဦးသန့်နေအိမ် ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်သူတစ်ဦးက ပြောပြသည်။

"ဦးသန့်လို တည်ကြည်ခံ့ညားပြီး အများအကျိုးကို ဆောင်ရွက်လုပ်ကိုင်နိုင်တဲ့ နှလုံးလှပိုင်ရှင်လည်းဖြစ်၊ ဉာဏ်ရည်မြင့်မားတဲ့ စီမံခန့်ခွဲမှုပညာရှင်လည်းဖြစ်တဲ့ လူကို အခုခေတ် နိုင်ငံတည်ဆောက်နေတဲ့အချိန်မှာ ပြန်မြင်တွေ့ချင်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့အတွက် ခက်ခဲနေတဲ့ပြဿနာတွေ ပိုလွယ်ကူမယ်။ ဦးသန့်မရှိတော့ပေမယ့် ဦးသန့်ရဲ့စိတ်ထားနဲ့ လူငယ်တွေ တက်ညီလက်ညီဆောင်ရွက်ကြဖို့လိုအပ်တယ်"ဟု ယူနီဆက်ဖ်(မြန်မာ)မှ ဌာနေကိုယ်စားလှယ်က ဆိုသည်။

"တိုင်းပြည်အုပ်ချုပ်ရေးစနစ်တွေအနက် ဒီမိုကရေစီစနစ်ဟာ အခက်ခဲဆုံးဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် အောင်မြင်ဖို့ ပြည်သူ ပြည်သားတွေဟာ အသိဉာဏ်ပညာနဲ့ဆင်ခြင်တုံတရား လုံလောက်စွာထားရှိရမယ်။ အသိဉာဏ်ကင်းမဲ့တဲ့ နိုင်ငံမှာ ဒီမိုကရေစီဟာ ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မယ်"ဟု ပြောထားခဲ့သည့် တတိယမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို နှစ်ကြိမ်တိုင်ထမ်းဆောင်ခဲ့သူ ဦးသန့်ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏နေအိမ်ကို ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံမှ သိရှိရသည်။

ရှေးဟောင်းအမွေအနှစ်ဆိုသည်မှာ မရွှေ့ပြောင်းနိုင်သည့် အမွေအနှစ်များရှိသကဲ့သို့ သမိုင်း၌ ထင်ရှားကျော်ကြားသူများ၊ ၎င်းတို့နှင့် သက်ဆိုင်သည့်အရာများလည်း ပါဝင်သည်။ ထို့အတွက် ပြုပြင်ထိန်းသိမ်းမှုဖြင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ကာ သမိုင်းအမွေအနှစ်များကို ကြွယ်ဝစေရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။




**ကမ္ဘာက အသိအမှတ်ပြုသလို နှစ်ရှည်လများ ချုံနွယ်ပိတ်ပေါင်းများနှင့်ကာဆီးဟောင်းနွမ်းနေသည့် တိုက်အဝါလေးတစ်လုံးသည်လည်း မကြာသေးခင် နှစ်များဆီက ပြန်လည်နိုးထလို့လာခဲ့ပြီဖြစ်**


နယူးယောက်မြို့ အရှေ့မြစ်ထဲမှ ဦးသန့်ကျွန်းကလေး။

ခ ရီး သွ ား ဆေ ာ င် း ပါ း

# ရေပျော်ငှက်တို့ ကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့တစ်ခေါက်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်



**လေအလှူပ် လှိုင်းအပုတ်တွင် သုတ်ခနဲထပျံသွားသော ဗျိုင်းတစ်အုပ်ကို ဓာတ်ပုံရိုက်လိုက်သည်။ မတည်ငြိမ်သောလေကြောင့် ပုံကောင်းမရ၊ လေထဲဝဲပျံလာသော ငှက်တစ်ကောင်ကို ကင်မရာသေသေချာချာချိန်ကာ ခလုတ်ကိုနှိပ်လိုက်ပြီးပြန်ကြည့်ရာ ခြေထောက်အနီရောင်ရှိသော ရေပျော်ငှက်တစ်ကောင်၏ပုံရိပ်ကို ပီပြင်စွာမြင်တွေ့လိုက်ရသဖြင့် ပီတိဖြစ်သွားသည်။ နံနက် ၈ နာရီအချိန်ကပင် ကျွန်တော်တို့ မိုးယွန်းကြီးဘေးမဲ့တောသို့ရောက်ရှိနေခြင်းဖြစ်ပြီး လှေတစ်စင်းဖြင့်ငှက်များကို လိုက်ကြည့်နေခြင်းဖြစ်သည်။**

ရေပြင်နှင့်မြက်ပင်၊ ကိုင်းပင်များပူးတွဲမြင်တွေ့ရခြင်းကြောင့် မိုးယွန်းကြီးအင်းဘေးမဲ့တောက သဘာဝဆန်သည်။ အင်းရေပြင် အချို့နေရာများတွင် ရှင်းလင်းသော်လည်း အချို့နေရာများ၌ ရေပြင်ပေါ်ထိုးထွက်နေသော မြက်ပင်များကြောင့် မြင်ကွင်းကမရှင်းလင်း၊ ခပ်လှမ်းလှမ်းတွင် စိမ်းစိုအုပ်ဆိုင်းနေသောအပင်များကို လှမ်းမြင်ရသည်။ အရိုင်းဆန်သော သဘာဝဝန်းကျင်နှင့်ရေပြင်ကြောင့် ရေပျော်ငှက်များပျော်မွေ့စွာလာရောက်ကျက်စားနေခြင်းဖြစ်မည်ဟု တွေးမိသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောက ရန်ကုန်မြို့နှင့် မိုင် ၇၀ ခန့်သာဝေးသော်လည်း ကျွန်တော်အခုမှ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ နီးလွန်း၍လည်းဖြစ်မည်။ ရန်ကုန်မှ နံနက်ငါးနာရီခန့်ထွက်ခဲ့ရာ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ရောက်ချိန်တွင် နံနက် ၈ နာရီခန့်ပင်ရှိသေးသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ဝေါမြို့နယ်အကြားတွင်တည်ရှိပြီး ဧရိယာစတုရန်းမိုင် ၄၀ ခန့်ကျယ်ဝန်းသဖြင့် ရေပျော်ငှက်များနှင့်ရာသီအလိုက် ရွှေ့ပြောင်းနေထိုင်တတ်သည့် ငှက်များကျင်လည်ကျက်စားနားခိုရာနေရာတစ်ခုဖြစ်လာခဲ့သည်။

ရေတိမ်သဖြင့် လှေကို ဖြည်းဖြည်းချင်းရွှေ့သို့တိုးရသည်။ ရေပြင်နှင့်ကိုင်းပင်၊ မြက်ပင်များအကြား ကျက်စားနေသော စိမ်းညို့နေသော အရောင်အဆင်းဖြင့်ငှက်အချို့ကိုမြင်တွေ့ရသဖြင့် လှေကိုအရှိန်သတ်ပြီး သေသေချာချာကြည့်ရှုလိုက်ရာ မယ်ညိုငှက်များဖြစ်နေသည်။ လူနှင့်မရင်းနှီးသော ငှက်မျိုးဖြစ်ရာ လူအရိပ်အရောင်တွေ့သည်နှင့် ထပျံသွားတော့သည်။ ခပ်လှမ်းလှမ်းရေပြင်တွင် လှုပ်ရှားသွားလာနေသော ငှက်အချို့ကိုမြင်ရသဖြင့် မှန်ပြောင်းဖြင့်ကြည့်လိုက်ရာ စစ်စလီငှက်များ ဖြစ်နေသည်ကို တွေ့ရသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် စစ်စလီ၊ ဒင်ကျီး၊ မယ်ညိုစသည့် ရေပျော်ငှက်မျိုးစိတ် ၅၃ မျိုးရှိပြီး ချိုးလည်ပျောက်၊ လင်ကောင်ပိုး၊ ဇီးကွက်၊ ဗျိုင်း၊ စင်ရော်၊ တောဝမ်းဘဲ စသည့်ငှက်မျိုးစိတ်ပေါင်း ၁၅၅ မျိုးခန့်ရှိကြောင်း သိရသည်။ တချို့ငှက်သုတေသနပညာရှင်များက ရေပျော်ငှက်မျိုးစိတ် ၄၂ မျိုးနှင့်ကုန်းပျော်ငှက်မျိုးစိတ် ၃၃ မျိုးတို့ကျက်စားနေထိုင်ကြသည်ဟု ဆိုသည်။ ယခုကျွန်တော်တို့ မိုးယွန်းကြီး အင်းဘေးမဲ့တောရေပြင်တွင် စစ်စလီနှင့်မယ်ညိုငှက်တို့ကို တွေ့မြင်ခဲ့ရပြီး ဓာတ်ပုံလည်း ရိုက်ခဲ့ပြီ။

အင်းရေပြင်နှင့်မြေကြီးသို့ နီးစပ်သည့်နေရာတွင် ရေတိမ်သဖြင့် ဗျိုင်းအချို့က မလှုပ်မယှက်တည်ငြိမ်စွာရပ်နေရင်း အနီးရောက်လာသည့်ငါးများကို ဖမ်းယူစားသောက်နေသည့်မြင်ကွင်းကို တွေ့မြင်ရသည်။ ငှက်မျိုးလည်းစုံသည်။ ငှက်များ၏ လှုပ်ရှားဟန်နှင့်ပင်ကို စရိုက်အလေ့အထများကိုလည်း စိတ်တိုင်းကျလေ့လာနိုင်သည့်အခွင့်အရေးရရှိသည်မှာ အမှန်ပင်။ သဘာဝရေပြင်တွင် လွတ်လပ်စွာကျက်စားနေသော ငှက်အချို့ကိုလည်း လှမ်းမြင်ရသည်။ မည်သည့်ငှက်အမျိုးအစားဟူ၍ သေချာမသိရှိရ။ အစိမ်းရောင်အမွေးတောင်များနှင့်ခန္ဓာကိုယ်အရွယ်စား ခပ်လတ်လတ်သာရှိသည့် ငှက်အမျိုးအစားဖြစ်သည်။ လှေဖြင့်လှည့်လည်ကာ သဘာဝအလျောက်ကျက်စားနေသော ငှက်မျိုးစုံကို ကြည့်ရှုရသည်မှာ ငှက်ကြည့်ဝါသနာပါသူများအတွက် စိတ်ဝင်စားဖွယ်နေရာတစ်ခုပင်ဖြစ်သည်။ ကိုယ်တိုင်က ငှက်များအလေ့အထကို စိတ်ဝင်စားသူဖြစ်ရာ ပင်ကိုသဘာဝအတိုင်း နေထိုင်သွားလာနေသော ငှက်များကိုကြည့်ပြီး အာရုံနစ်မျောနေမိသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောက ၁၉၈၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၈၈ ခုနှစ် ဧပြီ ၂၂ ရက်မှသာ မိုးယွန်းကြီးဘေးမဲ့တောအဖြစ် တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။ မိုးယွန်းကြီးအင်းမှာ လွန်ခဲ့သည့် ၁၈၇၈ ခုနှစ် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း နွေရာသီအချိန်၌ ရေလျော့နည်းသွားရာ ဖောင်များမျှောရန်အတွက် လိုအပ်သည့်အချိန်တွင် ရေရရှိရန်ရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ကာလအတန်ကြာလာသည့်အခါ သဘာဝအင်းကြီးအဖြစ် ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။

ယခင်က မိုးယွန်းကြီးအင်းအတွင်း နွေရာသီတွင် အနီးဝန်းကျင်ကျေးရွာများက ရေလုပ်သားများ တဲများထိုးကာတစ်နွေလုံး ငါးရှာဖွေလုပ်ကိုင်ခဲ့ကြသည်။ ပန်းခိုင်၊ ကပင်၊ ကရင်စု၊ ခမွန်ရွာများမှ ရေလုပ်သားအချို့လည်း မိုးယွန်းကြီးအင်းအတွင်း နွေရာသီအလုပ်အကိုင်ရှားပါးချိန်၌ ပိုက်ချ၊ မြှုးထောင်၊ တန်းပစ်၊ ကွန်ပစ်စသည့် ရေလုပ်ငန်းများလာရောက်လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ မိုးယွန်းကြီးအင်းကြောင့် ပျဉ်ပုံကြီး၊ ဘုရားကြီး စသည့်ရန်ကုန်-မန္တလေးကားလမ်းပေါ်မှ ရွာများရှိ ထမင်းဆိုင်များတွင် တစ်နှစ်ပတ်လုံးငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ငါးရံ့အူပဟင်းများရရှိခဲ့သည်။ ယခုအချိန်တွင် မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ငါးရှာဖွေခြင်းများ ခွင့်မပြုတော့။ ၁၉၈၈ ခုနှစ်ဧပြီ ၂၂ ရက်မှ စတင်ကာ နိုင်ငံတော်က မိုးယွန်းကြီးအင်းဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီဖြစ်သည်။ အင်းရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော လေသည်အပင်များကြောင့် သန့်စင်လတ်ဆတ်လျက်ရှိသည်။

"ဟိုမှာ တောဝမ်းဘဲတွေ"ဟု လှေဖြင့်လိုက်ပို့သူ ကိုဝင်းရှိန်က လေသံတိုးတိုးဖြင့် လှမ်းပြောသည်။ ညာဘက်ခပ်လှမ်းလှမ်း မြက်ပင်များအကြားလွတ်လပ်စွာ ကူးခပ်သွားလာနေသော တောဝမ်းဘဲများ၊ လှေကိုအသာအယာရွေ့တိုးရင်း အသံမထွက်ရန် အချက်ပြလိုက်သည်။ လက်ထဲမှကင်မရာကို အသာအယာပင့်ကိုင်ရင်း မြင်ကွင်းရှင်းလင်းအောင်ချိန်ကာ ခလုပ်ကိုနှိပ်ရန် လက်ညှိုးတင်လိုက်ချိန်၊ လူရိပ်ကြောင့် ရုတ်ခနဲထပျံသွားသဖြင့် ခလုတ်ကို အမြန်နှိပ်လိုက်ရသည်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက် အုပ်လိုက်ပျံသန်းသွားသော တောဝမ်းဘဲများကို လှမ်းကြည့်နေမိသည်။ သူတို့ဝေးဝေးတော့ မပျံ။ မလှမ်းမကမ်းရေပြင်သို့ ဆင်းသက်သွားကြသည်ကို တွေ့ရသည်။ ကင်မရာမြင်ကွင်းကို ပြန်ကြည့်လိုက်ရာ ပျံသန်းနေသောဝမ်းဘဲများ၏ လှုပ်ရှားမှုပုံရိပ်ကို မြင်တွေ့ရသဖြင့် ဝမ်းသာသွားသည်။

နံနက်ခင်း နေရောင်ဖျော့ဖျော့အောက်တွင် အေးချမ်းတိတ်ဆိတ်နေသော မိုးယွန်းကြီးအင်း ဘေးမဲ့တောက သဘာဝပန်းချီကား တစ်ချပ်နှယ်။ ပျံသန်းနေသောငှက်များ ရေပြင်တွင်ကူးခပ်သွားလာနေသောငှက်များ၊ အုပ်လိုက်သင်းလိုက်ဆင်းသက်ရန် ပြင်ဆင်နေသော ငှက်များနှင့် ငှက်ကြည့်သူကမ္ဘာလှည့်ခရီးသွားများကြောင့် သက်ဝင်လှုပ်ရှားနေသည်။ မိုးယွန်းကြီးအင်းသည် ရေတိမ်သည်။ အချို့နေရာများတွင် ရေအနက် တစ်ပေခန့်သာရှိပြီး အချို့နေရာများတွင် သုံးပေခန့်ရှိသည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်မတ်လမှစတင်ကာ နိုင်ငံတကာရေတိမ်ဒေသအဖွဲ့အစည်းဝင်ဖြစ်လာခဲ့သည်။ မိုးယွန်းကြီးအင်းလည်း ကမ္ဘာ့ထိန်းသိမ်းရမည့် ရေတိမ်ဒေသအဖြစ် အသိအမှတ်ပြုခံခဲ့ပြီဖြစ်သည်။ ဂုဏ်ယူစရာသဘာဝအမွေအနှစ်တစ်ခုပင်။

*စာမျက်နှာ ၁၇ သို့*

**မိုးယွန်းကြီးအင်းမှာ လွန်ခဲ့သည့် ၁၈၇၈ ခုနှစ် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း နွေရာသီအချိန်၌ ရေလျော့နည်းသွားရာ ဖောင်များမျှောရန်အတွက် လိုအပ်သည့်အချိန်တွင်ရေရရှိရန် ရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ကာလအတန်ကြာလာသည့်အခါ သဘာဝအင်းကြီးအဖြစ် ပြောင်းလဲလာခဲ့ခြင်းဖြစ်**



စာမျက်နှာ ၁၆ မှ




မိုးယွန်းကြီးအင်းအရှေ့ဘက်ခြမ်း မြက်ပင်များအစပ်သို့ ငှက်တစ်အုပ်ဆင်းသက်သွားသည်ကို တွေ့ရသည်။ လှေကို ခပ်သွက်သွက်ရှေ့သို့ တိုးသွားရန်အချက်ပြလိုက်သည်။ မြက်ပင်များကြောင့် ခရီးမတွင်လှ၊ ဖြည်းဖြည်းချင်းလှေကိုရှေ့သို့တိုးသွားပြီး ရှာဖွေကြည့်ရာ ရုတ်တရက်မတွေ့၊ လူသံ၊ လှေသံမထွက်အောင် အသာငြိမ်သက်ပြီး စောင့်ကြည့်လိုက်ရာ မီးခိုးရောင်နှင့်အဖြူရောင်ရောစပ်နေသည့် အမွေးနှင့်အတောင်များရှိသော ရေပျော်ငှက်ဆယ်ကောင်ခန့်ကို ခပ်လှမ်းလှမ်း၌တွေ့ရသည်။ ချိုးလည်ပြောက်ငှက်မျိုးလည်းမဟုတ်၊ စင်ရော်ငှက်တို့နှင့်မတူ ခွဲခြားရခက်သည့် ငှက်မျိုးပင်။ ဒီတစ်ကြိမ်တွင် ကင်မရာဖြင့် ကောင်းကောင်းမှတ်တမ်းတင်နိုင်ခဲ့သည်။

ကမ္ဘာတွင်ငှက်မျိုးစိတ်ပေါင်း ၈၆၀၀ ခန့်ရှိကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်ခဲ့ကြသည်။ ယင်းငှက်မျိုးစိတ်များအနက် ဥရောပတွင် ငှက်မျိုးစိတ် ၄၀၀ ကျော်၊ မြောက်အမေရိကတွင် ငှက်မျိုးစိတ် ၆၄၀ ကျော်ရှိပြီး အာရှတွင် ငှက်မျိုးစိတ်အများဆုံးရှိသည်ဟု ဆိုသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့်ထိုင်းတွင် ငှက်မျိုးစိတ် ၉၀၀ ကျော်၊ စင်ကာပူတွင် ၃၃၅ မျိုးခန့်နှင့် မလေးရှား၌ ၇၂၅ မျိုးခန့်ရှိပြီး မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁၁၀၀ ခန့်ရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံ၏ ရေမြေတောတောင်အင်းအိုင်သဘာဝဖြစ်တည်နေမှုမှာ တောရိုင်းငှက်များပျော်မွေ့ကျက်စားရာ အကောင်းဆုံးအနေအထားတွင်ရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားသည်။ သို့သော် လူတို့ကြောင့် ဘေးအန္တရာယ်ပြုခြင်းခံရသည့် ငှက်အရေအတွက်အများဆုံးမှာလည်း မြန်မာနိုင်ငံပါဝင်နေသည်မှာ သတိပြုဆင်ခြင်ဖွယ်ပင်ဖြစ်သည်။

နေတဖြည်းဖြည်းမြင့်လာသဖြင့် ငှက်များကို လိုက်လံကြည့်နေရာမှ လှေကိုပြန်လှည့်ခဲ့သည်။ နေရောင်ပူပြင်းသော်လည်း တသုန်သုန်တိုက်ခတ်နေသောလေပြေညင်းကြောင့် အပူဒဏ်လျော့ပါးလျက်ရှိသည်။ မိုးယွန်းကြီး အင်းရေပြင်တွင် ငှက်များက ပျံတက်လိုက်၊ ပျံဆင်းလိုက်၊ တစ်နေရာမှတစ်နေရာရွှေ့ပြောင်းလိုက်ဖြင့် အနှောင့်အယှက်ကင်းစွာ နေထိုင်လျက်ရှိသည်ကို မြင်တွေ့ရသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောမှာ ကမ္ဘာအနှံ့ရွှေ့ပြောင်းဆောင်းခိုငှက်များပျံသန်းရာ လမ်းကြောင်းများအနက် ASIAN FLY WAY နှင့် AUSTRILLAN FLY WAY လမ်းကြောင်းနှစ်ခုမှာ မြန်မာနိုင်ငံပေါ် ဖြတ်သန်းကြသည်ဖြစ်ရာ ရွှေ့ပြောင်းဆောင်းခိုငှက်များ ဆင်းသက်နားရာနေရာတစ်ခုဖြစ်လာခဲ့သည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်များ ကြည့်ရှုလေ့လာရန်အကောင်းဆုံးအချိန်မှာ နှစ်စဉ် နိုဝင်ဘာလမှ မတ်လအတွင်းဖြစ်ပြီး ခရီးသွားဧည့်သည်များအတွက် သွားလာရေးလည်း အဆင်ပြေသည့်အချိန်ကာလ



ဖြစ်သည်။ နှစ်စဉ် ယင်းကာလ၌ လာရောက်ကြသည့် ခရီးသွားဧည့်သည်များလည်းများပြားကြောင်း သိရသည်။

လှေပေါ်မှပြန်တက်လာပြီး ရေတိမ်ဒေသဆိုင်ရာ ပြခန်းကို သွားရောက်လေ့လာခဲ့သည်။ မိုးယွန်းကြီး အင်းဘေးမဲ့တောအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး ရေတိမ်ဒေသများဖြစ်သည့် အင်းတော်ကြီး၊ အင်းလေး၊ ဝက်သည်းကန်အင်း၊ မိန်းမလှကျွန်း စသည်တို့ကို ဖော်ပြထားသည်။ ရေတိမ်သဘာဝပတ်ဝန်းကျင်ဒေသများအနက် လူနေဒေသနှင့် နီးကပ်ရောယှက်နေသည့် နေရာများမှာ မိုးယွန်းကြီးအင်းနှင့် အင်းလေးတို့ဖြစ်ကြောင်း သိရသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောအတွင်း ကျက်စားနေသော ရေပျော်၊ ကုန်းပျော်ငှက်များ၊ ငါးမျိုးစိတ်များ၊ တိရစ္ဆာန်မျိုးစိတ်များကိုလည်း သိရှိခဲ့ရသည်။ ဗဟုသုတများစွာ မှတ်သားစရာများပင်ဖြစ်သည်။

မိုးယွန်းကြီး အင်းဘေးမဲ့တောပြခန်းမှ ပြန်ထွက်ခဲ့ပြီး ခရီးသွားဧည့်သည်များ တည်းခိုနိုင်သည့် ရေပေါ်လှေအိမ်များကိုလှမ်းကြည့်မိသည်။ ဧည့်သည်နှစ်ဦးမှသုံးဦးအထိ တည်းခိုနိုင်သည့် ရေပေါ်လှေအိမ်များကို အမြင်ဆန်းစွာမြင်တွေ့ရသည်။ မိသားစုလိုက်တည်းခိုနိုင်သော ကျယ်ဝန်းသည့် တည်းခိုခန်းများ၊ စင်္ကြံလမ်းများနှင့်ငှက်ကြည့်စင်များကို တွေ့မြင်ရသည်။ သစ်သားဖြင့်ပြုလုပ်ထားသော ရေပေါ်စင်္ကြံလျှောက်လမ်း တံတားပေါ်က ဖြတ်လျှောက်ချိန်တွင် ထူးခြားသောခံစားမှုဖြစ်ပါစေသည်ကအမှန်ပင်။

တိတ်ဆိတ်အေးချမ်းပြီး ကျေးငှက်များသဘာဝ၊ အလေ့အထများကိုပကတိအတိုင်း မြင်တွေ့လေ့လာရသည့် ကြည်နူးမှုက ထူးခြားစွာရင်ထဲဖြစ်ပေါ်ခံစားရသည်။ သဘာဝကို သဘာဝအတိုင်း မြင်တွေ့ခံစားရသောနေရာများက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှားပါးကုန်ပြီဖြစ်သည်။ လူတို့ပြုပြင်မွမ်းမံထားသော သဘာဝပတ်ဝန်းကျင်အတုများကိုသာ မြင်တွေ့ခံစားနေရသည့် ယနေ့ကာလတွင် မိုးယွန်းကြီးအင်းသဘာဝဘေးမဲ့တောက တစ်မူထူးခြားစွာဖြစ်တည်နေသည်မှာ ဝမ်းသာဂုဏ်ယူစရာပင်ဖြစ်သည်။

ရန်ကုန်မြို့မှ ၂ နာရီခွဲသာသာမျှသာ ကားဖြင့်သွားရသော မိုးယွန်းကြီးအင်းဘေးမဲ့တောက လာမည့်ဆောင်းရာသီတွင် ငှက်ကြည့်ခရီးသွားဧည့်သည်များ၊ အပန်းဖြေမည့် ခရီးသွားဧည့်သည်များနှင့် စည်ကားနေတော့မည်ဟု အပြန်လမ်းတစ်လျှောက် အတွေးများရစ်ဝဲနေသည်မှာ အမှန်ပင်။ ။



# အသံဖလှယ်သည့်အစဉ်အလာ(၂)

မောင်ခင်မင်(ဓနုဖြူ)

"သတိရလို့ တစ်ခုလောက်မေးချင်ပါတယ် ဆရာ"

"ဘာပါလိမ့်"

"အခုလို နိုင်ငံခြားစကားလုံးတွေကို မြန်မာလိုအသံဖလှယ်တာမျိုးဟာ အခုဆရာပြောပြတဲ့ ဆရာယုဒသန်တို့၊ ကင်းဝန်မင်းကြီးတို့မတိုင်ခင်ရှေးခေတ်တွေတုန်းကလည်း ရှိမယ်ထင်လို့ပါ ဆရာ"

"ဟာ. . . ရှိတာပေါ့။ ခုဆရာပြောနေတာက တစုတစည်းတည်းသိသာမြင်သာတဲ့ သာဓကတွေကို ပြောပြတာလေ။ တကယ်တော့ ပုဂံခေတ်ကတည်းက ပြည်ပနိုင်ငံတွေနဲ့ဆက်ဆံတဲ့အခါ တွေ့ရတဲ့ နေရာဒေသနာမည်တွေ၊ လူပုဂ္ဂိုလ်နာမည်တွေကို မြန်မာမှုပြုပြီး အသံဖလှယ်တဲ့ အစဉ်အလာရှိတာပေါ့ကွယ်"

"သမီးတို့ သိချင်ပါတယ် ဆရာ"

"ဆိုပါတော့။ ပုဂံခေတ် တရုတ်ပြေးမင်းလက်ထက်မှာ တရုတ်တပ်တွေ မြန်မာနိုင်ငံထဲဝင်လာလို့ ရှင်ဒိသာပါမောက္ခဆိုတဲ့ ရဟန်းတော်ကို မွန်ဂိုဧကရာဇ်ဆီ သံတမန်အဖြစ်စေလွှတ်ပြီး ဆွေးနွေးတဲ့အကြောင်း ရှင်ဒိသာပါမောက္ခက ကျောက်စာရေးထိုးထားတယ်။ အဲဒီထဲမှာ 'တန်ဆောင်မုန်းကားတယ်တူတက်လေ၏'ဆိုတာပါတယ်။ တယ်တူဆိုတာ အဲဒီတုန်းက ဘေဂျင်း (ပီကင်း)ကို ခေါ်တာလေ။ 'တယ်တူ'ကို အသံဖလှယ်ပြီး မှတ်တမ်းတင်ထားတာတွေ့နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အင်းဝခေတ်မှာရေးထိုးတဲ့ စစ်ကိုင်းမဟာသီဟသူရကျောက်စာမှာလည်း တရုတ်မင်းကလွှတ်လိုက်တဲ့ သံတမန်က မြန်မာမင်းဆီ အခစားဝင်တာ 'တရုတ်ဘာသာ ဟန်လိလာဖြင့် နဖူးတိုက်ပါပြီ'လို့ ရေးထားတယ်။ အဲဒီမှာ 'ဟန်လိလာ'ဆိုတာ တရုတ်ရှေးဟောင်းထုံးတမ်းအစဉ်အလာလို့ အဓိပ္ပာယ်ရတဲ့ တရုတ်စကားပဲ။ အဲဒီထုံးစံနဲ့အညီ ကြမ်းပြင်ကို နဖူးနဲ့ထိပြီး အရိုအသေပေးတာကို ဆိုလိုတာလေ။ 'ဟန်လိလာ'ဆိုတဲ့ တရုတ်စကားကို အသံဖလှယ်ထားတာပေါ့"

"ကျွန်တော်တို့ ဒီစကားကို မကြားဖူးပါဘူးဆရာ။ မှတ်ထားပါ့မယ်"

"ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက်မှာ မြန်မာနိုင်ငံကို တရုတ်သံအဖွဲ့ရောက်တဲ့အကြောင်း ဝက်မစွတ်နဝဒေးက 'တရုတ်သံရောက် မော်ကွန်း'ဆိုပြီး ဖွဲ့ထားတယ်။ အဲဒီအထဲမှာ တရုတ်သံတမန်တွေရဲ့ နာမည်တွေ ထည့်ဖွဲ့ထားတယ်။ 'ရမ့်တာလောရဲ၊ ရင့်ဆင့်ရဲနှင့်၊ လဆင်ရဲယုံ၊ စုံလောစုံက၊ လိုလုံကျည်ခို၊ လီဟိုခံစို့ တမန်တို့သည်' တဲ့။ ရမ့်တာလောရဲတို့၊ ရင့်ဆင့်ရဲတို့၊ လဆင်ရဲတို့၊ စုံလောစုံတို့ဆိုတဲ့ အဲဒီ တရုတ်သံတမန်နာမည်တွေ ရာဇဝင်ထဲမှာလည်းပါပါတယ်"

"စိတ်ဝင်စားစရာကောင်းပါတယ် ဆရာ"

"အဲဒီနဝဒေးပဲရေးတဲ့ 'အာသံနိုင်မော်ကွန်း' ဆိုတာရှိသေးတယ်။ အဲဒီအထဲမှာ အာသံစော်ဘွားတွေရဲ့ နာမည်ကို အသံဖလှယ်ထားတယ်။ 'စန္ဒနရိန်၊ ဂန္ဓရိုန်ကို'လို့ဖွဲ့တာ 'စန္ဒရဂန္ဓရိုန်'ဆိုတဲ့ စော်ဘွားနာမည်ပဲ။ မူလနာမည်က Chandra Kanta Singh ချန္ဒရာကန္တာဆင်းဆိုတဲ့ 'ဇော်ရော်ဇနတ်'ဆိုတာလည်းရှိတယ်။ Brajannath Singh ဆိုတဲ့ စော်ဘွားနာမည်ပေါ့။ ပြီးတော့ အာသံကမြို့တွေကို အနိုင်ရတဲ့အကြောင်း၊ 'ဂေါ်ရခေါင်နောက်၊ ရောင်ပွတ်ရောက်လည်း၊ ပန်းလောက်ပမာ၊ တစ်ပွင့်သာတည့်' လို့ဖွဲ့တယ်။ ဂေါ်ရခေါင်ဆိုတာ Garhgaon မြို့၊ ရောင်ပွတ်ဆိုတာ Rungpour မြို့တွေပေါ့ကွယ်။ ဂွာဟတ္တိမြို့ဆိုတာလည်း Gouhati ကို အသံဖလှယ်တာပေါ့"

"ဟုတ်ကဲ့ပါဆရာ။ နားလည်ပါပြီ"

"နောက်အိမ်နီးချင်းနိုင်ငံတွေရဲ့ နာမည်တွေကို အသံဖလှယ်တာလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ အိန္ဒိယပြည်ကို အရင်က 'ကုလားတိုင်း' လို့ရေးတာများတယ်။ ပါဠိအရေးအသားကို လိုက်ရေးပုံပဲ။ တရုတ်ကို 'စိနရဋ္ဌစိန့်တိုင်း'လို့ရေးတယ်။ China ကို အသံဖလှယ်တော့ 'စိန်'ပေါ့။ မြန်မာမှုပြုလိုက်တော့ 'စိန့်'ဖြစ်သွားတာပေါ့။ ထိုင်းကို 'ယိုးဒယား'လို့ခေါ်တာက 'အယုဒ္ဓယ' ဆိုတဲ့နာမည်နဲ့ ဆက်စပ်တယ်။ လာအိုက 'လင်းဇင်း'မြို့၊ ဗီယက်နမ်ကို 'စမ္ပာ' လို့ တွေ့ရတယ်။ အသံဖလှယ်ထားတာပေါ့။ ထိုင်းက 'ချင်းမိုင်' ကို 'ဇင်းမယ်' လို့ အသံဖလှယ်ထားတာအခုအထိ အသုံးတွင်နေတုန်းပဲလေ"

"ဆရာ 'ကမ္ဘောဒီးယား'ကို အရင်ခေါ်တဲ့ 'ကန်ပူးချား'တို့ဟာ 'ကမ္ဘောဇ' နဲ့ အသံချင်းနီးစပ်တယ်ထင်ပါတယ်"

"ဟုတ်တာပေါ့။ ကမ္ဘောဇတိုင်းလို့ အရင်ကခေါ်တာလေ။ ရာဇဝင်ကျမ်းတွေ၊ မင်းအမိန့်တော်တွေထဲမှာ အသေးစိတ်လေ့လာနိုင်ပါတယ်"

"နောက်ပိုင်းမှာတော့ အင်္ဂလိပ်စကားလုံးတွေကို ဖလှယ်တာများမယ်ထင်တယ်နော်ဆရာ"

"ဖြစ်နိုင်ပါတယ်။ အင်္ဂလိပ်နဲ့အထိအတွေ့ပိုများတော့ အင်္ဂလိပ်စကားလုံးတွေကို အသံဖလှယ်တာများမှာပေါ့။ ဒါထက်. . . ပြောရဦးမယ်။ ဦးကြင်ဥရဲ့ ပါပဟိန်ပြဇာတ်မှာ ပါပဟိန်မင်းသား အရက်မူးပြီးဆိုတဲ့ ကဗျာပါတယ်။ အဲဒီကဗျာမှာ 'တစ်ကျွန်းပါ၊ ဗြန်သူရာစည်ပေါက်ကယ်၊ မီးတောက်မှဖမ်း' ဆိုတဲ့ အပိုဒ်ပါတယ်။ 'ဗြန်သူရာ'ဆိုတာဘာလဲ။ သိကြသလား"

"မသိပါဘူး ဆရာ"

" 'ဗြန်' ဆိုတာ 'ဘရန်ဒီ' (Brandy) ကို အသံဖလှယ်ထားတာလေ။ ပါပဟိန်မင်းသားက ဘရန်ဒီသောက်တယ်ဆိုတော့ သိပ်ခေတ်မီတာ ပေါ့"

"အဲဒီတုန်းက ဘရန်ဒီဆိုတဲ့စကားလုံးကို အများသိနေလို့ ဦးကြင်ဥက ထည့်ရေးတာနေမှာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ နောက်ဦးပုညရဲ့ မေတ္တာစာတစ်ပုဒ်မှာပါတဲ့ စကားတစ်လုံးကလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ ဆိပ်ကမ်းကိုကပ်လာတဲ့ နိုင်ငံခြားသင်္ဘောက သင်္ဘောသားတွေက 'ကပ္ပလီပူရဒမ်'လို့ ပြောတယ်တဲ့။ အဲဒီစကားရဲ့ အဓိပ္ပာယ်ကို တိတိကျကျမသိဘူးလေ"

"ဟုတ်ကဲ့ပါ"

"ဆရာတို့ရဲ့ ဆရာ မြန်မာစာပါမောက္ခ ဦးမောင်မောင်ကြီးကတော့ အဲဒီစကားဟာ come please for dance ဆိုပြီး သင်္ဘောပေါ်မှာ ပျော်ပျော်ပါးပါးလာပြီး ကကြဖို့ဖိတ်ခေါ်တဲ့ စကားဖြစ်မယ်လို့ ကြံဆဖူးတယ်"

"ဩော်. . . ဟုတ်လားဆရာ။ စိတ်ဝင်စားစရာကြီးနော်"

"အင်္ဂလိပ်နဲ့စစ်ဖြစ်ပြီးတဲ့နောက် မြန်မာနိုင်ငံမှာကိုယ်စားလှယ်အဖြစ်လာနေရတဲ့ မေဂျာဘာနေး (Major Burney) ကို 'မယ်ဇယ်ဘော်ရနီ' လို့အသံဖလှယ်တယ်။ 'ကာနယ်ဘာနေး'ဖြစ်သွားတော့ 'ကောရနေဘရဏီ' တဲ့။ မယ်ဇယ်ဘော်ရနီကို 'ရာဇတင်'မင်းကြီးအဖြစ် ခန့်ထားတဲ့အကြောင်း လွှတ်တော်မှတ်တမ်းမှာတွေ့ရတယ်။ 'ရာဇတင်'ဆိုတာ'residence' ကို အသံဖလှယ်တာလေ"

"ဆရာ. . . . ယောမင်းကြီးဦးဘိုးလှိုင်ရဲ့ စာအုပ်တွေမှာရော ဘယ်လိုအသံဖလှယ်ပါသလဲ"

"အေး. . . အဲဒါပြောဖို့ပဲလေ။ ယောမင်းကြီးရဲ့ကျမ်းတွေထဲမှာ အနောက်နိုင်ငံက အယူအဆတွေပါတဲ့ကျမ်းတွေရှိတယ်။ အဲဒီကျမ်းတွေမှာ အသံဖလှယ်တာတွေ ပါတာပေါ့။ ဆိုပါတော့ကွယ်. . . ယောမင်းကြီးဟာ တပည့်ဖြစ်သူ ဖန်ချက်ဝန်မင်းထင် ပညာသိဒ္ဓိကျော်ခေါင်နဲ့တွဲပြီး 'လောကဓာတ်ဆေးကျမ်းကြီး'ဆိုတဲ့ ဘာသာပြန်ကျမ်းတစ်ကျမ်း ပြုစုထားတယ်ကွဲ့"

"ဆေးပညာကျမ်းပေါ့နော် ဆရာ"

"လောကဓာတ်ဆေးကျမ်းကြီးလို့ နာမည်ပေးထားပေမယ့် ဆေးပညာကျမ်းမဟုတ်ဘူး။ ဓာတုဗေဒကျမ်းပါ။ ပြင်သစ်အခေါ် 'ရှမီ'၊ အင်္ဂလိပ်အခေါ် 'ကယ်မစ္စတြီ' ကျမ်းကိုဘာသာပြန်တယ်လို့ ဖော်ပြထားတယ်"

"ရှမီတို့ ကယ်မစ္စတြီတို့ဆိုတာ အသံဖလှယ်ထားတာပေါ့နော်"

"ဟုတ်တယ်။ ဖန်ချက်ဝန်က နိုင်ငံခြားကိုပညာတော်သင်သွားခဲ့ပြီး ပြင်သစ်ဘာသာတတ်တော့ ယောမင်းကြီးက ဖန်ချက်ဝန်ရဲ့ အကူအညီနဲ့ ဘာသာပြန်တာပေါ့ကွယ်။ ဓာတုဗေဒဝေါဟာရတွေကို ဆီလျော်ရာ ပါဠိဝေါဟာရတွေနဲ့ ဘာသာပြန်ထားတာ စိတ်ဝင်စားစရာကောင်းတယ်။ ဒြပ်စင်ကို သုဒ္ဓတဲ့၊ ဒြပ်ပေါင်းကိုမိဿကတဲ့၊ ဒြပ်ရောကိုဝိလိနတဲ့။ လျှပ်စစ်ကိုအကွဲ့ဏိကတဲ့။ တခြားကျမ်းတွေမှာလည်း ဗိဇစ်ကျမ်းတို့၊ ဂျော်လော်ဂျီကျမ်းတို့ကို လေ့လာသင့်ကြောင်း ရေးထားတယ်လေ"

"ဩော်. . . physics နဲ့ geology ကိုအသံဖလှယ်တာပေါ့နော်ဆရာ"

"ဟုတ်တယ်။ ဥတုဘောဇနသင်္ဂဟကျမ်းမှာတော့ အသံဖလှယ်တာပိုများများ တွေ့ရတယ်"

"ပြောပြပါဆရာ"

" Hydrogen ကို ဟိုက်ဒရော်ဂျင်တဲ့၊ Oxygen ကိုအောက်ကစီဂျင်တဲ့၊ Chloroform မေ့ဆေးကို ကလော်ရဖန်လို့ ဖလှယ်တယ်"

"ဟုတ်ကဲ့ပါ"

"Chloric acid ကို ကလော်ရစ်အာစစ်တဲ့။ Ballon မီးပုံးပျံကိုတော့ ဗလွန်းတဲ့၊ Whisky ကိုတော့ ဝှစ္စကီတဲ့၊ Ale ကိုတော့ အေလလို့ ဖလှယ်တယ်"

"ဟုတ်ကဲ့ပါ"

"ဩော်. . . မင်းတုန်းမင်းလက်ထက်မှာ မြောင်လှမြို့စား နိုင်ငံခြားဝန်ထောက်ဦးခြိမ့်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလည်း ပူတကေစပိန်အီတာလျံသွားမှတ်တမ်းဆိုပြီး ရေးသေးတယ်"

"ပူတကေဆိုတာ ပေါ်တူဂီလား ဆရာ"

"ဟုတ်ပါတယ်။ အဲဒီမှတ်တမ်းမှာလည်း အသံဖလှယ်တာတွေပါတယ်။ တစ်ခုပဲပြောပြမယ်။ ဦးခြိမ့်က မိတ်ဆွေသံတော်ဆင့်နှစ်ယောက်ဆီရေးတဲ့စာမှာ 'နှုတ်မတုထိုက်အောင် သိုင်းကရုလိုက်ပါကြောင်းကိုကြားရောက်လိုက်ပါသည် အဆွေသံတော်ဆင့် မင်းနှစ်ဦးတို့'လို့ ရေးထားတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ 'သိုင်းကရုလိုက်ပါသည်'ဆိုတာက thank you လို့ ကျေးဇူးတင်ကြောင်း အသံဖလှယ်သုံးလိုက်တာပါ"

"ဟုတ်ကဲ့ပါ"

"အဲဒါကို ကိုလိုနီခေတ်မှာ ပါဠိသန်တဲ့ ပညာရှိကြီးတစ်ယောက်က သိုင်းကရုရဲ့အဓိပ္ပာယ်ကိုမသိတော့ သိုင်းကရုတော့မဖြစ်နိုင်ဘူး 'ကသိုဏ်းရှု' လို့ ရေးဖို့ဟာကို မှားရေးမိတာထင်တယ်လို့ မှတ်ချက်ချသတဲ့ကွယ်"

ကဲ. . . နားဦးစို့။

**ပုဂံခေတ် တရုတ်ပြေးမင်းလက်ထက်မှာ တရုတ်တပ်တွေ မြန်မာနိုင်ငံထဲဝင်လာလို့ ရှင်ဒိသာပါမောက္ခဆိုတဲ့ ရဟန်းတော်ကို မွန်ဂိုဧကရာဇ်ဆီ သံတမန်အဖြစ်စေလွှတ်ပြီး ဆွေးနွေးတဲ့အကြောင်း ရှင်ဒိသာပါမောက္ခက ကျောက်စာရေးထိုးထားတယ်**

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်

# အဆင့်မြင့်စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနေသည့် တစ်ခုတည်းသောတက္ကသိုလ်ကြီး

သတင်းဆောင်းပါး- ရှုလိုင်မိုး(မြန်မာ့အလင်း) ဓာတ်ပုံ - ကလျာမိုးမြင့်




"ကျွန်တော်က ကျေးလက်မှာမွေးဖွားတဲ့ ကျေးလက်သားလေးတစ်ဦးဆိုလည်း မမှားပါဘူး။ ကျွန်တော်တို့စားဝတ်နေရေးအတွက် အဖေနဲ့ အမေက မိရိုးဖလာအစဉ်အလာအတိုင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း အလုပ်နဲ့လက်မပြတ်အောင် လုပ်ကိုင်ရင်း ကျွန်တော်တို့ မောင်နှမတွေကို လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် ကြိုးစားရုန်းကန် ကျွေးမွေးခဲ့ရပါတယ်။ အဖေနဲ့အမေက ဘိုးဘွားစဉ်ဆက် တောင်ယာလုပ်လာကြတဲ့သူတွေ ဖြစ်တဲ့အတွက် ရိုးသားဖြူစင်ကြပါတယ်။ အဖေတို့ အမေတို့က ကျွန်တော်တို့ပညာရေးကိုအားပေးခဲ့တယ်။ သားသမီးတွေကို ပင်ပန်းမှာစိုးလို့ လယ်ယာလုပ်ငန်းခွင်နဲ့ မနီးစပ်စေချင်ဘူး။ ကျွန်တော်ကတော့ မိဘရဲ့အမွေကို ဆက်ခံချင်တယ်ဆိုရမလားမသိဘူး လယ်ယာလုပ်ငန်းကို စိတ်ဝင်စားတယ်။ ဒါကြောင့် စိုက်ပျိုးရေးတက္ကသိုလ်ကို တက်နိုင်အောင်ကြိုးစားခဲ့တယ်" ဟု စိုက်ပျိုးရေးတက္ကသိုလ် တတိယနှစ်တွင် ပညာသင်ကြားနေသည့် ပအိုဝ်းတိုင်းရင်းသားလေး ခွန်ပန်းမောင်က သူ၏ဘဝအကြောင်းနှင့် တက္ကသိုလ်သို့ရောက်လာရသည့် ရည်ရွယ်ချက်ကို ပြောပြသည်။

သို့သော် သူက တောင်သူအလုပ်ကို မိရိုးဖလာနည်းဖြင့်မလုပ်။ ခေတ်မီ နည်းပညာများဖြင့် လုပ်ကိုင်နိုင်ရန်ဖြစ်သည်။ ယခုခေတ်တွင် နည်းပညာရပ်များ ဆန်းသစ်လာသလို လူဦးရေတွင်လည်း ယခင်နှင့်မတူ တိုးတက်လာလျက်ရှိသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်နည်း၊ ပျိုးနည်းနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်လျက်ရှိသည်။ ယခုလို အသိပညာရှင်၊ အတတ်ပညာရှင်များကို အလုံးအရင်းဖြင့် မွေးထုတ်ပေးနေသည့် တစ်ခုတည်းသော တက္ကသိုလ်သည် စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းတော်ကြီးပင်ဖြစ်သည်။

" ဒီကျောင်းက စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ မသိရသေးတာတွေ အကုန်လုံးသိရတယ်။ စိုက်ခင်းထဲမှာ ကျတဲ့ပိုးကောင်တွေအကြောင်း၊ အပင်ရောဂါတွေ အကြောင်း၊ ဓာတ်မြေဩဇာနဲ့ပတ်သက်တဲ့အကြောင်း၊ မြေဆီလွှာနဲ့ ပတ်သက်တဲ့အကြောင်းတွေ သိရတယ်။ ကျွန်တော်တို့ နယ်ဘက်က စိုက်ပျိုးရေးလုပ်မရတဲ့မြေ အချို့ရှိတယ်။ ဒီကျောင်းမှာ တက်တဲ့အတွက် မြေကို ပြန်ပြင်တဲ့ နည်းတွေ သိရတဲ့ အတွက် နယ်ပြန်ရောက်ရင် ကိုယ်တတ်ထားတဲ့ ပညာတွေကို နယ်ကတောင်သူတွေဆီ ပြန်လည်မျှဝေမယ်။ စိုက်ပျိုးမရတဲ့မြေတွေကို ပြန်ပြင်ပြီး စိုက်ပျိုးအောင်မြင်အောင် ခေတ်မီနည်းပညာရပ်တွေနဲ့ ပြုလုပ်မယ်။ အဲလိုတွေလုပ်နိုင်အောင်လည်း ကျောင်းမှာ စာတွေ့ရော လက်တွေ့ပါ သင်ကြားပေးတယ်။

"ကျွန်တော်ကတော့ မြေဆီလွှာနဲ့ ပတ်သက်တဲ့ အပိုင်းကို ပိုစိတ်ဝင်စားတယ်။ ကျွန်တော်တို့ဆီမှာ အာလူးကို အဓိကထားစိုက်ပျိုးပါတယ်။

"အဆောင်နေရတာနဲ့ ပတ်သက်လို့ ကောင်းပါတယ်။ အဆောင်မှာ သူငယ်ချင်းတွေနဲ့စုပြီး စာလုပ်လို့ရတယ်။ မသိတာတွေ မေးလို့ရတယ်။ အစားအသောက် အပိုင်းနဲ့ပတ်သက်လို့ ထမင်းကို နည်းနည်းလေးပိုကောင်းအောင် လုပ်ပေးစေချင်တယ်။ ဟင်းကလည်း ထပ်တာများတယ်။ အဲဒါလေးတွေ ပြင်ပေးမယ်ဆိုရင်တော့ ဘာမှကိုပြောစရာမရှိလောက်အောင် အဆင်ပြေပါတယ်။

"ရေမီးကလည်း အဆင်ပြေပါတယ်။ ဒီကျောင်းကို တက်ရတာ ကုန်ကျစရိတ် သက်သာတယ်။ ကျူရှင်မရှိတဲ့အတွက် ကျူရှင်ခအကုန် သက်သာတယ်။ ကိုယ့်အားကိုယ်ကိုးရတဲ့စိတ်တွေ ပိုပြီးဖြစ်စေတယ်။ စာရွက်စာတမ်းကြေးလည်းမများတဲ့အတွက် သာမန်မိသားစုက သူတွေအတွက်လည်း အဆင်ပြေပါတယ်။ အခက်အခဲကတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက် စကားပြော နားလည်ရခက်တယ်။ စာသင်ကြားတဲ့အပိုင်းမှာ ကျွန်တော်တို့ တတိယနှစ်မှာဆို စာသင်ခန်းတစ်ခန်းထဲမှာပဲ ကျောင်းသား ကျောင်းသူ ဦးရေ ၅၀၀ ကျော်သင်ရတာ သိပ်အဆင်မပြေဘူး။ လက်တွေ့လုပ်ငန်းလုပ်တဲ့နေရာမှာလည်း တစ်ယောက်ချင်းစီ လုပ်ရရင် ပိုကောင်းပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အမှန်တကယ် ရင်ထဲမှာ ထက်သန်တဲ့ဆန္ဒကြောင့်သော်လည်းကောင်း၊ မိရိုးဖလာအစဉ်အဆက် မျိုးစေ့ချခဲ့သည့် လမ်းကြောင်းအရ သော်လည်းကောင်း ရည်ရွယ်ချက်ကိုယ်စီဖြင့် တက္ကသိုလ်ပရိဝုဏ်အတွင်း လျှောက်လှမ်းနေကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အရောင်အသွေးစုံလင်စွာ တွေ့မြင်ရမည်ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံဟုဆိုရာတွင် ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် အထူးဒေသများဖြစ်သည့် ဝ၊ ပအိုဝ်း၊ ဓနု၊ ပလောင်၊ အင်း စသည့် တိုင်းရင်းသားလူမျိုးများမှာလည်း အဆိုပါကျောင်းသို့ တက်ရောက်ရန် စိတ်ပါဝင်စားမှု များပြားလာကြောင်း သိရသည်။

"၂၀၀၅-၂၀၀၆ ပညာသင်နှစ်ကစပြီး ဝင်ခွင့်ကို ရေဆင်းတက္ကသိုလ်ကို တိုက်ရိုက်လျှောက်လွှာတင်တဲ့စနစ် ပြုလုပ်လိုက်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာတော့ ကျောင်းသားဦးရေ ၃၂၀၀ ကျော် ရှိတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာတော့ လျှောက်လွှာတင်တဲ့ ကျောင်းသားဦးရေ ၁၅၀၀ ကျော်ပဲရှိတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနှစ်မှာ ဝင်ခွင့်ကို အမှတ် ၃၆၀ အထိ တိုးမြှင့်ခေါ်လိုက်တဲ့အတွက် နည်းသွားတယ်။ ဒီနှစ်ကိုတော့ ကျောင်းသား ၄၅၀ ကို ရွေးချယ်ခေါ်ယူသွားမယ်။ အစကတော့ ၄၀၀ ပဲလက်ခံမယ်ပေါ့။ အခုက ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုနဲ့ စပါးသီးနှံ အထူးသင်ရိုးညွှန်းတမ်းသင်တန်းအတွက် သင်တန်းသား ၅၀ ခေါ်ယူမယ်။ ဆရာတို့ ကျောင်းရဲ့ စာသင်ခန်း၊ စာသင်ဆောင်လိုအပ်ချက်အရ အများဆုံးလက်ခံနိုင်တာ ၅၀၀ ပဲ လက်ခံနိုင်ပါသေးတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

"နေရေးထိုင်ရေးနဲ့ ပတ်သက်လို့စီစဉ်ထားပေးတာတွေကတော့ အဆောင်ကိုးဆောင်ရှိမယ်။ ယောကျ်ားလေး လေးဆောင်နဲ့ မိန်းကလေး ငါးဆောင်ပါ။ ကျောင်းသားပေါင်း ၂၀၀၀ ကျော်ရှိတဲ့အနက် ၉၅ ရာခိုင်နှုန်းလောက်က အဆောင်နေကြပါတယ်။ အဆောင်နဲ့ စားသောက်စရိတ်ကိုတော့ တစ်လကိုငွေကျပ် ၃၀၀၀၀ နှုန်း ကောက်ခံထားတယ်။ တစ်ရက်ကို နှစ်နပ်ကျွေးတယ်။ နောက်ပြီးတော့ ကျူရှင်မရှိတဲ့အတွက် အပိုကုန်စရာမရှိတော့ဘူး။ အဝတ်အစားကလည်း အင်္ကျီအဖြူကို ကြိုက်ရာ လုံချည်၊ ပုဆိုးနဲ့ ဝတ်ခိုင်းထားတာဆိုတော့ အဝတ်အစားဖိုးလည်း မကုန်တော့ဘူးပေါ့။ ဒီကျောင်းကို လာရောက်တက်မယ့် ကျောင်းသားတွေဟာ စိုက်ပျိုးရေးကို တကယ်ဝါသနာပါတဲ့သူ၊ အပင်ပန်းခံနိုင်တဲ့သူ ဖြစ်ရမယ်။ ပထမနှစ်မှာပဲ နံနက် ၆ နာရီကနေ ၉ နာရီအထိ စိုက်ကွင်းထဲမှာ လက်တွေ့ကွင်းဆင်းတာတွေ လုပ်ရပါတယ် " ဟု ပါမောက္ခချုပ်က ရှင်းပြသည်။

စိုက်ပျိုးရေးတက္ကသိုလ်၏ သင်တန်းကာလမှာ ငါးနှစ်ဖြစ်ပြီး ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် သင်ကြားပို့ချမည်ဖြစ်သည်။ နောက်ဆုံးနှစ်သင်တန်း၏ ပထမနှစ်ဝက်တွင် မိမိတက်ရောက်လိုသည့် ဘာသာရပ်များကို လျှောက်လွှာတင်၍ ရွေးချယ်နိုင်သည်။ အထူးပြုဘာသာရပ်များမှာ လယ်ယာသီးနှံပညာ၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒ၊ မြေဆီလွှာနှင့် ရေသိပ္ပံ၊ အပင်ရောဂါဗေဒ၊ စိုက်ပျိုးရေးကိမိလ ဗေဒ၊ ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝနည်းပညာနှင့် စိုက်ပျိုးစီးပွားရေးပညာတို့ ဖြစ်သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းတော်ကြီးအနီး ရေဆင်းဆည်ကန်ပေါင်ဘေးရှိ သစ်ပင်များ၏ အရိပ်အာဝါသအောက်တွင် ကျောင်းသား ကျောင်းသူလေးများဝိုင်းဖွဲ့၍ စာကျက်နေကြသည့် အသံများမှာ ဆည်အတွင်းမှ ဖြတ်သန်းလာသည့် လေနုအေးနှင့်အတူ အနီးပတ်ဝန်းကျင်တစ်ဝိုက် ပျံ့လွင့်လျက်ရှိသည်။ မြင်ကွင်းကား ကျောင်းသား ကျောင်းသူလေးများ၏ အနာဂတ်ကို ပုံဖော်ပေးနေသည့်ဟန်။ ၎င်းတို့၏အနာဂတ်ပုံရိပ်များမှာ လှပနေသည့် အရောင်များထင်ဟပ်နေသည်။ ထို့နောက် ရည်ရွယ်ချက်ကိုယ်စီဖြင့် ဘဝရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းနေကြသော ကျောင်းသားကျောင်းသူလေးများသည် လွယ်အိတ်ကိုယ်စီဖြင့် စာအုပ်ဖိုင်လေးများရင်ဝယ်ပိုက်ကာ စာသင်ခန်းရှိရာသို့ အသီးသီးသွားလာနေကြသည်။

မန္တလေးတိုင်းဒေသကြီးမှ စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်တွင် တက်ရောက်ပညာသင်ကြားနေသော မဝင်းသော်တာဦးက "စိုက်ပျိုးရေးကို ဝါသနာပါလို့ တက်ဖြစ်တာပါ။ ပြီးတော့ အမေကလည်း ဒီကျောင်းဆင်းပဲလေ။ မိသားစုစီးပွားရေးကိုလည်း မိရိုးဖလာစိုက်ပျိုးရေးလုပ်ကိုင်ခဲ့တာပါ။

"ဒီကျောင်းမှာက နေရေး၊ ထိုင်ရေးနဲ့ စားသောက်မှု အပိုင်းမှာ အဆင်ပြေပါတယ်။ နေဖို့ အဆောင်တွေပေးတယ်။ အပြင်ဆောင်မှာနေတာထက်စာရင် အဆောင်မှာ နေရတာက သူငယ်ချင်းတွေနဲ့ စာအတူတူလုပ်လို့ရတယ်။ မသိတာတွေမေးလို့ရတယ်။ အဆောင်ပိတ်ချိန်ကတော့ ဆောင်းတွင်းဆို ညနေ ၅ နာရီခွဲနဲ့ ကျန်တဲ့အချိန်ဆို ည ၆ နာရီမှာ ပိတ်ပါတယ်။ ကျောင်းပိတ်ရက်အိမ်ပြန်မယ်ဆိုလည်း အဆောင်မှူးလက်မှတ်ရမှ ပြန်လို့ ရတာ။ အဆောင်မှာနေရတဲ့အတွက် အဘက်ဘက်က အဆင်ပြေပါတယ်" ဟုပြောကာ စာသင်ခန်းရှိရာသို့ ထွက်ခွာသွားသည်။

ပညာသင်ဆုများအနေဖြင့် ဦးတင်မောင်ပညာသင်ဆု၊ စိုက်ပျိုးရေးဘွဲ့ရ ပညာသင်ဆု၊ မြန်မာ့ဩဘာကုမ္ပဏီမှပေးသည့် ပညာသင်ဆုနှင့် အခြားပညာသင်ဆုများစွာလည်း ချီးမြှင့်ပေးကြောင်း သိရသည်။ စိုက်ပျိုးရေးကျောင်းဆင်းသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အလုပ်လုပ်မည်ဟု ဝန်ခံချက် လက်မှတ်ထိုးထားပါက တစ်နှစ်လျှင် နှစ်သိန်းဆုချီးမြှင့်ပေးသည့် အစီအစဉ်များလည်း ရှိသည်။

ရေဆင်းတက္ကသိုလ်မှ ဘွဲ့ရကျောင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးဌာနများ၊ ပုဂ္ဂလိက စိုက်ပျိုးရေးဆေးကုမ္ပဏီများ၊ NGO အဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနများတွင် ဝင်ရောက် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားတစ်ဦးသည် မြေအကြောင်း၊ ရေအကြောင်း၊ စီးပွားရေးအကြောင်း၊ လက်တွေ့အင်ဂျင်နီယာအကြောင်း၊ မွေးမြူရေးအကြောင်း၊ ရာသီဥတုအကြောင်းများ၌ ပိုမိုသိကျွမ်းသည့်အတွက် ပြင်ပစိုက်ပျိုးရေး ဆေးကုမ္ပဏီများမှာ ပို၍လိုအပ်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းကြီးသည် ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က မန္တလေး၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် နေပြည်တော်၌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းကြီးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းကြီးမှ စိုက်ပျိုးရေးပညာရှင် နှစ်သောင်းကျော် မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နှစ်သောင်းကျော်အနက် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင် ၅၀၀၀ ကျော် မွေးထုတ်ပေးခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့်သူများပင် ဖြစ်သည်။ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ အမျိုးသားစီးပွားရေး၏ ပင်မကျောရိုးကြီးဖြစ်သည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းလုပ်ဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနေသည့် ကျောင်းတော်ကြီးတစ်ခုကို ပြပါဆိုလျှင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းတော်ကြီးကို လက်ညှိုးညွှန်ပြရပေလိမ့်မည်ဖြစ်ပါကြောင်း။ ။



မြန်မာ့ရိုးရာအားကစား

# အမျိုးသားရေးလက္ခဏာဖြစ်သည့် ရိုးရာလက်ဝှေ့ကို ထိန်းသိမ်းတန်ဖိုးထားတတ်ရန် နိုင်ငံ့အနာဂတ်မျိုးဆက်သစ်လူငယ်များကြား စတင်ထိုးဖောက်

သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အစည်းအရုံးကဦးဆောင်ပြီး ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ အခြေခံပညာအထက်တန်းကျောင်းများ၌ ပညာဆည်းပူးသင်ယူနေသော မျိုးဆက်သစ်ကျောင်းသားလူငယ်များ မြန်မာ့ရိုးရာအားကစားတစ်မျိုးဖြစ်သည့် ရိုးရာလက်ဝှေ့ကို သိရှိပြန့်ပွားရန်နှင့် ထိန်းသိမ်းတန်ဖိုးထားတတ်စေရန် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။**

"ကျွန်တော်တို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အစည်းအရုံးအနေနဲ့ အခုလို ပညာရေးဝန်ကြီး ဌာနနဲ့ ပူးပေါင်းအကောင်အထည်ဖော်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ရိုးရာလက်ဝှေ့ ဆိုတာကို နောင်အနာဂတ် မျိုးဆက်သစ် လူငယ်တွေအနေနဲ့ ရိုးရာစစ်စစ်လည်းဖြစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ အမျိုးသားရေး လက္ခဏာတစ်ရပ်ကို လူငယ်တွေ သိစေချင် တယ်။ ဒါမှ သူတို့ တစ်ချိန်လူကြီးဖြစ်လာရင် ရိုးရာလက်ဝှေ့ဆိုတာ မြန်မာတွေရဲ့ ရှေးနှစ်ပေါင်းများစွာကတည်းက ရပ်တည်ခဲ့တဲ့ ကိုယ်ပိုင်ပညာရပ်ဆိုတာ သိလာပြီး ထိန်းသိမ်းစောင့်ရှောက်တတ်လာမယ်။ တိုးတက်ပြန့်ပွားအောင် လှုံ့ဆော်ပေးချင်တဲ့ အသိစိတ်ကလေးတွေ သူတို့ရင်ထဲစွဲမြဲသွားမယ်။ ဒါကြောင့် ကျွန်တော်တို့ အခုလို အထက်တန်းကျောင်းတွေကိုလိုက်ပြီး သရုပ်ပြပွဲတွေလုပ်ပြကာ ရိုးရာအကြောင်းသိကောင်းစရာ ဟောပြောပွဲတွေကို ထည့်သွင်းကျင်းပပေးခဲ့တာဖြစ်တယ်"ဟု စက်တင်ဘာ ၂၂ ရက်က ဒဂုံ အထက-၁ ၌ ပြုလုပ်သည့်ပွဲတွင် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အစည်းအရုံးဥက္ကဋ္ဌ ဦးခင်မောင်စိုးက ပြောသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အစည်းအရုံးကို ရိုးရာလက်ဝှေ့ဝါသနာရှင်များ စတင်တည်ထောင်သည်မှာ နှစ်အနည်းငယ်သာ ရှိသေးသော်လည်း စတင်တည်ထောင်စဉ်ကာလမှာပင် ပြည်တွင်း၊ ပြည်ပ ရိုးရာလက်ဝှေ့ပွဲများ ဦးစီးကျင်းပပေးခဲ့သည့်အပြင် နယ်များတွင်လည်း မျိုးဆက်သစ်ပွဲများ လိုက်လံကျင်းပပေးခဲ့သည်။ ယင်းနောက် ယခုကဲ့သို့ ရိုးရာအမွေအနှစ်ပညာရပ် တိမ်ကောပပျောက်မှု မဖြစ်စေရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အခြေခံပညာအထက်တန်းကျောင်းများသို့ ရိုးရာလက်ဝှေ့နှင့်ပတ်သက်၍ သရုပ်ပြသခြင်း၊ သိကောင်းစရာတို့ကို ဟောပြောပို့ချ အမွေအနှစ်ပေးခြင်းတို့ကို အကောင်အထည်ဖော်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာနသို့ ယခုနှစ်စပိုင်းတွင် ခွင့်ပြုချက်တင်ပြတောင်းခံခဲ့ပြီး လုပ်ဆောင်ခဲ့ရာ ယခုအခါတွင် ရန်ကုန်မှ နှစ်ကျောင်းနှင့် မန္တလေးမှ နှစ်ကျောင်းတို့တွင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်ပိုင်းအတွင်း နိုင်ငံတစ်ဝန်း အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းတို့ကို အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ပြီး နောင်နှစ်များတွင်လည်း ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းကျောင်းတွေကို ထိုသို့လုပ်ဆောင်ပေးမှုနှင့်ပတ်သက်၍ ဒဂုံ အထက-၁ မှ ကျောင်းအုပ်ကြီး ဦးအောင်ကိုကလည်း"မြန်မာရိုးရာလက်ဝှေ့ဆိုတာ ရှေးနှစ်ပေါင်းများစွာကတည်းက အမျိုးသားရေးလက္ခဏာတစ်ရပ်အဖြစ် တည်ရှိခဲ့တာကို အခုလို ကျွန်တော်တို့ကျောင်းတွေမှာ အသေးစိတ် ပြန်လည်ဖော်ထုတ်ပေးတာ ကောင်းပါတယ်။ ဒါမှလည်း မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ဗဟုသုတသစ်ရသလို ကိုယ့်ရိုးရာ ယဉ်ကျေးမှုကို တန်ဖိုးထားတတ်လာမှာပါ။ ကျောင်းတွေမှာ ဒီလို ရိုးရာကိုယ်ခံပညာတစ်ခုကို ချပြလို့ ကျောင်းသားတွေ အယူအဆမှားပြီး လမ်းကြောင်းလွဲသွားမယ်ဆိုတာ မဟုတ်ပါဘူး။ နောင်အနာဂတ်ကလေးတွေအနေနဲ့ ဒီလိုရိုးရာကိုယ်ခံပညာတွေကို သိထားလေ့လာထားသင့်ပါတယ်"ဟု ဆိုသည်။

မြန်မာ့ရိုးရာ လက်ဝှေ့အစည်းအရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်မှစတင်၍ ပထမဆုံး အထက-၆ ဗိုလ်တထောင်(စိန့်ပေါလ်)ကျောင်းတွင်လည်းကောင်း၊ ဩဂုတ် ၂၆ရက်နှင့် ၂၇ ရက်တို့တွင် မန္တလေး အထက-၁၆ နှင့် အထက-၁ တို့၌လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ဒဂုံ အထက-၁ တွင်လည်းကောင်း မြန်မာ့ရိုးရာလက်ဝှေ့နှင့် ပတ်သက်သည့် သိကောင်းစရာများ ဟောပြောပို့ချခြင်းတို့နှင့် သရုပ်ပြသမှုတို့ကို ပြုလုပ်ပေးခဲ့သည်။ နောက်ထပ်မံ၍ ပဲခူးအထက၊ ရန်ကုန်စိန့်ဂျွန်း၊ အထက အလုံ(၄)နှင့် မြောက်ဥက္ကလာပ အထကတို့တွင်လည်း ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

"ငွေကြေး၊ ဓန ရှိတဲ့သူတွေက ရိုးရာလက်ဝှေ့ကို အမျိုးသားရေးလက္ခဏာ၊ ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးပါလို့ မသိတဲ့အခါ၊ မချီးမြှောက်တဲ့အခါကျတော့ ဒီရိုးရာလက်ဝှေ့က တဖြည်းဖြည်းမှိန်လာတယ်။ တိမ်ကောလာတယ်။ ခုဆိုရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ရပ်တည်ရှင်သန်နေရတယ်။ ဒါဖြင့် ဒီလူကြီးတွေကမသိလို့ လူငယ်တွေကို လက်ဆင့်မကမ်းတော့ဘူးဆိုရင် လူငယ်တွေက မသိတဲ့အခါကြရင် ရိုးရာလက်ဝှေ့က ပျောက်သွားမယ်။ ထိုင်း မွေထိုင်းတွေ ခုကတည်းက ဝါဒဖြန့်တာ ရှိတယ်။ သူတို့ဆီက ယူတဲ့ လက်ဝှေ့ပါ ဆိုပြီးတော့။ အဲဒါကို နိုင်ငံခြားသားတွေကယုံတယ်။ တို့မှာက အထောက်အထားမှမရှိဘဲ။ အဲဒါတွေကို လူငယ်တွေက နေပြီးတော့ ဒါငါတို့အမွေအနှစ်၊ ငါတို့အမျိုးသားတိုက်ခိုက်ရေး လက္ခဏာပညာရပ်ဖြစ်တယ်ဆိုတာကို လူငယ်တွေသိအောင်၊ ရင်ထဲကိန်းဝင်စွဲမြဲသွားအောင် ဦးတို့က လိုက်လုပ်တာ။ လက်ဝှေ့သမားထွက်အောင် လုပ်တာမဟုတ်ဘူး။ တချို့က လက်ဝှေ့သမား လာရှာတယ်ထင်တာ။ ခုလိုမှမလုပ်ရင် နောင်အနာဂတ်မျိုးဆက်မှာ ဦးတို့ရိုးရာ ပျောက်ကွယ်သွားမှာ"ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့အစည်းအရုံးမှ ဦးဇင်လင်းထွန်းက ဆိုသည်။



ရှေးနှစ်ပေါင်း ၁၂၀၀ ကျော်ဝန်းကျင်က ရိုးရာလက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ဟန် တွေ့ရသည့် ဆေးရေးပန်းချီ။

မြန်မာ့ရိုးရာလက်ဝှေ့သည် ရှေးနှစ်ပေါင်း ထောင်ကျော်ကတည်းက ရပ်တည်လာခဲ့သည်ကို မြန်မာ့သမိုင်းအထောက်အထား၊ ရှေးဟောင်းအမွေအနှစ်၊ စေတီပုထိုး စသည်များတွင် အထင်အရှား တွေ့မြင်သိရှိနိုင်သည်။ ရိုးရာလက်ဝှေ့သည် မြန်မာ့ရိုးရာအမွေအနှစ် စစ်စစ်ဖြစ်သည်ကို ပုဂံမှာရှိသည့် ရှေးနှစ်ပေါင်း ၁၂၀၀ ကျော်ဝန်းကျင်က တည်ထားခဲ့သော ဘုရားအမှတ် ၁၂၂၅ တွင် ရေးဆွဲထားသည့် လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်နေသည့် ဟန်ပန် နံရံဆေးရေးပန်းချီမှာ ထင်ရှားပြီး ပထမဦးဆုံး သက်သေပြနိုင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ပြည်တွင်း၊ ပြည်ပပွဲများနှင့် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများကို စဉ်ဆက်မပြတ် ဦးဆောင်ပြုလုပ်ပေးနေသည့် ဆရာမာဂျေက ဒဂုံ အထက-၁ ဟောပြောပွဲတွင် ထည့်သွင်းပြောကြားသွားသည်ကို ကြားသိခဲ့ရသည်။

ဒဂုံ အထက-၁၊ န၀မတန်း(အိုင်)မှ မောင်ကျော်ကျော်နိုင်ကလည်း "ကျွန်တော်က အခုလိုကျောင်းတွေကို ရိုးရာလက်ဝှေ့ ဟန်ရေးပြတာတို့၊ ဟောပြောတာတို့ကို သဘောကျတယ်။ အရင်ကဆို လက်ဝှေ့ကို ကြားပဲကြားဖူးတာ။ ခုလောက်မသိဘူး။ ခုတော့ တော်တော်လေးသိသွားတယ်။ နောက်လည်းထပ်ပြီးတော့ အခုလိုလာလုပ်ပေးရင်ကောင်းမယ်။ ကျောင်းပိတ်ရက် တနင်္ဂနွေနေ့တွေဆို သိမ်ဖြူရိုးရာလက်ဝှေ့ရုံမှာ အခမဲ့ မျိုးဆက်သစ်ပွဲတွေ ကျင်းပပေးတယ်လို့ သိရတယ်။ အရင်ကတော့ သွားမကြည့်ဖြစ်ဘူး။ ခုတော့ သွားအားပေးဖြစ်အောင် အားပေးဦးမယ်"ဟု ရိုးရာလက်ဝှေ့အပေါ် သူ၏သဘောထားအမြင်ကို ဆိုသည်။

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့သည် ခါးဆက်ပြတ်ချင်နေပြီဟု ဆိုရမည်ဖြစ်သည်။ အရင်က ပထမတန်းလက်ဝှေ့ကျော် ၁၀-၁၅ ဦးရှိခဲ့ပြီး ယခုအခါ နှစ်ဦးသာရှိနေသည်။ ထိုအခြင်းအရာကို ကြည့်ခြင်းဖြင့် မျိုးဆက်သစ် ခါးပြတ်နေသည်ကို တွေ့မြင်နိုင်သည်။ ယခုအခါ မြန်မာနိုင်ငံ၌ အားကစားအဖွဲ့ချုပ် ၂၇ ခုရှိရာ မိမိကိုယ်ကိုယ် ပရော်ဖက်ရှင်နယ် ရပ်တည်နိုင်သည်မှာ ဘောလုံး၊ ဂေါက်သီးနှင့် မြန်မာ့ရိုးရာလက်ဝှေ့ပင်ဖြစ်သည်။ ထိုအထဲတွင် ရိုးရာလက်ဝှေ့သည် မြန်မာ့အမွေအနှစ် စစ်စစ်ဖြစ်သော်လည်း ရပ်တည်နိုင်ရန် ရုန်းကန်နေရသည်။ ထို့ကြောင့် တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အမျိုးသားရေးအမွေအနှစ်ဖြစ်သော ရိုးရာလက်ဝှေ့မတိမ်ကော၊ ပပျောက်မသွားစေရန် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်သွားရမည်မှာ အနာဂတ်မျိုးဆက်သစ်များ၏ တာဝန်ဖြစ်သည်ဟု ရင်ထဲစွဲမြဲကိန်းဝပ်နေစေရန် လိုအပ်မည်ဖြစ်ပါကြောင်း။

(မြန်မာ့အလင်း)



မြန်မာ့ရိုးရာလက်ဝှေ့သမားများ လက်ဝှေ့ဟန်ရေးပြသနေစဉ်။

"ရိုးရာလက်ဝှေ့သည် မြန်မာ့ရိုးရာအမွေအနှစ် စစ်စစ်ဖြစ်သည်ကို ပုဂံမှာရှိသည့် ရှေးနှစ်ပေါင်း ၁၂၀၀ ကျော်ဝန်းကျင်က တည်ထားခဲ့သော ဘုရားအမှတ် ၁၂၂၅ တွင် ရေးဆွဲထားသည့် လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်နေသည့်ဟန်ပန် နံရံဆေးရေးပန်းချီမှာ ထင်ရှားပြီး ပထမဦးဆုံး သက်သေပြနိုင်သည်ကို တွေ့မြင်ရမည်ဖြစ်"

# မွေတော် ကက္ကူသို့

မောင်သာ(ရှေးဟောင်းသုတေသန)

ထီရီးယံတန်ရွာသို့ ကျွန်တော်ရောက်ရှိချိန်တွင် နံနက် ရှစ်နာရီထိုးပြီဖြစ်သည်။

တောင်ကြီးမှ နံနက်စောစောထကာ မော်တော်ဆိုင်ကယ်ဖြင့် ထီရီးယံတန် သို့လာခဲ့ရာ လမ်းတွင် ဟမ်ဆီးရွာသို့ ခေတ္တဝင်ခဲ့သဖြင့် အနည်းငယ်နောက်ကျသွားသည်။ ဟမ်ဆီးတွင် ရှေးဟောင်း ဇရပ်ကြီးတစ်ခုနှင့် ရှေးဟောင်းစေတီများရှိသည်ဆို၍ ဝင်ရောက်ကြည့်ရှုခဲ့ခြင်းဖြစ်သည်။ တောင်ကြီးမှ ထီရီးယံတန်သို့လာရာ လမ်းတစ်လျှောက်တွင် ကြက်သွန်ဖြူ စိုက်ခင်းများ၊ ပြောင်းခင်းများ၊ စပါးစိုက်ခင်း၊ ပဲစိုက်ခင်းများကို တွေ့ရသည်။

ထီရီးယံတန်ရွာသည် တောင်ကြီးမွေတော်ကက္ကူကားလမ်းမှအတွင်းသို့ တစ်မိုင်ခွဲ နှစ်မိုင်လောက် ဝင်ရသည့် ပအိုဝ်းရွာလေးဖြစ်ပြီး အိမ်များကလမ်း၏အောက် အနိမ့်ပိုင်းတွင် ရှိနေကြသည်။ ရွာထဲသို့ဝင်လိုက်သည်နှင့် ရှမ်းပြည်နယ်မှအိမ်များ ထုံးစံအတိုင်း ပြတင်းပေါက်မရှိသည့် တဲအိမ်များကို ခပ်ကြဲကြဲမြင်ရသည်။ ပြောင်းဖူးတွဲများ၊ အမြိတ်ပါသောကြက်သွန်ဖြူအစည်းများကို အိမ်အတော်များများ၏ တံစက်မြိတ်အောက်တွင် စီတန်းချိတ်ဆွဲထားကြသည်ကို မြင်ရသည်။

မြေပြန့်ပြန့်တစ်နေရာအရောက်တွင် တဲကြီးရှေ့၌ အဖော်လိုက်မည့် ကျောင်းသူ နှစ်ဦးကို ခေါ်ရန်ဆိုင်ကယ်ကို ရပ်လိုက်ပြီး တဲကြီးထဲသို့ဝင်လိုက်ကာ မီးဖိုဘေးတွင် ကျွန်တော် ထိုင်လိုက်ပါသည်။ အိမ်အလယ်တွင် ဖိုထားသော မီးဖိုပေါ်တွင် ပွက်ပွက်ဆူနေသည့် ဟင်းရွက်စုံပြုတ်အိုးကိုမြင်ရသည်။ တောင်ကြီးတက္ကသိုလ်မှ ကျောင်းသူညီအစ်မ၏ အမေနှင့် အဘွားကို ကျွန်တော်က မြန်မာဘာသာဖြင့် နှုတ်ဆက်သည်ကို သူတို့က ပအိုဝ်းဘာသာပြန်ပေးသည်။ ကျွန်တော့်အား သူတို့သမီးများ၏ ဆရာဖြစ်သောကြောင့် ခင်မင်ပါကြောင်း ပြန်ပြောကြသည်။

ခေတ္တမျှ စကားပြောပြီးနောက် ကျွန်တော်တို့ ဆိုင်ကယ်နှစ်စီးဖြင့် မွေတော်ကက္ကူသို့ ထွက်ခဲ့ကြပါသည်။

ကက္ကူရွာသည် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ နောင်ခါးကျေးရွာအုပ်စု မွေတော်ရွာတွင် တည်ရှိသည်။ တောင်ကြီးမြို့မှ အနောက်ဘက် ၂၆ မိုင်ခန့် ကွာဝေးသည်။ ကျွန်တော်တို့ ထီရီးယံတန်ရွာမှ ထွက်ကာ တောင်ကြီး ကက္ကူ လမ်းပေါ်သို့ ရောက်လျှင် ယာဘက်သို့ ကွေ့လိုက်ကြပြီး မွေတော်ရွာဆီသို့ မောင်းလာခဲ့ကြပါသည်။ မွေတော်ရွာ အရောက် ကက္ကူဘူတာတွင် ရထားတစ်စင်းရပ်ထားသည်ကိုတွေ့ရသဖြင့် ဓာတ်ပုံရိုက်လိုက်ပါသေးသည်။ ဘူတာမှ အနည်းငယ်မောင်းသွားသည့်အခါ မွေတော်ကက္ကူမှ ကြိုဆိုပါ၏ ဟူသောဆိုင်းဘုတ်ကို မြင်ကြရသည်။ ဆိုင်ကယ်များကို အနည်းငယ်ဆက်မောင်းလိုက်သည်နှင့် တစုတဝေးတည်ရှိနေသည့် မွေတော် ကက္ကူစေတီတော်များကို နေရောင်ခြည်အောက်တွင် မြင်လိုက်ရပါသည်။

ကြီးမားကျယ်ပြန့်သောသစ်ပင်ရိပ်ကြီးများအောက်မှ မြေနီလမ်းများအတိုင်းဆိုင်ကယ်များကိုဖြည်းဖြည်းချင်းမောင်းလာကြပြီးနောက် စေတီတော်များ၏ မုခ်ဦးပေါက်အဝတွင် ရပ်လိုက်ကြပါသည်။ သစ်ကြီးဝါးကြီးများအလယ်မှ ကုန်းမို့ ပြန့်ပြန့်လေးတွင် စေတီတော်များကို မြင်နေရသည်မှာ စိတ်ကြည်နူးဖွယ် ကောင်းလွန်းလှပေသည်။

စေတီများ၏ မျက်နှာစာသည် အနောက်ဘက်မုခ်ဖြစ်သည်။ စေတီများကိုအုတ်တံတိုင်းဖြင့် ပတ်ပတ်လည်ကာရံထားသည်။ ပင်မတန်ဆောင်းသို့သွားသည့် အုတ်လမ်း၏ ဘေးဝဲယာတွင် စေတီအများအပြားကိုဖူးတွေ့ရသည်။ လူသွားလမ်းအဆုံးတွင် မွေတော်ကက္ကူ တန်ဆောင်းအတွင်းသို့ ရောက်ရှိသွားသည်။ တန်ဆောင်းအတွင်း မုခ်လေးခု၌ မြတ်စွာဘုရား ရုပ်ပွားတော် လေးဆူရှိသည်။ ဦးစွာတွေ့ရသည့် ဗုဒ္ဓရုပ်ပွားတော်ကိုကန်တော့ကြပြီးနောက် ကျွန်တော်တို့ စေတီတော်တန်ဆောင်းအတွင်း လက်ယာရစ်တစ်ပတ် ပတ်ကြည့်ကြပါသည်။ မြောက်ဘက်မုခ်သို့ရောက်သောအခါတွင် အတူလိုက်ပါလာသော ဒေသခံ သမီးငယ်က "ဆရာ၊ ဒါ ကက္ကူဆုတောင်းပြည့်ရုပ်ပွားတော်လေ၊ တောင်းတဲ့ ဆုပြည့်တယ်" ဟုပြောသဖြင့် ကျွန်တော်ကြည့် လိုက်ရာသံတိုင်များဖြင့် ကာရံထားသော ဂန္ဓကုဋိတိုက်အတွင်းတွင် ရွှေရောင်များဖြင့် ဝင်းနေသည့် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ဖူးတွေ့လိုက်ရပါသည်။ ရန်ကုန်ရှိ ကျွန်တော့်အိမ်မှ ဘုရားစင်တွင် ပူဇော်ထားသော ဓာတ်ပုံထဲမှ ရုပ်ပွားတော်ပင်ဖြစ်သည်။

ရွှေများဝင်းနေအောင်ချထားသည့် ဝက်ရုပ်ကြီး တစ်ခုကို သံဆန်ခါများဖြင့် ကာရံထားသည်ကိုလည်း မြင်ကြရသည်။

ဒဏ္ဍာရီအရ ပအိုဝ်းလင်မယားနှစ်ယောက် ဤနေရာတွင် မြတ်စွာဘုရား၏ ဓာတ်တော်များကို လာရောက်ရှာဖွေခဲ့ကြကြောင်း၊ သူတို့အား တောဝက်ကြီးတစ်ကောင်က ကူညီခဲ့သဖြင့် မြေပြင်ပေါ်မှ မြတ်စွာဘုရားရှင်၏ ရွှေရောင် ဓာတ်တော်တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ဝက်ကြီးကိုကျေးဇူးဆပ်သည့်အနေဖြင့် ဤနေရာတွင် ပထမဦးစွာ စေတီလေးတစ်ဆူကို တည်ထားခဲ့ကြောင်း ရှင်းပြခဲ့သည်။

"ကုက်ဆိုတာက ဝက်ကိုခေါ်တာပါ။ ကူဆိုတာကကူညီတယ်လို့ အဓိပ္ပာယ်ရတယ်လို့ပြောပါတယ်။ ပအိုဝ်းစကားတော့မဟုတ်ပါဘူး။ ဒါကြောင့် စေတီတော်လေးကိုကုက္ကူလို့ ဘွဲ့ပေးခဲ့တာလို့ပြောကြပါတယ်။ နောက်နှစ် ပေါင်းများစွာကြာတော့မှ စေတီတော်တွေ အများကြီးဖြစ်လာတာပါ၊ ကုက္ကူ ဘုရားတွေဖြစ်အောင်ကျေးဇူးပြုခဲ့တဲ့ ဝက်ကြီးကို နောက်လူများ သတိတရ ဖြစ်စေရန် ဝက်ရုပ်ကြီးကို ပြသထားတာပါ"ဟု ပအိုဝ်းကျောင်းသူလေးများက ကျွန်တော့်ကို ရှင်းပြခဲ့သည်။ အချို့ကလည်းတောထဲမှ ရွှေရောင်ဝက်ကြီးတစ်ကောင်စေတီများကို လာဖူးရင်းရွှေဝက်ရုပ်ကြီးဖြစ်သွားသည်ဟု ဆိုကြသည်။

ဝက်ရုပ်ကြီးပေါ်တွင် ငွေစက္ကူများကိုတွေ့ရသည်။ ကျွန်တော်တို့လည်း ဘုရားစောင်းတန်းပေါ် ပြန်လျှောက်လာကြပြီး ရင်ပြင်တစ်ပတ် ပတ်လိုက်ကြပါသည်။ စေတီတော်ပရိဝုဏ်အတွင်းမှာပင် အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဆိုက် စေတီတော်ကို ဖူးတွေ့ကြရပါသည်။ တစ်ပတ် ပတ်မိ၍မူလမုခ်ဦးသို့ပြန်ရောက်သော အခါတွင် လက်ဝဲဘက်တွင်ရှိသည့် ပြတိုက်အခန်းထဲသို့ ဝင်လိုက်ကြပါသည်။ အခန်းအတွင်းတွင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူနေပုံကို ထုလုပ်ထားသည့် ရုပ်ပွားတော်ကို ဖူးတွေ့ကြရပါသည်။ ထို့နောက်ကျွန်တော်တို့ အပြင်ပြန်ထွက်ကာစေတီတော်များအကြိုအကြားသို့ ဝင်ကာ လိုက်လံဖူးမြော်ကြပါသည်။

မွေတော်ကက္ကူဘုရားစေတီများသည် ယခင်က မွေတော်ရွာအနီး တောတွင်းတွင် ရှိနေခဲ့သည်။ တောတွင်း၌ စေတီတော်များရှိကြောင်း လူပြောသူပြောများသော်လည်း ထိုဒေသသည် တစ်ချိန်က အနက်ရောင် နယ်မြေဖြစ်ကာ ငြိမ်းချမ်းမှု မရှိသေးသဖြင့် ယခင်က သွား၍လာ၍ မရခဲ့ပါချေ။ ၁၉၉၆ ခုနှစ်တွင် ကျီးဖြူကန်ကြီးတစ်ဝိုက်မှ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ၂၆ မိုင်ကျော်ကွာဝေးသော တောင်ကြီးမြို့ပေါ်မှ ဖူးတွေ့ကြရာမှ ကက္ကူရှေးဟောင်း စေတီတော်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကက္ကူသည် ပအိုဝ်းဘာသာစကားကက်ကူ၊ ကက် (ကင်းစခန်း) နှင့် ကူ(နယ်ခြား) ဖြစ်သည်ဟုဆိုပါသည်။ နယ်ခြား စခန်းတွင်ရှိသောဘုရားဟု အဓိပ္ပာယ်ရသည်။



မွေတော် ကက္ကူစေတီများတည်ရှိနေသည့် မွေတော် ရွာနေရာသည် ယခင်က ဆီဆိုင်စော်ဘွားပိုင်နယ်နှင့် ညောင်ရွှေစော်ဘွားပိုင်နယ် အစပ်ဒေသဖြစ်ပါသည်။ ထိုနယ်စပ်တွင်ရှိသော ဘုရားဟု ပအိုဝ်းဘာသာဖြင့် ခေါ်ကြရာမှ ကက္ကူဘုရားဟု ဘွဲ့တော်အမည်တွင်ခဲ့သည်။ မွေတော်ကက္ကူဘုရားတည်ထား ကိုးကွယ်ခြင်းကို မြန်မာသမိုင်းဆရာအချို့က ပုဂံခေတ် အလောင်းစည်သူမင်း (၁၁၇၄-၁၂၁၁) ဖောင်ဆိုက်ရာမှ စတင်တည်ထား ကိုးကွယ်သည်ဟုဆိုကြပါသည်။ ပအိုဝ်း မှတ်တမ်းများအရနရပတိစည်သူမင်းတည်သည် သို့မဟုတ် ပြန်လည်ပြုပြင်မွမ်းမံသည်ဟု လည်း ဆိုကြပါသည်။ ပါးစပ်ရာဇဝင်များအရမွေတော်ကက္ကူဘုရားသည် သီရိဓမ္မာသောကမင်းကြီး၏ ရှစ်သောင်းလေးထောင်သော အလှူများထဲမှ တစ်ခုဖြစ်သည်ဟုဆိုကြသည်။

စေတီသမိုင်းမှတ်တမ်းစာအုပ်တွင် ဤကက္ကူစေတီစုတွင် ဂေါတမဘုရားရှင်ဓာတ်တော်မွေတော်များကိုဌာပနာထားသော်လည်း ဘဒ္ဒကမ္ဘာတွင်ရှေးဦးစွာ ပွင့်တော်မူသော ကကုသန် ဘုရားရှင်ဘွဲ့အမည်တော်ကိုပူဇော်၍ ကက္ကူဘုရားဟု ခေါ်ဆိုကြောင်း ဖော်ပြထားပါသည်။

မွေတော် ကက္ကူဘုရား၏ဘွဲ့အမည်များမှာ ကက္ကူမွေတော်ဘုရား(၁၈၉၃ကမ္ပည်း)၊ ရွှေဝက်ကူးဘုရား (နရပတိစည်သူသမိုင်း)၊ ရွှေဝက်ဂူဘုရား(ပအိုဝ်းပုရပိုက်များ)၊ သက်တူဘုရား (၁၈၁၆ မှတ်တမ်း)၊ ရွှေဂူကြီးဘုရား (၁၇၉၃ ခေါင်းလောင်း ကမ္ပည်း)တို့ ဖြစ်ကြသည်။

ယခုအခါတွင် စေတီပေါင်းမည်မျှရှိမည်ဟု ကျွန်တော် မခန့်မှန်းမိပါချေ။ အချို့ကအသစ်၊ အချို့ကအဟောင်း၊ အချို့မှာစေတီပျက်များဖြစ်နေကြသည်။ ပါးစပ်ရာဇဝင်အရတောင်သူကွမ်းညှပ်(တဖြုတ်ဖြုတ်)စေတီပေါင်း ၇၆၂၃ ဆူရှိသည်ဟုဆိုကြသော်လည်း မှတ်တမ်းများအရ ၂၀၀၁ ခုနှစ်တွင် ၂၄၇၈ဆူ၊ ၁၉၂၈ ခုနှစ်တွင် ၂၅၄၈ဆူ၊ ၁၉၁၈ ခုနှစ်တွင် ၂၄၀၂ဆူရှိခဲ့ကြောင်း သိရှိရပါသည်။

သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ကက္ကူဘုရားတော အမည်ရှိစာတမ်းတွင်(၁) ကက္ကူမွေတော်အကြောင်းကို ဘိုးတော်ဘုရား ( ဗဒုံမင်း ) (၁၇၈၅-၁၈၁၉) လက်ထက်တွင် ပေစာတစ်စောင်တွင် ဖတ်ဖူးသည်ဟု ပြောစကားကြားဖူးကြောင်း၊ (၂) ၁၉၇၃ခုနှစ် ခေါင်းလောင်းစာတွင် ကုန်းတော်ပေါ်မှစေတီကို ရွှေဂူကြီးဟု ခေါ်ကြောင်း၊ (၃) ၁၈၀၂ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စေတီတော်ကြီးကိုထီးတော်တင်လှူခဲ့ကြောင်း၊(၄) စေတီများအလယ်တွင် ၁၈၉၃ ခုနှစ် သက္ကရာဇ် ပါ ခေါင်းလောင်းက ကက္ကူမွေတော်ဟုခေါ်ကြောင်း၊ (၅) စေတီတော်များသည် ဉာဏ်တော်အမြင့် ၁၅ပေဝန်းကျင်သာရှိကြောင်း၊ (၆)စေတီတော်များ၏ အရေအတွက်ကို ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလက ရေတွက်ကြည့်ရာတွင် ၂၄၇၈ ဆူရှိကြောင်းရေးသားခဲ့ပါသည်။

ဆရာကြီးဒေါက်တာသန်းထွန်းကပင် ဘုရားများတွင် တွေ့ရသောနတ်ရုပ်များကို ကြည့်ပြီး အရုပ်များသည် ခရစ်နှစ် ၁၈၀၀ ဝန်းကျင်ကထုလုပ်ခဲ့သော လက်ရာများဖြစ်နိုင်ကြောင်းသုံးသပ်ခဲ့သည်။ ရှမ်းဘာသာဖြင့် ရေးထိုးထားသော ခေါင်းလောင်းစာများအရ (၁) ခေါင်းလောင်းစာတစ်ခုမှာဘုန်းကြီးလူထွက် ဦးနိုက် သွန်းလောင်းထားသည်။ (၂) ဒုတိယခေါင်းလောင်း စာတစ်ခုမှာလူထွက် ဦးစိုင်းက သွန်းလုပ်ပူဇော်ပြီးစီးကြောင်း ရေးထိုးထားသည်။ (၃) တတိယခေါင်းလောင်းစာတစ်ခုမှာ ၁၁၅၈ တပေါင်းလဆန်း၂ ရက် (၂၇ ၊ ၂ ၊ ၁၇၉၇)က သွန်းလုပ်ကြောင်းတွေ့ရသည်။ (၄) ဆင်ခံဘုရားတစ်ဆူမှာ တြိသုခအလို့ငှာ ခင်ကြီးအရိယဝံသကောင်းမှုဟုလည်းကောင်း ထပ်မံသိရပါသည်။ ထိုမှတစ်ဆင့်ကက္ကူ ဘုရားများမှ ကုသိုလ်တော်များကို ခရစ်နှစ် ၁၈၀၀ ဝန်းကျင် (၂၇၊၂၊ ၁၇၉၇)ကတည်ထားကိုးကွယ်ခဲ့သည်ဟု သိရှိခဲ့ရကြောင်း ရေးသားထားသည်။

စေတီများအကြားကျွန်တော်တို့ လျှောက်ကြည့်ကြပါသည်။ စေတီတော်များတွင် ရှေးဟောင်း အနုပညာရုပ်လုံးများနှင့် ပန်းပုလက်ရာ မြောက်မြားစွာကို မြင်ကြရပါသည်။ အချို့သော အရုပ်များမှာ ဦးခေါင်းများ၊ လက်ခြေများချိုးဖြတ်ခံထားရသည်ကိုလည်း တွေ့ရသည်။

စေတီတော်ဝင်းအတွင်းအနှံ့လိုက်ကြည့်ပြီးချိန်တွင် နေအတော်မြင့်နေပါပြီ။ ကျွန်တော်တို့ ဘုရားဝင်းမှ အပြင်သို့ထွက်လိုက်ကြပြီး ကက္ကူဈေးတန်းကိုလျှောက်ကြည့်ကြပါသည်။ ပအိုဝ်းဝတ်စုံအမည်းရောင်များ ဝတ်ဆင်ထားကြသည့် ဈေးရောင်းသူများကဒေသထွက် ကြက်သွန်ဖြူ၊ ပဲပုပ်၊ နေကြာစေ့၊ ပဲပွကြော်များကိုရောင်းနေကြသည်။ တစ်နေရာတွင် ခရမ်းချဉ်သီးများကိုပါ ရောင်းနေသည်ကို တွေ့ရသည်။ အင်းလေးမှ ထွက်သောခရမ်းချဉ်သီးများဟု ပြောပါသည်။ ဈေးဆိုင်တန်းကလည်း အတန်ငယ်ရှည်လျားသည်။ ကြီးမားသော ညောင်ပင်ကြီးများ၏ အောက်ဝယ်ပင်စည်ကြီးများကိုပတ်၍ ဘုရားဖူးများထိုင်ရန် သစ်သားခုံများရိုက်ထားပါသည်။ ကျွန်တော်တို့ ခုံများပေါ်တွင် ထိုင်နေကြရင်း ဘုရားဖူးများကို ကြည့်နေခဲ့သည်။ ပြည်တွင်းခရီးသည်များသာမက ပြည်ပခရီးသည် အချို့ကိုလည်း မြင်နေရသည်။ စေတီတော်အုတ်တံတိုင်းအနီးတွင်လည်း သစ်သားဇရပ်ကြီး တစ်ခုကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံအနှံ့မှ ဘုရားဖူးများသည် ယခင်က တောင်ကြီးရောက်လျှင် အင်းလေး၊ ထန့်စမ်းလိုဏ်ဂူတို့ကိုသာ သွားရောက်လည်ပတ်လေ့ရှိခဲ့ကြသော်လည်း ယခုအခါတွင် မွေတော်ကက္ကူသို့ပါသွားရောက်လည်ပတ်ရင်း ရှေးဟောင်းဘုရား စေတီများကို ဖူးမြော် ကုသိုလ်ယူနေကြပြီဖြစ်ပါပေသည်။

[ကိုးကား- ကက္ကူ ဘုရားတော (ဒေါက်တာသန်းထွန်း)]



**မွေတော်ကက္ကူဘုရားစေတီများသည် ယခင်က မွေတော်ရွာအနီးတောတွင်းတွင်ရှိနေခဲ့သည်။ တောတွင်း၌ စေတီတော်များရှိကြောင်း လူပြောသူပြောများသော်လည်း ထိုဒေသသည် တစ်ချိန်က အနက်ရောင်နယ်မြေဖြစ်ကာ ငြိမ်းချမ်းမှု မရှိသေးသဖြင့် ယခင်က သွား၍လာ၍ မရခဲ့ပါချေ. . .**

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန် စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# ရုရှားနှင့်တရုတ်နိုင်ငံတို့၏ ပိုမိုကောင်းမွန်လာသောဆက်ဆံရေး



ထွန်းတောက်

ယူကရိန်းအရေးနှင့်ပတ်သက်၍ အမေရိကန်နှင့် ဥရောပနိုင်ငံများက ရုရှားအပေါ် စီးပွားရေးပိတ်ဆို့ထားသည့်အတွက် ရုရှားနိုင်ငံသည် သိသာစွာစီးပွားရေးကျဆင်းမှုဒဏ်ကို တွေ့ကြုံနေရသည်။ သမ္မတပူတင်သည် အနောက်ကမ္ဘာ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးဖိအားပေးမှုများကို တန်ပြန်နိုင်ရန်အတွက် အာရှအင်အားကြီးတရုတ်၊ အိန္ဒိယစသည့် နိုင်ငံများနှင့် မဟာမိတ်ဖွဲ့နိုင်ရန် ဆက်ဆံရေးမြှင့်တင်တည်ဆောက်နေသည်ကို တွေ့ရှိနေရသည်။

လွန်ခဲ့သည့်မေလအတွင်း၌ အလှမ်းဝေးသည့် မြေထဲပင်လယ်ဒေသတွင် ရုရှားရေတပ်သင်္ဘောခြောက်စင်းနှင့် တရုတ်ရေတပ်သင်္ဘောသုံးစင်းတို့သည် The Sea Cooperation -2015 ဟု အမည်ပေးထားသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ၁၀ ရက်တိုင်တိုင် ကျင်းပခဲ့ကြသည်။

အလွန်ဝေးသောပင်လယ်ပြင်တွင် တရုတ်စစ်သင်္ဘောများ ပထမဆုံး စစ်ရေးလေ့ကျင့်ခြင်းဖြစ်ပြီး တရုတ်ရေတပ်သည် ကမ်းလွန်ကင်းလှည့်အဆင့်မှ ပင်လယ်ပြာ (Blue Sea) လှည့်လည်သွားအဆင့် အထိ အင်အားကြီးထွားလာမှုကိုပြသလိုက်ခြင်း ဖြစ်ဟန်ရှိသည်။ ယခုစက်တင်ဘာလအတွင်း၌လည်း အာတိတ်ဒေသ ဘာရင်းပင်လယ်ပြင်တွင် တရုတ်စစ်သင်္ဘောများ လှုပ်ရှားသွားလာနေသည်ကို တွေ့ရှိရသည့်အတွက် အမေရိကန်ရေတပ်သင်္ဘောများက သတိထားစောင့်ကြည့်နေခဲ့သည်။

> **ယူကရိန်းအရေးကိစ္စကြောင့် အနောက်ကမ္ဘာက စီးပွားရေးနှင့် စစ်ရေးဖိအားပေးမှုကို ခံနေရသည့် ရုရှားနိုင်ငံသည် အာရှဒေသရှိ တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။**

လွန်ခဲ့သည့် ဩဂုတ်လတွင် ရုရှားနှင့်တရုတ်ရေတပ်သင်္ဘောများသည် ဂျပန်ပင်လယ်ပြင်တွင် စစ်ရေးလေ့ကျင့်မှုထပ်မံပြုလုပ်ခဲ့သည်။

မကြာမီကရုရှား၊ တရုတ်၊ အိန္ဒိယ၊ မွန်ဂိုလီးယားနှင့်ဘီလာရုစ်နိုင်ငံများမှ မြေပြင်တပ်များထောင်ချီ၍ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့်အတွက် ယူကရိန်းပြဿနာအကြောင်းပြု၍ ရုရှားနှင့်ဆက်ဆံရေး မပြေမလည်ဖြစ်နေသော အနောက်နိုင်ငံများမှာ စိတ်မသက်မသာဖြစ်နေရသည်။

### နှစ်(၇၀)ပြည့်အထိမ်းအမှတ်

လွန်ခဲ့သည့်မေလ ၉ ရက်နေ့၌ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဖက်ဆစ်နာဇီဝါဒအပေါ် ရုရှားပြည်သူတို့ အောင်ပွဲခံခဲ့သည့် နှစ်(၇၀)ပြည့် အခမ်းအနားတွင် ရုရှားတပ်မတော်သည် နောက်ဆုံးပေါ် အဆင့်မြင့်လက်နက်များနှင့်အတူ စစ်ရေးပြပွဲပြုလုပ်ခဲ့သည်။

ထိုစစ်ရေးပြပွဲ၌ ယူကရိန်းအရေးနှင့်ပတ်သက်၍ ရုရှားနှင့်ဆက်ဆံရေး တင်းမာနေသော အမေရိကန်နှင့် အနောက်ကမ္ဘာခေါင်းဆောင်များ မတက်ရောက်ခဲ့ကြဘဲ တရုတ်ခေါင်းဆောင် သမ္မတရှီကျင့်ဖျင်က အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။

ယခုစက်တင်ဘာ ၃ ရက်၌ တရုတ်နိုင်ငံ ပေကျင်းမြို့ တီအန်မင်ရင်ပြင်တွင် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်နိုင်ခဲ့သည့် နှစ်(၇၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြပွဲသို့ ရုရှားသမ္မတပူတင်သည် အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ပြီး အနောက်ကမ္ဘာမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ခြင်း မရှိပေ။

အနောက်အုပ်စုနှင့် ခပ်စိမ်းစိမ်းဖြစ်နေသည့် သမ္မတပူတင်သည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအကျိုးစီးပွားများတူညီသည့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်တည်ဆောက်နေမှုသည် မထူးဆန်းပါဟု နိုင်ငံရေးလေ့လာသူတို့က ဆိုသည်။

စစ်အေးခေတ်ကာလတွင် ကွန်မြူနစ်စနစ်ကိုကျင့်သုံးကြသည့် ဆိုဗီယက်ရုရှားနှင့် တရုတ်တို့သည် နယ်စပ်ပြဿနာကြောင့်လည်းကောင်း၊ နိုင်ငံရေးအယူဝါဒကွဲပြားမှုကြောင့်လည်းကောင်း ရန်ဘက်များအဖြစ် ဆက်ဆံရေးအလွန်တင်းမာနေခဲ့သည်။

ပေကျင်း-မော်စကိုဆက်ဆံရေးသည် စစ်အေးခေတ်လွန်ကာလတွင် တိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း ထဲထဲဝင်ဝင်မရှိခဲ့ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

ရုရှားနှင့်တရုတ်သည် မကြာမီအနာဂတ်ကာလတွင် မဟာဗျူဟာမြောက်ဆက်ဆံရေးဟုဆိုရမည့် စီးပွားရေး၊ စစ်ရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်စီစဉ်နေသည်ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။



၂၀၁၃ ခုနှစ်မှစတင်ကာ တရုတ်နှင့်ရုရှားရေတပ်များသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ဆက်တိုက်ပင်ပြုလုပ်လာကြသည်။

တရုတ်နှင့်ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် အသေးစားများဖြစ်သော်လည်း သမ္မတရှီကျင့်ဖျင်သည် ၎င်း၏အင်အားကြီးမားသောတပ်မတော်တည်ဆောက်ရေးအိပ်မက်ကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။ စက်တင်ဘာလ ၃ ရက်နေ့၌ ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်ပွဲ အနှစ်(၇၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြပွဲတွင် တရုတ်ပြည်သူ့လွတ် မြောက်ရေးတပ်မတော်က ပထမဆုံးအကြိမ်အဖြစ် နည်းပညာအဆင့်မြင့် နောက်ဆုံးပေါ် လက်နက်ကိရိယာများကို ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်သည်။

### ပျောက်ဆုံးနေသောဂုဏ်သိက္ခာ

စစ်အေးခေတ်တွင် ကမ္ဘာ့အင်အားကြီးဖြစ်သော ရုရှားနိုင်ငံသည် စစ်အေးခေတ်လွန်တွင် ဩဇာအာဏာလျော့ကျသွားခဲ့၍ ယနေ့ အချိန်တွင် သမ္မတပူတင်သည် ပျောက်ဆုံးနေသည့် ရုရှား၏ဂုဏ်သိက္ခာကို ပြန်လည်ဆယ်မရန်ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ယူကရိန်းနိုင်ငံ၏ပြည်နယ်တစ်ခုဖြစ်သော ကရိုင်းမီးယားကျွန်းဆွယ်ကို သမ္မတပူတင်က အတင်းအဓမ္မသိမ်းယူ၍ ရုရှား၏အချုပ်အခြာအာဏာအောက်သို့ ထည့်သွင်းခဲ့သည်။

အနောက်နိုင်ငံများ၏ပိတ်ဆို့မှုကြောင့် ရုရှားစီးပွားရေးကျဆင်းနေသော်လည်း သမ္မတပူတင်သည် ကာကွယ်ရေးအသုံးစရိတ်များကို တိုးမြှင့်ကာ ကမ္ဘာ့စစ်ရေးအင်အားကြီးနိုင်ငံဖြစ်စေရန်ရည်ရွယ်၍ သမားရိုးကျတပ်ဖွဲ့များနှင့် နျူကလီးယားတပ်ဖွဲ့များကို မြှင့်တင်တည်ဆောက်နေသည်။

ယခုဘဏ္ဍာရေးနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်းမြှင့်တင်လိုက်သည့်အတွက် စစ်သုံးစရိတ်ဒေါ်လာ ၁၄၅ ဘီလီယံအထိ မြင့်တက်လာသည်။

တရုတ်တို့သည် သမားရိုးကျတပ်ဖွဲ့များနှင့် နျူကလီးယားတပ်ဖွဲ့များကို တိုးမြှင့်တည်ဆောက်နေသည်။

### နျူကလီးယားလက်နက်များ

အနှစ် ၄၀ စစ်အေးတိုက်ပွဲပြီးနောက်တွင် ရုရှားနှင့် အမေရိကန်နိုင်ငံတွင် နျူကလီးယားလက်နက်များသောင်းချီ၍ ကျန်ရစ်ခဲ့သည်။

အမေရိကန်နှင့် ရုရှားတို့သည် SALT စာချုပ်ချုပ်ဆို၍ နျူးကလီးယားလက်နက်များစွာကို လျှော့ချနိုင်ခဲ့သော်လည်း ယနေ့အချိန်တွင် ၎င်းနှစ်နိုင်ငံ၌ နျူကလီးယားလက်နက်များထောင်ချီ၍ အသီးသီးရှိနေကြဆဲဖြစ်သည်။

ရုရှားနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဘူဂေးရီးယား၊ ပိုလန်၊ ရိုမေးနီးယား၊ ချက်၊ ဟန်ဂေရီ၊ အက်စတိုးနီးယား၊ လစ်သူယေးနီးယားနှင့် လတ်ဗီးယားနိုင်ငံများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၊ ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများ ဖြန့်ကြက်ထားမှုနှင့် နေတိုးစစ်ရေးပြပွဲများ မကြာခဏပြုလုပ်နေမှုသည် ရုရှားကိုခြိမ်းခြောက်နေခြင်းဖြစ်သည်ဟု ရုရှားအာဏာပိုင်များက ကန့်ကွက်ရှုတ်ချနေသည်။

ရုရှားတို့ကလည်း ပိုလန်နယ်စပ်အနီး ကာလီနင်ဂရက်မြို့တွင် နျူကလီးယား ထိပ်ဖူးတပ်အစ်စကန်ဒါဒုံးကျည်များကို တန်ပြန်သည့်အနေဖြင့် ဖြန့်ကြက်ချထားသည်။

ကရိုင်းမီးယားကျွန်းဆွယ်တွင် နျူကလီးယားဒုံးကျည်များတပ်ဆင်ထားသည့် TU-22 မဟာဗျူဟာ ရုရှားဗုံးကြဲလေယာဉ်များကို အသင့်ချထားသည်။

သမ္မတပူတင်သည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိသည့် ရုရှားဓာတ်ငွေ့များကို တရုတ်နိုင်ငံက ဝယ်ယူရန် စာချုပ် ချုပ်ဆိုခဲ့သည်။

ထို့အပြင်တရုတ်နိုင်ငံက ဒေါ်လာသုံးဘီလီယံကျော်တန်ဖိုးရှိသည့် ရုရှား၏ S-400 ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် SU-35 အဆင့်မြင့်တိုက်ခိုက်ရေးလေယာဉ်များကိုဝယ်ယူရန် သဘောတူထားပြီဖြစ်သည်။

ယူကရိန်းအရေးကိစ္စကြောင့် အနောက်ကမ္ဘာက စီးပွားရေးနှင့် စစ်ရေးဖိအားပေးမှုကို ခံနေရသည့် ရုရှားနိုင်ငံသည် အာရှဒေသရှိ တရုတ်၊ အိန္ဒိယစသည့် နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

BRAND'S®

# လူကိုယ်တိုင်ဝင်ရောက်လေ့လာနိုင်တဲ့ ဘရင်းစက်ရုံက ရာနှုန်းပြည့်ငှက်သိုက်အစစ်များနဲ့ထုတ်လုပ်နေတာဖြစ်ကြောင်း သက်သေပြ


ဘရင်းစက်ရုံသို့ သွားရောက်လေ့လာခဲ့ကြသော မီဒီယာအဖွဲ့နှင့် Cerebos မှ တာဝန်ရှိပုဂ္ဂိုလ်များ





မတင်မိုးလွင်၊ Mr.Tul Wongsuphasawat နှင့် ကိုဖြိုးမင်းကျော်

ကျွန်မကတော့ **BRAND'S** ငှက်သိုက်ရဲ့ အမှတ်တံဆိပ်ကိုယ်စားပြုသံတမန်တစ်ယောက်ဖြစ်တဲ့အပြင် မြန်မာနိုင်ငံရဲ့ မီဒီယာကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဘရင်းကုမ္ပဏီရဲ့ဖိတ်ကြားခံရတဲ့ မြန်မာမီဒီယာအဖွဲ့ကိုဦးဆောင်ပြီး "ထိုင်းနိုင်ငံ" ဘရင်းစက်ရုံမှာ **BRAND'S** ငှက်သိုက်တွေကိုဘယ်လိုထုတ်လုပ်နေတယ်ဆိုတာကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။

ဘရင်းစက်ရုံကြီးက စားသုံးသူတွေနဲ့အခြားသောကဏ္ဍများအတွက် အချိန်မရွေး လူကိုယ်တိုင်ဝင်ရောက်လေ့လာနိုင်ဖို့ တံခါးဖွင့်ကြိုဆိုတာကိုသိရတော့ အရမ်းကိုအံ့ဩမိပါတယ်။ ဒီလိုပွင့်လင်းမြင်သာမှုရှိတဲ့စက်ရုံမှာ ဘရင်းထုတ်ကုန်တွေရဲ့ထုတ်လုပ်မှုအဆင့်ဆင့်ကို ကျွန်မတို့အတူတူ သေသေချာချာလေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်မတို့သောက်သုံးနေတဲ့ **BRAND'S** ငှက်သိုက်ပုလင်းတွေဟာ ထုတ်လုပ်မှုအဆင့်စုစုပေါင်း(၁၅၇)ဆင့်နဲ့ဖြတ်သန်းပြီးမှ စားသုံးသူတွေလက်ထဲ ရောက်လာတယ်ဆိုတာ အရင်က ကျွန်မ မသိခဲ့ပါဘူး။ ဒီလိုထုတ်လုပ်မှုမှာ သဘာဝငှက်သိုက်ကို သာမန်မျက်စိနဲ့ခွဲခြားနိုင်ဖို့ သိပ်ခက်ခဲတာကြောင့် ဘရင်းကုမ္ပဏီက **"FTIR (Fourier Transform Infrared Spectroscopy)"**လို့ခေါ်တဲ့ ခေတ်မီစက်ကြီးတွေနဲ့ စမ်းသပ်စစ်ဆေးထုတ်လုပ်နေတာလို့ သိခဲ့ရပါတယ်။ ဒီစက်က အရည်အသွေးပြည့်မီပြီး ၁၀၀% သဘာဝငှက်သိုက်စစ်စစ်ဖြစ်ကြောင်း သေချာစေဖို့ စံချိန်စံညွှန်းနဲ့အညီ သတ်မှတ်စစ်ဆေးပေးတဲ့စက်ဖြစ်ပါတယ်။

ဒါ့အပြင် ဘရင်းကိုထုတ်လုပ်နေတဲ့ **Cerebos** ကုမ္ပဏီဟာ အဆင့်မြင့်နည်းပညာစက်ကြီးများကို အသုံးပြုပြီး ထုတ်ကုန်ပစ္စည်းများ သုတေသနဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ အပြောင်းအလဲများရင်းနှီးမြှုပ်နှံသုံးစွဲထားတာတွေ့ရပါတယ်။ ကမ္ဘာ့အဆင့်မီထုတ်လုပ်မှုစံနှုန်းများကြောင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များဖြစ်တဲ့ **GMP, ISO 14001, ISO 22000, FSSC 22000, OHSAS 18001** တွေပါရှိထားတဲ့အပြင် **MONDE SELECTION INTERNATIONAL GOLD AWARD** ကိုလည်း ရရှိထားတာဖြစ်ပါတယ်။ ဘရင်းရဲ့ပုလင်းတိုင်းဟာ အရည်အသွေးမြင့်မားပြီး ဆိုးဆေးမပါဝင်တဲ့ သဘာဝငှက်သိုက်စစ်စစ်ကိုသာ အသုံးပြု ထုတ်လုပ်ထားပါတယ်။ ကျန်းမာရေးအတွက် ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေပါဝင်တာကြောင့် စိတ်ချယုံကြည်စွာ သောက်သုံးနိုင်ပါတယ်။ **BRAND'S** ငှက်သိုက်ဟာ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နဲ့ မြန်မာနိုင်ငံမှာ နံပါတ်(၁) ရောင်းအားအကောင်းဆုံး အမှတ်တံဆိပ်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ ကျွန်မအနေနဲ့ မြန်မာပြည်သူပြည်သားတွေကို **BRAND'S** ငှက်သိုက်ကို စိတ်ချယုံကြည်စွာ သောက်သုံးဖို့ကိုလည်း တိုက်တွန်းချင်ပါတယ်။



## ၁၀၀% ငှက်သိုက်စစ်စစ်မှ ထုတ်လုပ်ထားသော ဘရင်းငှက်သိုက်ရည်

## ကျန်းမာ လှပ... နုပျို ထာဝရ

"နုပျိုလှပစွာနေထိုင်နိုင်ခြင်းဟာ
ဘရင်းငှက်သိုက်ရည်ကြောင့်ပါ။ ဘရင်းငှက်သိုက်ရည်တစ်ခုတည်းကသာ
၁၀၀% ငှက်သိုက်စစ်စစ်ကို အရည်အသွေး စမ်းသပ်စက်ကြီးများဖြင့်စစ်ဆေးထုတ်လုပ်ထားပါတယ်။
ဒါကြောင့် ဘရင်းကိုပဲ ကျွန်မရွေးချယ်ပါတယ်။ ဘရင်းဟာ ကျန်းမာလှပထာဝရနုပျိုနေတဲ့
ကျွန်မဘဝရဲ့အလှပဆုံး လျှို့ဝှက်ချက်တစ်ခုပါပဲရှင်။"




Made from 100% GENUINE BIRD'S NEST PROVEN BY FTIR

SINCE 1961 MONDE SELECTION BRUXELLES GOLD AWARD

MONDE SELECTION INTERNATIONAL GOLD AWARD 2013




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**စဥ့်ကိုင်မြို့နယ်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၈၅**

မဇင်မာထွန်း **နှင့်** မစုစုမာ (ပါ ၂)

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ (၁)တရားပြိုင် မစုစုမာ (မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့၊ မြို့မရပ်ကွက်နေ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို မဇင်မာထွန်းက ကတိအတိုင်း ဆောင်ရွက်စေ၍ စုစုပေါင်းငွေ ၈၈၀၀၀၀၀/-)ရလိုမှု သို့မဟုတ် ကတိအတိုင်း နေအိမ်ဝိုင်းမြေ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်အသီးသီးတို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၄ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်) နံနက် ၁၀နာရီတွင် တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညိုမြွေး)**
**မြို့နယ်တရားသူကြီး**
**စဥ့်ကိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဉ.၅၄၈၉-A)၊ ဧရိယာ ၀.၁၁၇မ၂၂၉ဧက ဦးစည်သူဝင်းအမည်ပေါက် ဂရန်မြေကွက်အား ဦးစည်သူဝင်း ၉/မခန(နိုင်)၀၀၀၈၃၇၊ (ဘ)ဦးဝင်းမြင့်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေဥက္ကလာရေသန့်စက်ရုံမှအမြန်အလိုရှိသည်

ဝန်ထမ်း ကျား (၅)ဦး - မ (၅)ဦး၊ အမှတ် (၁၉)၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄

**ဒေါ်စန္ဒာအောင် ၇/ဖမန(နိုင်)၀၁၈၆၆၀ ဖြူးမြို့နယ်နေသူနှင့် ဒေါ်ခိုင်မူယာ ၁၃/တကန(နိုင်)၀၀၀၈၅၂ တိုက် ၂၆၂/၀၃၊ ကံ့ကော်အိမ်ရာ၊ ဇမ္ဗူသီရိမြို့၊ နေပြည်တော်နေသူတို့သိသာရန်နှင့် နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ စစ်တောင်း ၂၆ လမ်းရှိ မြေကွက်အမှတ် (ပ-၂၃၉၄၄)ကို ဒေါ်ဖြူဖြူမြင့် ၁၂/ကမရ(နိုင်)၀၃၇၇၈၇ တစ်ဦးတည်းပိုင်ဆိုင်ကြောင်း**

## ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဒေါ်ဖြူဖြူမြင့်(ခ)ဒေါ်ခင်ခင်သီ ၁၂/ကမရ (နိုင်)၀၃၇၇၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ စစ်တောင်း၂၆လမ်းရှိ ပေ(၆၀×၈၀)၊ မြေကွက်အမှတ် (ပ-၂၃၉၄၄)သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၄)ဆုံးဖြတ်ချက်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၁၇-၂-၂၀၁၄ ရက်စွဲပါစာအမှတ် ၁၀၁/၁၈-၁/နပတ(မြို့/မြေ)အရ ကျွန်ုပ်၏အမှုသည် ဒေါ်ဖြူဖြူမြင့်အား နေရာချထားပေးခဲ့သဖြင့် ၎င်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ (မြို့/မြေ)ထံ ဂရန်လျှောက်ထားဆဲ ၄-၈-၂၀၁၅ ရက်၌ ဒေါ်စန္ဒာအောင် ၇/ဖမန(နိုင်)၀၁၈၆၆၀က အဆိုပါမြေကွက်ကို ဒေါ်ခိုင်မူယာ ၁၃/တကန(နိုင်)၀၀၀၈၅၂ ထံမှ ဝယ်ယူသည်ဟု အဆိုပြုပြီး ဒေါ်ဖြူဖြူမြင့်၏ ဂရန်လျှောက်ထားမှုကို ကန့်ကွက်ထားကြောင်း သိရပါသည်။

ဒေါ်ဖြူဖြူမြင့်သည် အဆိုပါမြေကွက်ကို ၁-၁-၂၀၁၅ ရက်တွင် ဒေါက်တာ နွယ်နွယ်ဝင်း ၁၂/ဗတထ(နိုင်)၀၂၄၂၈၀ တစ်ဦးတည်းကိုသာ အပြီးအပိုင်လွှဲပြောင်း ရောင်းချခဲ့သဖြင့် ဒေါက်တာနွယ်နွယ်ဝင်းက လက်ရောက်ရယူ ခြံခတ်ထားခဲ့ပြီးဖြစ်ပါသည်။ ၁-၁-၂၀၁၅ ရက် ဒေါက်တာနွယ်နွယ်ဝင်းထံ လွှဲပြောင်းရောင်းချစဉ်က အရောင်းအဝယ်စာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာတို့၌ သက်သေအဖြစ် ဒေါ်ခိုင်မူယာကိုယ်တိုင်ပါဝင်ပြီး ဒေါ်သင်းသင်းလှိုင်၊ ဒေါက်တာချိုချိုစန်းထူးတို့ ရှေ့မှောက်တွင် ချုပ်ဆိုသည်ကို ဒေါ်ခိုင်မူယာသိရှိပြီးဖြစ်သည်။ ဒေါ်ဖြူဖြူမြင့်သည် အဆိုပါမြေကွက်အား ဒေါ်ခိုင်မူယာကိုဖြစ်စေ၊ ဒေါ်စန္ဒာအောင်ကိုဖြစ်စေ လုံးဝ ရောင်းချခဲ့ခြင်းမရှိသကဲ့သို့ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး ၁-၁-၂၀၁၅ ရက်စွဲပါ စာချုပ်နံပါတ် (၃/၂၀၁၅)ဖြင့် ဒေါက်တာနွယ်နွယ်ဝင်းအား တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲအပ်ခဲ့သည်မှအပ အခြားမည်သူ့ကိုမျှ ဒေါ်ဖြူဖြူမြင့်၏ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားခြင်းလည်းမရှိပါ။သို့ပါ၍ ဒေါ်ဖြူဖြူမြင့် အမည်ပေါက်မြေကွက် ဂရန်လျှောက်ထားမှုတွင် ဒေါ်စန္ဒာအောင်၏ ကန့်ကွက်ချက်အား ဤကြေညာချက်ထုတ်ပြန်သည့်ရက်မှစ၍ နောင်လာမည့် ခုနစ်ရက်မြောက်သောနေ့ နောက်ဆုံးထားပြီးပြတ်သားတိကျစွာ ရုပ်သိမ်းပေးရန် အကြောင်းကြားလိုက်ပါသည်။ မလိုက်နာပျက်ကွက်ပါက ဒေါ်စန္ဒာအောင်နှင့်အတူ ပါဝင်သူတို့အပေါ် ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိမ့်နွန်ခန့် LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၄၂၄၉၆)**
**အမှတ် (၃/၂၀၆)၊ မြို့ပတ်လမ်း၊ တပ်ပိုး ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၄၁၉၉၂**

**ဦးစောမြင့်ကို LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၃၂)**
**(မြဝတီဘဏ်ရှေ့နေ)**
**အမှတ် (၁၂/၃၁)၊ ရန်အောင်(၁)ရပ်၊**
**ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၉၂၀၃၁၆၆၊ ၄၉၂၃၃၇၃၀၊ ၄၂၀၇၆၅၀၇၈**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ**

## လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၈၁**

ကွယ်လွန်သူ ဦးခင်မောင်ကြီး ၉/မရမ(နိုင်)၀၂၀၆၃၁၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးမျိုးအုံ၊ အခွန်ဦးစီးမှူး
အမှတ် ၅/၅၊ ၂၇×၂၈ လမ်းကြား၊ ၆၂×၆၃ လမ်းကြား၊
မြစန္ဒာလမ်း၊ ပြည်ကြီးမျက်မှန်ရပ်
မန္တလေးမြို့ **လျှောက်ထားသူ**

မန္တလေးမြို့၊ ပြည်ကြီးမျက်မှန်ရပ်၊ အမှတ် ၅/၅နေ ဦးမျိုးအုံက ကွယ်လွန်သူ ဦးခင်မောင်ကြီး၏ ညီအစ်ကိုအရင်း ဖြစ်သည်ဟူ၍ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊ အကွက် ၇၂၁ ၎င်းကွယ်လွန်သူ ဦးခင်မောင်ကြီးမှာ ကျန်ရှိရစ်သော မန္တလေးမြို့၊ မင်္ဂလာဈေး၊ ကမ္ဘောဇဘဏ်တွင်လက်ကျန်ငွေ ၇၃၉၇၇၆၁၅/-၀၁ါး (ခုနစ်ရာ သုံးဆယ့်ကိုးသိန်း ခုနစ်သောင်း ခုနစ်ထောင်ခြောက်ရာတစ်ဆယ့်နှစ်ကျပ်နှင့်တစ်ပြား)တိတိကို ထုတ်ယူရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်ကြီးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၅ ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးမျိုးအုံ၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်လှ)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ ဈေးရပ်၊ အကွက်အမှတ် ၁၁-က၊ ဈေးရပ်၊ ဦးပိုင်အမှတ် ၂-၀၀၊ မြေကွက် အမှတ် ၅/၂၁၁၊ ဧရိယာဧက ၀.၁၁မ၀၄၅ဧကသည် ဖခင် ဦးကျော်သိန်းအမည်ဖြင့် ၂-၂-၁၉၉၈ရက်တွင် (၁၀)နှစ်ဂရန်ရှိခဲ့ပြီး ယခုအခါ ဖခင်ကွယ်လွန်သွားပါသဖြင့် သား သမီးလေးဦးဖြစ်သောဒေါ်စန်းစန်းရီ၊ ဒေါ်စန်းစန်းရွှေ၊ ဒေါ်ဝင်းဝင်းလှိုင်၊ ဦးသွင်မောင်မောင်တို့သာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိခဲ့ပြီး၊ ဒေါ်စန်းစန်းရီမှာ အပျိုကြီးဖြစ်ပြီး ၁၃-၅-၂၀၁၀ ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါကြောင်းနှင့်ဒေါ်ဝင်းဝင်းလှိုင်နှင့်ဦးသွင်မောင်မောင်မှလည်း ၂၅-၃-၂၀၁၅ ရက်တွင် တရားဝင်စာချုပ်စာတမ်းဖြင့် အပြီးအပိုင်စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသဖြင့် ကျွန်မ ဒေါ်စန်းစန်းရွှေအမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

(၁) ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်အနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ် မျက်နှာစာ 110' Sqft 6324 ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မှုမရှိသေးသောနေရာ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီးဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန်ကောင်းသောနေရာ အချက်အချာကျခြံစည်းရိုးခတ်ပြီး၊ ရေမီးပါ။ **ကျပ်သိန်း ၄၃၀၀**

(၂) သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ် (55'x145') ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီး တစ်လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေလိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး တစ်ခန်းမျှသာရှိသော၊ အလွန်သက်သာသောဈေးနှုန်း Master Bed Room နှစ်ခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ အောက်ထပ်ကြမ်းခင်းတစ်ခုလုံး ကြွေပြားအပြည့်ခင်း၊ ရေမီးအပြည့်အစုံ။ **ကျပ်သိန်း ၃၂၀၀**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၁-၅၆၀၇၈၇**







**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၃ဟ/၆၆၅၈၊ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်းနိုင် ၁/ဝမန(နိုင်)၀၃၆၅၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ဃ/၈၇၈၄၇၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာအေး ၉/မထလ(နိုင်)၀၁၀၆၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁-၁၀-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၉-၄၁၀၂၈၂**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ၁/ပူးတွဲသုံးပစ္စည်း/၂၀၁၅-၂၀၁၆

၁။ စက်မှုဝန်ကြီးဌာန အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အထည်စက်ရုံများတွင် မူလတန်းကျောင်းဝတ်စုံများချုပ်လုပ်ရန်အတွက် အသုံးပြုရန် ပူးတွဲသုံးပစ္စည်းတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၉-၂၀၁၅ ရက် (တနင်္လာနေ့)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ**
(က) **နေပြည်တော်** - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ် ၃၇၊
(ခ) **ရန်ကုန်** - အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း (ရုံးခွဲ) အမှတ်(၁)သုခဝတီလမ်း၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးအချိန်နှင့်နေရာ** - ၁၂-၁၀-၂၀၁၅ ရက် (တနင်္လာနေ့) - ၁၆း၀၀ နာရီ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၅။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
**(က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆**
**(ခ) လုပ်ငန်းရုံးခွဲ (ရန်ကုန်)၊ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဘီးလင်းမြို့နယ်နှင့် သထုံမြို့နယ်များရှိ မြေလွတ်၊ မြေရိုင်းများကို လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၅ ရက်
**တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက်** - ၁၅-၁၀-၂၀၁၅ ရက် ၁၆း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့
**ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၂၅၉၁၃၊ ၀၉-၈၇၀၃၉၆၅

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### စက်မှုဝန်ကြီးဌာန
### အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
### အမှတ် (၁၂)အကြီးစားစက်ရုံ (ထုံးဘို)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ (ထုံးဘို)မှ အောက်ဖော်ပြပါ X-2000 (မာဇဒါဂျစ်)၊ E-2000, T-2000, B-600 တို့၏ Component Parts နှင့် အခြားပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Lot(1) Bearing Group | ၃၁၆ မျိုး | HI-12/035 |
| (ခ) | Lot(2)Bolt, Nut, Washer & Spring Group | ၉၁၄ မျိုး | HI-12/036 |
| (ဂ) | Lot(3) Copper Group | ၅၉ မျိုး | HI-12/037 |
| (ဃ) | Lot(4) Aluminium Group | ၂၇၃ မျိုး | HI-12/038 |
| (င) | Lot(5) Special Parts Group | ၄၈ မျိုး | HI-12/039 |
| (စ) | Lot(6) Electrical Parts Group | ၁၆၄ မျိုး | HI-12/040 |
| (ဆ) | Lot(7) Generator Group | ၄ မျိုး | HI-12/041 |
| (ဇ) | Lot(8) Starter Group | ၆ မျိုး | HI-12/042 |
| (ဈ) | Lot(9) Other Group | ၁၁၈၉ မျိုး | HI-12/043 |
| (ည) | Lot(10) Tyre & Tube LMP Group | ၅ မျိုး | HI-12/044 |
| (ဋ) | Lot(11) Glass LMP Group | ၃ မျိုး | HI-12/045 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၈-၉-၂၀၁၅ ရက်မှ ၆-၁၀-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - အမှတ် (၁၂)အကြီးစားစက်ရုံ (ထုံးဘို)၊ စီမံကိန်းဌာန

၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၆-၁၀-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၂)အကြီးစားစက်ရုံး(ထုံးဘို)၊ စီမံကိန်းဌာန

၇။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၆-၁၀-၂၀၁၅ ရက် ၁၃း၀၀ နာရီ

၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊ ၀၆၇-၄၀၅၀၅၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၂) အကြီးစားစက်ရုံ (ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇**
**စက်မှုဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) အတွက် စက်ပစ္စည်း(၆)မျိုးကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါပိတ်ရက်**မှာ ၁၅-၁၀-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီဖြစ်ပါသည်။

### မွန်ပြည်နယ်၊ လမ်းဦးစီးဌာန
### မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့
### ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်
### ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက်
## တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအနက်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ရန် တင်ဒါခေါ်ယူပါမည်။

၁။ ရေး-မလွဲတောင်အပိုင်း — မိုင် ၁၁၁/၀-၁၁၅/၄ ထိ (Guard Rail) စိုက်ထူခြင်း - ၄ မိုင် ၄ ဖာလုံ

၂။ မုဒုံ-မြဝတီလမ်း — မိုင် ၂၆/၀-၃၂/၅ ထိ (ကတ္တရာလမ်းသစ်ခင်းခြင်း) - ၆ မိုင် ၅ ဖာလုံ

၃။ မုဒုံ-မြဝတီလမ်း — မိုင် ၂၂/၀-၃၂/၅ အတွင်း (မြေသားတာဘောင်ချဲ့ခြင်း) - ၁၀ မိုင်

(က) **တင်ဒါရယူနိုင်သည့်နေ့ရက်** - ၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)
**နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်** - ၁၄-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်၊ အချိန်၊ နေရာ** - ၁၄-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၈၀၈**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)**
**ကလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၀**

ဦးအာလ်ခေါ်ထန် **နှင့်** ဦးဗန်ဘွမ်းဟုမ်း
**တရားနိုင်** **တရားရှုံး**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ မြို့လှရပ်ကွက်နေ ဦးဗန်ဘွမ်းဟုမ်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးအာလ်ခေါ်ထန်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၇ ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေမျိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်မြို့နယ်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၁**

ဦးဇော်မင်းဦး **နှင့်** ဦးခင်မောင်ဦးပါ (၈)ဦး
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မီးရထားဝန်ထမ်းအိမ်ရာ၊ တာဝတိံသာရပ်ကွက်နေ ဦးခင်မောင်ဦး(အငြိမ်းစား) ပြည်နယ်ထွေ/အုပ်ဝန်ထမ်း (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်မင်းဦးက **အမွေမမီမြေးရပိုင်သည့် အမွေဝေစု ကျပ်သိန်း(၅၀) ခွဲဝေရရှိလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၆ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) (အင်္ဂါနေ့) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အေးမြစန္ဒာချို**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းတွင် အသင်းဝင်ထားသော အသင်းသား(မြန်မာ/နိုင်ငံခြားသား)တချို့မှာ အကြောင်းအမျိုးမျိုးကြောင့် လစဉ်ကြေးပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသဖြင့် တယ်လီဖုန်းဖြင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာပေးပို့၍လည်းကောင်း၊ နေ့စဉ်ထုတ် အင်္ဂလိပ်/မြန်မာသတင်းစာများတွင် ထည့်သွင်းကြော်ငြာ၍လည်းကောင်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၃)နှစ်နှင့်အထက် လစဉ်ကြေးများပေးသွင်းရန် ပျက်ကွက်လျက်ရှိသည့် အသင်းသားများအနေဖြင့် ၃၁-၁၀-၂၀၁၅ ရက် နောက်ဆုံးထားပြီး လစဉ်ကြေးများကို လာရောက်ပေးသွင်းကြပါရန်နှင့် ပျက်ကွက်သည့် အသင်းသားများအား ၁-၁၁-၂၀၁၅ ရက်မှစ၍ အသင်းသားအဖြစ်မှ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အထွေထွေမန်နေဂျာ**
**မြို့တော်ဂေါက်ကွင်း**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂**
**မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၅**

ဦးသိန်းထွန်း (၄င်း၏ကိုယ်စား အထူးကိုယ်စားလှယ် ရရှိသူ ဦးသူရအောင်) **နှင့်** ဦးကျော်စိန်
**တရားနိုင်** **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံးဖြစ်သည့် ဦးကျော်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဇင်မာအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**



## (၂၂)နှစ်မြောက်မွေးနေ့ဆုမွန်
(၂၇-၉-၂၀၁၅)

## သားငယ်လေး
## ဒေါက်တာကျော်ဇင်ချို
**(အလုပ်သင်ဆရာဝန်၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး)**

လျှောက်လှမ်းမယ့် အနာဂတ်ဘဝခရီးမှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ အတ္တပရကောင်းကျိုးများ အောင်မြင်စွာဆောင်ရွက်နိုင်ပါစေ။

ဖေဖေ - ဦးခင်မောင်ချို (ဒုစက်ရုံမှူး၊ ဘိလပ်မြေစက်ရုံ၊ ကျောက်ဆည်)
မေမေ - ဒေါ်တင်တင်သန်း
မမကြီး - မမေဇင်ချို (Structural Engineer, Meinhardt Myanmar Co.,Ltd.)
ကိုကိုကြီး - ဗိုလ်ကြီးအောင်ဇင်ချို (DSMA) (ရေတပ်ဆေးရုံ၊ သန်လျက်စွန်း)

## စား-ဖျော်ဝန်ထမ်းဟောင်းများ
## ဝါဆိုသင်္ကန်းကပ်လှူမည်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ စား-ဖျော်/စားသောက်ဆိုင်(ယမကာ)လုပ်ငန်းဌာန ဝန်ထမ်းဟောင်းများက သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတံဂုံအရှေ့ဘက်မုခ်၊ အာဇာနည်လမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ စား-ဖျော်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ဝန်ထမ်းဟောင်းများအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်ကုသိုလ်ရယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်မြင့် (အတွင်းရေးမှူး) ဖုန်း-၀၉-၂၅၄၃၅၄၆၃၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အကျိုးဆောင်ဝန်ထမ်းဟောင်းများ**

## ဝန်ထမ်းအလိုရှိသည်

Kross Asia Co.,Ltd.တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ **Admin & HR Manager - ကျား (၁)ဦး (550000-750000)**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အသက်(၃၀)အထက်ဖြစ်ရမည်။ HR Management Diploma ရရှိထားပြီးဖြစ်ရမည်။ HR မန်နေဂျာရာထူးဖြင့် အနည်းဆုံး လုပ်သက် (၃)နှစ်ရှိရမည်။

၂။ **Purchasing Manager - ကျား (၁) ဦး (300000-390000)**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။ အသက်(၃၀)အထက်ဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။ စားသောက်ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

၃။ **Chef - ကျား (၁) ဦး (300000-390000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ(သို့)ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အသက် (၃၀)အထက်ဖြစ်ရမည်။ Food & Beverage Production (သို့) Cooking Trianing အစရှိသည့် သင်တန်းတစ်ခုခုတတ်မြောက်ပြီးဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်အထက်ရှိရမည်။

၄။ **Commis - ကျား (၄) ဦး (190000 - 240000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အသက် (၂၅)နှစ်အထက်ဖြစ်ရမည်။ Food & Beverage Production (သို့) Cooking Trianing အစရှိသည့် သင်တန်းတစ်ခုခုတတ်မြောက်ပြီးဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။

၅။ **Waiter / Waitress - ကျား/မ (၂၀)ဦး (140000 -160000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၁၈)နှစ်နှင့်အထက်ဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၆ လရှိရမည်။

၆။ **Buffet Man - ကျား (၃)ဦး (140000 -160000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၁၈)နှစ်နှင့်အထက်ဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၆) လရှိရမည်။

၇။ **Bartender - ကျား (၂)ဦး (190000-240000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၂၀)နှင့်အထက်ဖြစ်ရမည်။ Bar အတွေ့အကြုံ (၂) နှစ်အထက်ရှိရမည်။

၈။ **Bar Man - ကျား (၄)ဦး (140000-160000)**
ပညာအရည်အချင်း အထက်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရမည်။ အသက်(၁၈)နှစ်နှင့်အထက်ဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၆)လရှိရမည်။

၉။ **Cashier - မ (၃)ဦး (150000-160000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက် (၂၀)အထက်ဖြစ်ရမည်။ လုပ်သက်အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။

၁၀။ **Kitchen Helper - ကျား/မ (၇)ဦး (140000-160000)**
ပညာအရည်အချင်း အထက်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရမည်။အသက် (၁၈)နှစ်နှင့်အထက်ဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၆) လရှိရမည်။

၁၁။ **Cleaner - မ (၄)ဦး (130000-140000)**
ပညာအရည်အချင်း အလယ်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရမည်။ အသက်(၁၈)နှစ်နှင့်အထက်ဖြစ်ရမည်။ရိုးသားကြိုးစား၍ မိမိလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူ ဖြစ်ရမည်။

၁၂။ **Security - ကျား (၂)ဦး (130000-140000)**
ပညာအရည်အချင်း အလယ်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရမည်။ အသက်(၄၀)နှင့်အထက်ဖြစ်ရမည်။ ရိုးသားကြိုးစား၍ မိမိလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူ ဖြစ်ရမည်။

၁၃။ **Driver - ကျား(၂)ဦး (220000)**
ပညာအရည်အချင်းအလယ်တန်းအဆင့် တက်ရောက်ဖူးသူဖြစ်ရမည်။ အသက်(၂၅)နှစ်နှင့်အထက်ဖြစ်ရမည်။ ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။ လိုင်စင်အနက်ကိုင်ဆောင်ထားသူဖြစ်ရမည်။အနည်းဆုံးကားမောင်းသက်တမ်း (၂)နှစ်ရှိသူဖြစ်ရမည်။

အထက်ပါရာထူးအလိုက် လျှောက်ထားလိုလျှင် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်နှင့်အတူ ပညာရေးထောက်ခံချက်စာရွက်စာတမ်းများနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ - အမှတ် (၃၅/၃၇)၊ မှန်ရဝေလမ်း (ဈေးကွေ့မှတ်တိုင်အနီး) ဆရာစံအရှေ့မြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၆၃၃၇၃၃၇၂၊ ၀၉-၇၉၅၂၄၂၈၃၃**


ဒေါက်တာ ဦးဉာဏဝရ၊
သာသနာ့ဓဇ ဓမ္မာစရိယ၊ သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ၊
မဇ္ဈိမ ဘာဏက၊ မဇ္ဈိမ နိကာယ ကောဝိဒ၊ Ph.D (University of the west, USA)
ပြုစုရေးသားတော်မူသော
ဗုဒ္ဓဘာသာ ဝေါဟာရ
မြန်မာ - အင်္ဂလိပ်
စွယ်စုံအဘိဓာန်





ဤကျမ်းစာထဲတွင် -
သိသင့်သိထိုက်သော ထေရဝါဒ(မြန်မာ) ဗုဒ္ဓဘာသာ ဝေဟာရများနှင့် အချက်အလက်များ အားလုံးလိုလို ပါဝင်ပါသည်၊
နှစ်ဘာသာကျွမ်းကျင်သူများသာမက အင်္ဂလိပ်စာ လေ့လာလိုသူများနှင့် မြန်မာဘာသာသက်သက် တတ်ကျွမ်းသူများလည်း လေ့လာ ဖတ်ရှုနိုင်ပါသည်၊
ပိဋကတ် ၃ ပုံ၊ အရိယာသစ္စာ ၄ ပါး၊ ဝိပဿနာတရားထိုင်နည်း ၄ နည်း၊ နိကာယ် ၅ ရပ်၊ မိဘကျင့်ဝတ် ၅ပါး၊ ဘုန်းကြီးကျင့်ဝတ် ၆ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ပါး၊ ၉ ပါးသီလ၊ ရေအကျိုး ၁၀ပါး၊ ဉာဏ်စဉ် ၁၀ပါး၊ မင်းကျင့်တရား ၁၀ပါး၊ မီး ၁၁ ပါး၊ မေတ္တာအကျိုး ၁၁ မျိုး၊ ရုပ် ၂၈ ပါး၊ မင်္ဂလာတရား ၃၈ ပါး၊ ရောဂါမျိုး ၉၆ ပါး၊ ၁၀၈ ကွက် စက်လက္ခဏာ၊ ဇာတ်တော် ၅၅၀၊ မွေစန္ဒာပေါင်း ၈၄၀၀၀ - စသည့် စသည့် အကြောင်းအရာပေါင်းများစွာ မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် ပါဝင်သည်၊
ရန်ကုန်နှင့် မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
ဖြန့်ချိရေး - သုခီတဝေ
အမှတ် (၁၀)၊ ရွှေနှင်းဆီ (၃) လမ်း၊ (၂၅) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၄၆၃၂၅၊ ၀၉-၅၀၇၄၅၀၉၊ ၀၉-၅၀၀၉၉၂၄



သင်..အသက်ငယ်ငယ်နဲ့ အောင်မြင်ချင်ပါသလား ➡ လူငယ်မန်နေဂျာသင်တန်း YOUNG MANAGER TRAINING
MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
သင်တန်းများအားလုံးကို ABE (UK) ၏ ကမ္ဘာ့အမှတ်အများဆုံးဆု (WORLD FIRST) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင်သင်ကြားပေးပါမည်။
စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက်...
● အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
● Marketing, HR, Operation အခြေခံ အသိသုတများ
● Business Plan, Business Model ရေးဆွဲနည်း
● ခေါင်းဆောင်မှုပညာ (Leadership Skill)
● အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
● Problem Solving Skill, How to get idea ?
www.facebook.com/mlinstitute
3.10.2015 ဖွင့်မည် (Sat - Sun) 5 : 30 pm to 7 : 30 (၂)လ သင်တန်း
Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။
Campus (1) : 209 (B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus (2) : Taw Win Centre (3rd Floor)
Can Contact : 01- 548500, 0932350785, 09254114537, 09259290273, 095010014 Website : www.lynnthaiknyunt.com
တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်







ရေလွှမ်းမိုးမှုကြောင့် ရေတွင်းရေကန်များအတွင်းသို့ စာတုပစ္စည်းများ ရောဂါဖြစ်စေသော ဘက်တီးရီးယားများပါဝင်သည့် ညစ်ညမ်းသောရေများဝင်ရောက်စေပါသည်၊ မသန့်ရှင်းသောရေကို အသုံးပြုခြင်းဖြင့် ဝှက်များရောဂါ၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ အပါအဝင် ကူးစက်ရောဂါနှင့် အရေပြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။
ရွှေတောင်ကြီးဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို သန့်စင်ပါ။
GTG ရွှေတောင်ကြီး
အနံ့ဆိုးပျောက် ရေဆိုးရေညစ်သန့် သဘာဝသန့်စင်ရည်
ရေကြည်လင်လာပြီး ရေအရည်အသွေး PH Level ပြည့်ဝလာပါမည်။ ရေတွင်းရေကန်အတွင်းရှိ ရောဂါဖြစ်စေသော ဘက်တီးရီးယားများကို ဖယ်ရှားသန့်စင်ပေးပါသည်။ နွံ့အနယ်အနှစ်များ လျော့ကျစေပါသည်။ ရေအနံ့ဆိုးများပျောက်ကွယ်စေပါသည်။ ခြင်၊ ယင်များ လျော့နည်းပျောက်ကွယ်သွားပါသည်။
သဘာဝဇီဝနည်းပညာဖြစ်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိပါ
ရေဘေးသင့်ဒေသများအတွက် လှူဒါန်းလိုပါက အကျိုးအမြတ်မယူဘဲ ကူညီဆောင်ရွက်ပေးပါမည်။
အခန်းအမှတ် (၀၀၃)၊ တိုက်အမှတ် (၁၀)၊ ရတနာလမ်းသစ်၊ (၁၀/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၄၅၀၅၅၆၊ ၄၅၀၇၂၂၊ ၀၉-၇၃၀၆၅၀၂၀၊ ၀၉-၇၉၆၂၇၂၄၉၀၀




## အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
## မုံရွာမြို့
## အိုးဘိုတောင်ရပ်ကွက်ရှိ မြေကွက်(၂)ကွက်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန်ကြော်ငြာခြင်း

၁။ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်ရှိ ဂရန်ပြန်လည်အပ်နှံထားရှိသည့် ပေ(၈၀×၄၀)မြေကွက်နှစ်ကွက်အား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၂၈-၉-၂၀၁၅ ရက် နံနက် ၉း၀၀နာရီ
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၁၂-၁၀-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၂၃-၁၀-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၆-၁၀-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီ
(င) **ရောင်းချမည့်မြေကွက်** - မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ (၁၃)လမ်းရှိ ဦးပိုင်အမှတ် 17B1-51(12) နှင့် ၁၇လမ်းမှ ဦးပိုင်အမှတ် A4-17(4) ပေ(၈၀×၄၀) မြေကွက်နှစ်ကွက်
(စ) **ရောင်းချမည့်နေရာ** - ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့

၂။ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်မြေကွက်နှစ်ကွက်၏ အသေးစိတ်အချက်အလက်များ အား သိရှိလိုပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၁၁၅၇၊ ၀၇၁-၂၁၃၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**မုံရွာမြို့**

## ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
## ပညာရည်ချွန်ဆုချီးမြှင့်မည်

၂၀၁၅ ပညာသင်နှစ်တွင် ခရမ်းသား/ခရမ်းသူ သား/သမီးများထဲမှ အခြေခံပညာအထက်တန်းစာမေးပွဲတွင် တစ်ဘာသာအထက် ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲပြုလုပ်မည်ဖြစ်သောကြောင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများသည် အသင်းရုံးတည်ရှိရာ အခန်းအမှတ် ၀၀၁-A မြေညီထပ်၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၁-၅၄၉၃၃၉သို့ ၃-၁၀-၂၀၁၅ ရက် နောက်ဆုံးထား၍ သတင်းပေးပို့ကြရန် နှိုးဆော်အပ်ပါသည်။

ပညာရည်ချွန်ဆုပေးပွဲကို ၁၈-၁၀-၂၀၁၅ ရက် နံနက် ၉း၀၀နာရီတွင် ခရမ်းမြို့ သွန်းဘုရားကြီး၊ သာသနဗိမာန်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ခရမ်းမြို့နယ်အသင်း(ရန်ကုန်)**

**ဖခင်အမည်မှန်**
ဒေးဒရဲမြို့ အထက(၁) အတွဲ(၁) အခန်း(A)၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းနှင်းအိ ရေပူဝကျေးရွာ အလက(ခွဲ)ပဌမတန်းမှ မစပယ်၏ ဖခင်ဖြစ်သူအမည်မှန်မှာ ဦးတင်ဝင်းနိုင်ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
အင်္ဂပူမြို့နယ်၊ ထူကြီးမြို့၊ ရတနာပုံလမ်းနေ မအိမ့်သက်သူ၊ မောင်ချစ်ထိုက်သူတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးနိုင်(ခ) ဦးကျော်ကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စိန်ညွန့်
**အသက်(၇၉)နှစ်**

ရွှေဘိုတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်စိန်ညွန့်သည် ၂၄-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယပါမောက္ခချုပ်နှင့်**
**ဆရာ/ဆရာမများ၊ဝန်ထမ်းများ**
**ရွှေဘိုတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခင်မောင်ဝင်း
**ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
**အသက်(၇၃)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)ဦးခင်မောင်ဝင်းသည် ၁၇-၉-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ပင်လုံ ဒေါ်သီတာစိန်(ခ)သီတာ
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ခြံအမှတ် ၁၃၀၊ ပင်လုံဂေဟာနေ ပါမောက္ခ ဒေါက်တာစောတင်၏ဇနီးသည် ၂၄-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၆ ခုနှစ်ခန့် သင်္ချာ ဆရာ ဆရာမများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးဝင်းဌေး(ငြိမ်း)
**ကြည်း-၁၄၈၄၃ D.S.A(20)**
**အသက်(၅၉)နှစ်**

သူငယ်ချင်းတစ်ယောက် ၂၁-၉-၂၀၁၅ရက် နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြင့်မြင့်စိုး (မြင်းခြံမြို့)
**(B.Ed.1988)**
**အလက(၂)အင်းစိန်(ငြိမ်း)**
**အသက်(၅၇)နှစ်**

ပါမောက္ခဒေါက်တာဇော်ဝေစိုး (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ အစ်မကြီး ဒေါ်မြင့်မြင့်စိုးသည် ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရိုးရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**

## ဦးဇော်မြင့်ဦး
**ဦးစီးအရာရှိ (ကော့မှူးမြို့နယ်)**
**မြို့နယ်အခွန်ဦးစီးမှူး (ပြည်တွင်းအခွန်များဦးစီးဌာန) အောင်လံမြို့**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သပြေညိုလမ်း၊ အမှတ် (၁၇/ဘီ)၇အေနေ (ဆရာကြီးဦးကြည်-ဆရာမကြီး ဒေါ်စိုးမြင့်)တို့၏သား၊ (ဦးချစ်ညွန့်-ဒေါ်အေးကြွေ)တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း (အထက-၂၊ စမ်းချောင်း)၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်ဆုမွန်ဇော်(သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာနည်း ပညာတက္ကသိုလ်)၊ မောင်မင်းခန့်ဇော် (ပြည်တွင်းအခွန်များဦးစီးဌာန၊ သရက်မြို့) တို့၏ဖခင်သည် ၂၅-၉-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၅ ရက်(တနင်္ဂနွေနေ့)တွင် ကော့မှူးမြို့သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

## မမြတ်နိုးဝေ(ခ) ယွန်း(ခ) Monica
**COUNTRY MANAGER (ALLIANZ INSURANCE GROUP)**
**CII (LONDON), BUSINESS ADMINISTRATION (UNIVERSITY Of LONG BEACH, COLIRORNIA)**
**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ် (၁၃၁/F)နေ (ဒုတိယဗိုလ်မှူးကြီးဝေဖြိုးသိန်း)-ဒေါ်ခင်သူဇာဝင်းတို့၏သမီး၊ မောင်သက်ဇော်၏အစ်မ၊ (ဗိုလ်မှူးဖေသိန်း)-ဒေါ်ခင်ခင်အေး (မိတ္ထီလာ)၊ ဦးခင်မောင်ဝင်း-ဒေါ်မြတ်မြတ်လွင်၊ ဦးဆွေ-ဒေါ်ခင်သက်မော်တို့၏မြေး၊ ဦးဇော်မင်းဇင်-ဒေါ်တင်သီတာတို့၏ တူမ၊ ကိုသန့်ဇော်ဝင်း(Dexter)၏ညီမ၊ မခိုင်ဇင်ဝင်း (Stephanie)၊ မမေသဲဇင် (Cr-ystal)တို့၏အစ်မသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) ည ၇း၃၈နာရီ တွင် Bangkok Hospital ၌ ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် Bangkok မြို့၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၉- ၂၀၁၅ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှ (ပြင်ဦးလွင်)
**အသက်(၈၉)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ်သူရဘိုနီ-ဒေါ်ခင်မလေးတို့၏ မိခင်၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ၊ ဗိုလ်ကြီးလင်းဘိုနီ-မနိုနိုဇော်တို့၏အဘွား ဒေါ်လှသည် ၂၁-၉-၂၀၁၅ ရက် နံနက် ၄း၁၀နာရီတွင် နေပြည်တော်ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်**
**တပ်ဖွဲ့ဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်(ခ)ရှဲ့ကျုံးထီ
### General Drugs House Co.,Ltd
**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ် ၂၃ နေ ကွယ်လွန်သူ(ဒေါ်ကြင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းအောင်(ခ) ဦးရော်ဘင်-ဒေါ်စုနီ(TWJS Company Limited)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ် (Ever Seiko Company Limited) (TWJS Company Limited)၊ ဦးအောင်ဝင်း(ခ) ဦးအပ်ခြိ-ဒေါ်ဖြူဖြူခင် (General Paints & Chemicals Industries Company Limited)၊ ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး (TWJS Company Limited) (Oriental Orchid Company Limited)တို့၏ ချစ်လှစွာသောဖခင်ကြီး မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၃-၉-၂၀၁၅ ရက် ထိုင်းစံတော်ချိန် ည ၇း၂၂ နာရီတွင် ထိုင်းနိုင်ငံ Praram 9 Hospital ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**General Drugs House Co.,Ltd ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်(ခ)ရှဲ့ကျုံးထီ
**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ် ၂၃ နေ ကွယ်လွန်သူ(ဒေါ်ကြင်)၏ ချစ်လှစွာသောခင်ပွန်း၊ General Paints & Chemicals Industries Company Limited ၏ Managing Director ဦးအပ်ခြိ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်၊ ဦးရော်ဘင်(ခ)ဦးဝင်းအောင်-ဒေါ်စုနီ(TWJS Company Limited)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ် (TWJS Company Limited) (Ever Seiko Company Limited) နှင့် ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး (TWJS Company Limited) (Oriental Orchid Company Limited)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး မြေး ၁၀ ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၃-၉-၂၀၁၅ ရက်တွင် ထိုင်းနိုင်ငံ Praram 9 Hospital ၌ ထိုင်းစံတော်ချိန် ည ၇း၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**General Paints ရုံးချုပ်ဝန်ထမ်းများ**
**General Paints မန္တလေးရုံးခွဲဝန်ထမ်းများ**
**General Paints တောင်ကြီးရုံးခွဲဝန်ထမ်းများ**
**General Paints နေပြည်တော်ရုံးခွဲဝန်ထမ်းများ**

## ကျေးဇူးတင်ရှိခြင်း

၂၄-၉-၂၀၁၅ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားခဲ့သော (ဒေါ်မြင့်မြင့်စိုး) နာမကျန်းဖြစ်စဉ်က မေတ္တာဖြင့် ကူညီစောင့်ရှောက်ပေးခဲ့ကြသော ပါမောက္ခ ဒေါက်တာစိုးဦးမောင်၊ ရန်ကုန်အရိုးအထူးကုဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ကျ ဆရာ၊ ဆရာမများအားလုံးနှင့် ဆေးရုံဝန်ထမ်းများအားလုံးအား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ပြည်တွင်းပြည်ပမှ ဝမ်းနည်းကြောင်းနှစ်သိမ့်အားပေးသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### မိခင်ကြီး ဒေါ်စန်းစန်း
**အသက် (၆၁)နှစ်**

အကယ်ဒမီမြန်မာပြည်ကျော်ကျော်စိမ်း၏မိခင်ကြီး ဒေါ်စန်းစန်း အသက် (၆၁)နှစ်သည် ၂၃-၉-၂၀၁၅ရက် ည ၈း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြို့ရွှေမန်းသားလေး**
**ဖိုးချစ်**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးညီညီလင်း(ခ)ချူလေးရိန်
### (ဒီဇင်ဘာအားကစားပစ္စည်းဆိုင်နှင့် Forward MTN Group)
**အသက်(၅၀)**

သူငယ်ချင်း ဦးညီညီလင်း ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆း၀၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျော်ဝင်း၊ တင်အောင်ကြည်၊ လှဝင်း၊ မောင်မောင်၊ ညွန့်ဝင်းလှိုင်၊**
**လှဝေ၊ လှကြည်၊ သီဟသိန်း၊ ဗိုလ်မှူးသက်နိုင်(ငြိမ်း)၊**
**ဗိုလ်မှူးရဲထွန်း(ငြိမ်း)၊ အောင်ဝင်းမြတ်**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မိခင်ကြီး A.ဒေါ်လက်ချိမ်း ကွယ်လွန်သည်မှာ ၂၇-၉-၂၀၁၃ရက်မှာ (၂)နှစ်ပြည့်နှင့် ဖခင်ကြီး A. ဦးရတနာကွယ်လွန်သည်မှာ ၂၁-၁၁-၂၀၁၄ရက်မှာ (၁၀)လပြည့်ပြီးဖြစ်သော်လည်း တစ်နေ့မှာမေ့မရနိုင်ပါ။ ဖေဖေ၊ မေမေတို့၏ကျေးဇူးတရားကို အစဉ်သတိရလျက် ရည်စူး၍ လှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓု အနုမောဒနာခေါ်ဆိုနိုင်ပါစေ။ **A.ဦးရာဂျး-ဒေါ်ကမာလား မိသားစု**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တမဏ္ဍလ (မဟာဒွါရ)
**သိမ်၊ ကျောင်း၊ မဟာညောင်ကုန်းကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်**
**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ သာသနာ လင်္ကာရ သိမ်ကျောင်း၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တမဏ္ဍလမဟာထေရ်သည် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်) ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်) ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(မဟာညောင်ကုန်းကျောင်းတိုက် သိမ်ကျောင်းမှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှ
**အသက်(၈၉)နှစ်**

ပြင်ဦးလွင်မြို့နေ တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်ကြည်နှင့်ဇနီး ဒေါ်သီတာလွင်တို့၏မိခင်ကြီး ဒေါ်လှသည် ၂၁-၉-၂၀၁၅ရက် နံနက် ၄း၁၀နာရီတွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ**
**မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား**
**ပြင်ဦးလွင်မြို့**

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း
### ဒေါ်မိုးတင်မာရီ (B.Ag-83) မကွေး
**လက်ထောက်ညွှန်ကြားရေးမှူး၊ ကော်ဖီစီမံကိန်း(လယ်/ဆည်)ပြင်ဦးလွင်**

ချစ်ဇနီး မိုး-ပြင်ဦးလွင်မှာ မိသားစုနဲ့ခွဲခွာသွားတာ ၂၅-၉-၂၀၁၅ရက်မှာ (၅)နှစ်ပြည့် ပြီးဖြစ်ပေမယ့် အစဉ်အမြဲသတိရလျက်ပါ။ ချစ်ဇနီးအတွက် ရည်စူးပြီး ပြည်တွင်း/ပြည်ပနဲ့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါတယ်။ မြင့်မြတ်တဲ့ ဘုံဘဝမှ မြင်နိုင်ကြားနိုင်သာဓုခေါ်နိုင်ပါစေ။

**ချစ်ခင်ပွန်း-ဗိုလ်မှူးဌေးဦး(ငြိမ်း)**
ပြည်နယ်ဦးစီးဌာနမှူး၊ ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
မေမေ-သားတို့ပြုလုပ်တဲ့ကောင်းမှုကုသိုလ်တွေကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ် နိုင်ပြီးသာသနာပြုပုဂ္ဂိုလ်ဖြစ်နိုင်ပါစေ။

**ချစ်သားကြီး - ဗိုလ်ကြီးရာဇာဦး-မချိုအိမွန်ဝင်း**
**ချစ်သားလတ် - ဗိုလ်ကြီးဇေယျာထွန်း**
**ချစ်သားငယ် - ကိုထူးလျှံအောင်(ထူးဇမ္ဗူ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
### ဦးစိုးမြင့်ရှိန်
**မန်နေဂျာ(ငြိမ်း)၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၇၆)နှစ်**

ဦးစိုးမြင့်ရှိန်၊ မန်နေဂျာ(ငြိမ်း)၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်းသည် ၂၄-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ**
**(ပြည်တွင်းရောင်း/စက်)နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးစိုးမြင့်ရှိန်
**မန်နေဂျာ(ငြိမ်း)၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၇၆)နှစ်**

ဦးစိုးမြင့်ရှိန်၊ မန်နေဂျာ(ငြိမ်း)၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်းသည် ၂၄-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**၂၀၀၄ ခုနှစ် တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်အေးသီဂီဦး
### Director, Golden Deer Pte.Ltd.
**အသက်(၅၂)နှစ်**

စင်ကာပူနိုင်ငံမှ (၁၂)ယောက်မွေ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်အေးသီဂီဦးသည် ၂၃-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) စင်ကာပူနိုင်ငံ စံတော်ချိန် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

| | |
|---|---|
| (၁) ဒေါ်မြမီ | (၆) ဒေါ်ခင်မျိုးကြည် |
| (၂) ဒေါ်ကြူကြူရှိန် | (၇) ဒေါ်သဇင်ကြည် |
| (၃) ဒေါ်ခင်သောင်းရီ | (၈) ဒေါ်ခင်ခင်စန်း |
| (၄) ဒေါ်ကြည်ကြည်သန်း | (၉) ဒေါ်မူယာခင် |
| (၅) ဒေါ်သီတာမြင့် | (၁၀) ဒေါ်မိုးဥမ္မာဦး |
| | (၁၁) ဒေါ်မြင့်မြင့်မော် |

# ငါးနှစ်အောက်ကလေးသေဆုံးမှု မရှိစေရေး ကုလညီလာခံ၌ မြန်မာ ထည့်သွင်းဆွေးနွေး



သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ UNGA

**နယူးယောက် စက်တင်ဘာ ၂၆**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသော အထွေထွေညီလာခံတွင် ကမ္ဘာ့ ၁၉၃ နိုင်ငံမှ ထိပ်သီးခေါင်းဆောင်များ၊ လူမှုရေးလှုပ်ရှားသူများနှင့် ကုလသမဂ္ဂသံတမန်များ၊ မီဒီယာများ တက်ရောက်ခဲ့ကြကာ ကမ္ဘာတစ်ဝန်းလုံး၌ ခြိမ်းခြောက်ခံနေရသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အလေးထား ဆွေးနွေးလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်အထိ အကျိုးဝင်သော ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ဖော်ဆောင်သွားနိုင်ရန် ဦးတည်လျက် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည်။

၂၀၁၅ ခုနှစ်သည် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရလဒ်ကောင်းများကို ရရှိသည့်နှစ်တစ်ခုဖြစ်ပြီး လူသားတိုင်းပါဝင်နိုင်သည့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု SDGs ကို အကောင်အထည်ဖော်ကြရန် တက်ရောက်လာသူများက သဘောတူဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၃* ❑

# ဇယားထိပ်ဆုံးရောက် မန်စီးတီး စပါးကို ဂိုးပြတ်ရှုံး

သီဟ-ရေးသည်

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၇) အစောဆုံးပွဲအဖြစ် စနေနေ့ညပိုင်းက စပါးနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်စပါးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။**



ယနေ့ပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကြသည်။ အိမ်ရှင်စပါးအသင်းသည် ဟယ်ရီကိန်းကို အထောင်ထားကာ ကွင်းလယ်၌ လာမယ်လာ၊ အီရစ်ဒီရာ၊ မင်ဆန်ဟောင်၊ ဒယ်လီအလီ၊ အီရစ်ဆန်တို့ပါဝင်ပြီး နောက်တန်းတွင် ဝေါလ်ကာ၊ အယ်ဒါဝိုင်ရက်၊ ဗာတွန်ဂမ်၊ ဘန်ဒါဗီးလ်နှင့် ဂိုးနေရာတွင် ဟူဂိုလိုရစ်တို့ပွဲထွက်လာသည်။ ဒဏ်ရာရရှိသော ဘန်တာလပ်၊ ဒမ်ဘီလီ၊ ပရစ်ချတ်၊ မာဆန်တို့ မပါဝင်ခဲ့ပေ။

ဧည့်သည် မန်စီးတီးအသင်းသည် အဂူရိုကို အထောင်ထားပြီး ဝါရင့်ဂိုးသမား ဂျိုးဟတ်နေရာတွင် ကာဘယ်လာရို ပါဝင်ခဲ့သည်။ ကွင်းလယ်တွင်စတာလင်း၊ ဖာနန်ဒို၊ ယာယာတိုရေး၊ ဖာနန်ဒင်ဟို၊ ကီဗင်ဒီဘရိုင်းတို့ပါဝင်ပြီး နောက်တန်းတွင် ကိုလာရော့ဗ်၊ အော့တာမန်ဒီ၊

*စာမျက်နှာ ၁၄ ကော်လံ ၅* ◆

**စပါးအသင်းမှ နောက်တန်းကစားသမား အယ်ဒါဝိုင်ရက် မန်စီးတီးဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူစဉ်။**

## ယနေ့ မာတိကာ

ကုလသမဂ္ဂ ရည်မှန်းချက်သစ်များ ချမှတ် စာ ၄

ဖန်ကောက်ပုံးပေါက်ကွဲမှု အဓိကတရားခံ ပြန်လည်သရုပ်ဆောင် ခိုင်းရန် ဖုံးပေါက်ကွဲ နေရာ ခေါ်ဆောင် စာ ၇

ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ စာ ၉

တစ်ရက်တည်း စံချိန်တင်မိုး ရွှေဘို၌ သွန်းဖြိုး စာ ၁၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေညီလာခံ ကျင်းပ စာ ၁၄

မွေတော် ကဏ္ဍသို့ ဆောင်းပါး စာ ၂၀

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS



# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

**ရွေးကောက်ပွဲကျင်းပရန်**

**၄၂**

**ရက်သာလိုတော့သည်။**

### ဒါတွေလုပ်ပါ

- ကိုယ် မဲပေးရွေးချယ်ရမယ့် ကိုယ်စားလှယ်လောင်းများ စာရင်းကို ကြိုတင်သွားကြည့်ပါ။



### ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုကြေညာခြင်း

"မဲစာရင်းတွင် အမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံ ပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့် ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဌာန်းထားပါသည်။"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ပယ်မဲ

၁။ ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်

၂။ မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်

၄။ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်

၅။ ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်

၆။ ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟုမဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်

၇။ ဆန္ဒမဲပေးသူကို သိရှိနိုင်အောင်အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်

၈။ ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်

၉။ ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ



### ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သူများ

ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသည် -

၁။ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ

၂။ ကျောင်းသားများ

၃။ သင်တန်းသားများ

၄။ အခြားမဲဆန္ဒရှင်များ



### ဒါတွေလုပ်ပါ

- လွှတ်တော်သုံးရပ်အတွက် မဲသုံးမဲပေးရမည်ကို သတိပြုပါ။





### ဒါတွေမလုပ်ပါနဲ့

- မဲရုံတစ်ရုံထက်ပိုပြီး မဲမပေးရပါ။

## မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး မဲရုံတည်နေရာများ အတည်ပြုသတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ကျောက်ဆည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျောက်ဆည်ခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ကျောက်ဆည်မြို့နယ်မြေတာဝန်ခံ ဦးကျော်ဝင်းသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ စက်ရုံအလုပ်ရုံများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိဌာနများမှ ကိုယ်စားလှယ်များ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားတွေ့ ဆုံကာ မဲဆန္ဒရှင် စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံတည်နေရာများ အတည်ပြု သတ်မှတ်နိုင်ရေးညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသက်ထွန်းက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးတင်အောင်လွင်က မဲစာရင်းများပြုစုခြင်းနှင့် မဲဆန္ဒရှင် လမ်းညွှန်လက်ကမ်းစာစောင်ပါ ပုံစံ(၃)၊ ပုံစံ(၃-က)၊ ပုံစံ(၄)၊ ပုံစံ(၄-က)၊ ပုံစံ(၄-ခ)၊ ပုံစံ(၄-ဂ)များအရ ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကောင်မရှင်အဖွဲ့ခွဲဝင် ဦးခင်မောင်သန်းက ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက်မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းများနှင့် စပ်လျဉ်းပြီး ပုံစံ(၁၅)၊ ပုံစံ(၁-၁)၊ ပုံစံ(၁-၂)များ၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်းပြီး ပုံစံ(၁၅)၊ ပုံစံ(၁-၃)များ ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေး၊ သတ်မှတ်လျာထားသော မဲရုံတည်နေရာများ အတည်ပြုနိုင်ရေးဆွေးနွေးကြသည်။ **သက်မောင်(ကျောက်ဆည်)**

# လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

**လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်) ဗဟိုကော်မတီအဖွဲ့ဝင် ဦးသဲရယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၆ ရက်ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ကမ္ဘာနှင့်အဝန်းရှိ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့တွင် ခေတ်သမိုင်းနှင့်ယှဉ်သော ဖြစ်ပျက်ပြောင်းလဲခြင်း နိယာမသဘောတရားကို မလွန်ဆန်နိုင်ဘဲရှိသကဲ့သို့ ခေတ်ရေစီးကြောင်းကိုလိုက်၍ အုပ်ချုပ်မှုစနစ်သည်လည်း အဟောင်းမှအသစ်သို့ ကူးပြောင်းဖြစ်ပေါ်လာရမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ထို့အတူ ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း ခေတ်သစ်သမိုင်းတွင် မကြုံစဖူးသော တိုင်းရင်းသားအချင်းချင်းကြား ထာဝရငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေးကို မဖြစ်မနေတည်ဆောက်လျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ အရှိန်အဟုန်ဖြင့် ချီတက်လျက်ရှိပါသည်။ ကယားပြည်နယ်သည် ပြည်ထောင်စုကြီးတွင် အစိတ်အပိုင်းတစ်ခုအပါအဝင်ဖြစ်သည်နှင့်အညီ ဤပြောင်းလဲမှုဖြစ်စဉ်တွင် မလွဲမသွေပါဝင်ရမည်သာဖြစ်ပေသည်။ ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားညီအစ်ကိုအချင်းချင်း ငြိမ်းချမ်းစွာ၊ စည်းလုံးညီညွတ်စွာဖြင့် အတူယှဉ်တွဲနေထိုင်ရမည်ဖြစ်သကဲ့သို့ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားများအားလုံးနှင့်လည်း အခွန့်ရှည်စွာ တန်းတူညီတူပေါင်းသင်းဆက်ဆံခြင်းတည်းဟူသော အခြေခံမူအားဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်သို့ အရောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ကိုယ်စားပြုနိုင်ငံရေးပါတီတစ်ရပ် မဖြစ်မနေထူထောင်ရန် အထူးလိုအပ်လျက်ရှိကြောင်း မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)သည် ၁၉၉၀ ခုနှစ်တွင် ကယားပြည်နယ် လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့အမည်ဖြင့်လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ကယားပြည်နယ်လူမျိုးပေါင်းစုံငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီအမည်ဖြင့်လည်းကောင်း တည်ထောင်ခဲ့ပါသည်။ သို့သော် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုပါ။ ထို့ကြောင့် ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော လူမျိုး၊ ဘာသာမရွေး၊ ကျား/မ မရွေး၊ လူကြီး လူငယ်များပါမကျန် အားလုံးပါဝင်ခွင့်ရရှိမည်ဖြစ်သော လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ All Nationals' Democracy Party(AND) ကို ထူထောင်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များလက်ထဲသို့ လက်ဆင့်ကမ်းပြောင်းပေးနိုင်ရန်ဖြစ်ပါသည်။ သို့ပါ၍ ကယားပြည်နယ်အတွင်းရှိ လူမျိုးပေါင်းစုံအပါအဝင်ဖြစ်သော ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်မှု၊ အားပေးကူညီမှုနှင့် အပြုသဘောဖြင့် ဝေဖန်အကြံပေးမှုတို့ကိုမျှော်လင့်လျက် ပြည်နယ်လူထု၏ တစ်ခဲနက်ထောက်ခံမှုကိုပါရရှိမည်ဟူ၍ အလေးအနက်ယုံကြည်ပါသည်။ ဤသို့ယုံကြည်မျှော်လင့်သည့်အတွက် ဤတစ်ခုတည်းဖြစ်သော ပြည်နယ်ကိုယ်စားပြုလူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီကို (၂၇-၃-၂၀၁၃) ရက်နေ့ လွိုင်ကော်မြို့တွင် ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်ပါသည်။ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် ကယားပြည်နယ် ဒေသခံလူမျိုးစုများအပြင် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသောလူမျိုးပေါင်းစုံအား ပါဝင်ခွင့်ရှိခြင်းနှင့် အားပေးကူညီခြင်းကို လှိုက်လှဲစွာကြိုဆိုလျက်ရှိပါသည်။

ပြည်နယ်လူထုတစ်ရပ်လုံး၏ စားဝတ်နေမှုချောင်လည်စေရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရေး အကြောက်တရားနှင့် အရှက်တရားတို့မှ လွတ်မြောက်နိုင်ရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍများမြှင့်တင်ပေးရေး (Socio-economic Barriers) လူမှု/စီးပွားရေးကဏ္ဍ၏ အဓိကအဟန့်အတားသဖွယ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကိုဦးတည်ချက်ထားကာ တည်ဆောက်ဖော်လုပ်ပေးနိုင်ရေး စသည့်အရေးကိစ္စများမှာ ပြည်သူ/သားအများစုအတွက် အရေးတယူကုစားပေးရမည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကပြဿနာဖြစ်သည်ဟု ခံယူပါသည်။

၎င်းအပြင် ပဓာနကျသည့်နယ်မြေဒေသလုံခြုံမှု၊ ငြိမ်းချမ်းမှုနှင့် တိုင်းရင်းသားများအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ရိုင်းပင်းမှု၊ အပြန်အလှန် လေးစားသမှုပြုခြင်းတည်းဟူသော "တိုင်းရင်းသားညီရင်းအစ်ကိုစိတ်ဓာတ်" (Co-Fraternity Spirit) ကို ထာဝစဉ်ရှင်သန်စေရန် အထူးလိုအပ်ပါသည်။ အဆိုပါ "တိုင်းရင်းသားညီရင်းအစ်ကိုစိတ်ဓာတ်" အခိုင်အမာတည်ဆောက်နိုင်ပါမှ ပြည်နယ်ဒေသအပါအဝင် နိုင်ငံနှင့်တစ်ဝန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ အမြန်မနှေးရောက်ရှိမည်ဟု ယုံကြည်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်၊ မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကိုစစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်ဖြစ်ပါသည်။

သို့မှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်ဒီမိုကရေစီအရေးများ ချောမောလွယ်ကူစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေများပြားသဖြင့် အမျိုးသမီးနှင့်ပတ်သက်သော လူ့အခွင့်အရေးများ၊ အကြမ်းဖက်မှုများကာကွယ်စောင့်ရှောက်ကာ နိုင်ငံရေးတွင် အမျိုးသမီးပိုမိုပါဝင်နိုင်ရန် အခွင့်အလမ်းပေးရပါမည်။ ကလေးသူငယ်များ ပြုစုပျိုးထောင်ရာတွင် အခမဲ့ပညာသင်ကြားခွင့်၊ မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါးသော ကလေးများအတွက် ပညာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ရပါမည်။

နိုင်ငံရေးမူဝါဒအခြေခံမူများကို အောက်ပါအတိုင်း ချမှတ်သွားမည်ဖြစ်ပါသည်။

(က) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး အခြေခံမူ- လူမျိုးကြီး/ငယ်မဟူ ဥပဒေအရာတွင်တန်းတူရည်တူရှိရမည်။ လူမျိုးအချင်းချင်းအခွင့်ထူးခံ၊ အခွင့်အလမ်းမဲ့သူများဟူ၍ခွဲခြားမှုမရှိစေရ၊ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရပိုင်ခွင့်များကို နိုင်ငံသားတိုင်း ရရှိစေရမည်။ လူ့တန်ဖိုး၊ လူ့ဂုဏ်သိက္ခာတို့အရ လူမျိုးအားလုံးတန်းတူရည်တူရှိစေရမည်။ ကယားပြည်နယ်သည် အခြားသောတိုင်းနှင့် ပြည်နယ်များနှင့်အညီ တန်းတူရည်တူရှိစေရမည်။ မည်သူမျှဥပဒေအထက်တွင် မရှိစေရ။

(ခ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး အခြေခံမူ- လူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ပြဋ္ဌာန်းဆုံးဖြတ်ခွင့်ရှိစေရမည်။ ကယားပြည်နယ်တွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို လူမျိုးစုအသီးသီးတို့၏ ဒေသဓလေ့ထုံးတမ်းများနှင့်အညီ လွတ်လပ်စွာကျင့်သုံးခွင့်ရှိစေရမည်။ ကယားပြည်နယ်သည် ပြည်ထောင်စုကြီးနှင့် အမှီသဟဲပြုနေမည်ဖြစ်ပြီး အပြန်အလှန်အကျိုးပြုမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံကျကျ ကျင့်သုံးနိုင်ရေးအတွက် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်ဆင့်တွင် ဒီမိုကရေစီနည်းကျဒေသန္တရအုပ်ချုပ်ရေးပုံစံဖော်ဆောင်ရမည်။ ယင်းအတွက် ပြည်သူများကိုယ်တိုင် ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်ရရှိစေရမည်။

စီးပွားရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လွတ်လပ်သော စီးပွားရေးမူဝါဒများကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝအသုံးချပြီး ပြည်နယ်အတွင်းရှိလူတိုင်း စွမ်းအားရှိသလောက် လွတ်လပ်စွာဆောင်ရွက်စေခြင်းဖြင့် ပြည်နယ်၏ကုန်ထုတ်လုပ်မှုတိုးတက်စေရန်၊

(ခ) လူတိုင်းကာယ၊ ဉာဏ၊ ဝီရိယ၊ ငွေအရင်းအနှီးများ စွမ်းအားပမာဏအရ အကျိုးခံစားခွင့်ရရှိစေရန်၊

(ဂ) သယံဇာတပေါကြွယ်ဝသည့် ကယားပြည်နယ်တွင် ကုန်ချောထုတ်လုပ်ရောင်းချနိုင်သည့် ဖက်စပ်လုပ်ငန်းနှင့် ပုဂ္ဂလိကပိုင်များအား လုပ်ပိုင်ခွင့်ပေးခြင်းဖြင့် ထုတ်လုပ်မှုကိုတိုးတက်လာစေရန်၊

(ဃ) ကယားပြည်နယ်အတွင်းထွက်ရှိသည့် လျှပ်စစ်စွမ်းအားကို အပြည့်အဝအသုံးချခွင့်ရရှိစေရန်၊

(င) စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်၊ အခွင့်အလမ်းများရှိစေရန်၊

(စ) ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်သည့်ကယားပြည်နယ်အား အခြားသော ပြည်နယ်/တိုင်းများနှင့် ရင်ပေါင်တန်းနိုင်စေရန် ရေ၊ မြေ၊ သဘာဝသယံဇာတအခြေခံကောင်းများကို စနစ်တကျအသုံးပြုခြင်းဖြင့် ပြည်သူအများ၏ စားဝတ်နေရေးချောင်လည်စေရန်၊

(ဆ) တစ်နိုင်တစ်ပိုင်စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်။

ကျယ်ဝန်းနက်နဲများပြားလှသော လူမှုရေးကဏ္ဍတွင် အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ အပါအဝင်ဖြစ်ကြ၏။ ယင်းလူမှုရေးကိစ္စအဝဝကို တစ်ခုသော အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အေးချမ်းတည်ငြိမ်မှုစသည့် အဘက်ဘက်မှ ဖွံ့ဖြိုးမှုအခြေအနေကောင်းများ ရရှိရန်လိုအပ်မည်ဖြစ်ပါသည်။ အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်းများနှင့် မျိုးဆက်သစ်လူငယ်လူရွယ်၊ ကျောင်းသူ/သားများအပါအဝင် အလွှာအတန်းအစားအသီးသီးမှ လူ့အဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်ကောင်းမွန်သော လူနေမှုအခြေအနေများပေါ်ထွန်းစေရန် အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်သွားပါမည်။



(က) ပညာရေးအဆင့်အတန်းမြင့်မားရေး၊
(ခ) ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊
(ဂ) အားကစားနှင့် ကာယပညာအဆင့်အတန်းမြှင့်တင်ရေး၊
(ဃ) တိုင်းရင်းသားစာပေ၊ အရေးအသားများ ဖော်ထုတ်မြှင့်တင်ပေးရေး၊
(င) ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊
(စ) လူမှုဝန်ထမ်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊
(ဆ) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိပြီး ဘာသာရေးနှင့်နိုင်ငံရေး ရောထွေးခြင်းမပြုရေး၊
(ဇ) ကောင်းမွန်သော ကိုယ်ကျင့်တရားများထွန်းကားပြန့်ပွားရေး၊
(ဈ) လူညွှန့်တုံးစေသော မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သုံးစွဲမှုများ လျော့နည်းပပျောက်စေရန် ပညာပေးစည်းရုံးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန် "ပြည်သူ့နီတိ" ကို စာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပေးနိုင်ရေးများ ဆောင်ရွက်သွားမည်။

ကယားပြည်နယ်ဧရိယာအကျယ်အဝန်း၏ ဆယ်ပုံတစ်ပုံခန့်မှာ မြေနိမ့်လွင်ပြင်ဒေသဖြစ်ပြီး သွားရေးလာရေးအတော်အသင့် လွယ်ကူပါသည်။ ကျန်ဆယ်ပုံကိုးပုံခန့်မှာမူ တောတောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်းတို့ဖြင့် လမ်းပန်းဆက်သွယ်ရေး၊ သွားရေးလာရေး အလွန်ပင်ခက်ခဲကြမ်းတမ်းလှပါသည်။ ၎င်းတို့မှာ လူမှုရေး၊ စီးပွားရေးကဏ္ဍအတွက် သဘာဝအဟန့်အတားကြီးသဖွယ် (Natural Socio-economic barriers) ဖြစ်နေလျက် ဖွံ့ဖြိုးတိုးတက်မှုကြန့်ကြာနှေးကွေးနေရသည့် အဓိကအကြောင်းအရင်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ပါ၍ ကျေးလက်တောရွာအနှံ့ လမ်းပန်းဆက်သွယ်ရေး ပြောင်းလဲကောင်းမွန်စေရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ခေတ်ကာလအခြေအနေနှင့်မကိုက်ညီတော့သည်သာမကဘဲ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ သဘာဝပတ်ဝန်းကျင် သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် ဥတုရာသီစက်ဝန်းလည်ပတ်မှုကို ပြောင်းလဲဖြစ်ပေါ်စေကာ လူသားမျိုးနွယ်စုအတွက် အန္တရာယ်ဆိုးကျိုးများ ဖြစ်ပေါ်စေလျက်ရှိသော "ရွှေ့ပြောင်းတောင်ယာစနစ်"ကို အစားထိုးပြောင်းလဲလုပ်ကိုင်နိုင်စေရန် တောနေလူထုအား တဖြည်းဖြည်းချင်း စည်းရုံးသိမ်းသွင်းသွားမည်။ ၎င်းအစား စီးပွားဖြစ် နှစ်တိုနှစ်ရှည်ပင်များစိုက်ပျိုးခြင်းဖြင့် အစားထိုးစိုက်ပျိုးပေးနိုင်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် ဒေသအာဏာပိုင်များနှင့်လည်းကောင်း၊ စိုက်ပျိုးရေးဌာနနှင့်လည်းကောင်း စေ့စပ်ညှိနှိုင်းပေးသွားမည်ဖြစ်ပါသည်။

ပြည်နယ်ကိုယ်စားပြု AND Party သည် အနာဂတ်ကာလတွင် ကယားပြည်နယ်ရှိ အမျိုးသားနိုင်ငံရေးကို ဦးစားပေးလုပ်ဆောင်ပေးမည့် ပြည်နယ်ကိုယ်စားပြုပါတီအဖြစ် ရပ်တည်သွားနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံရေးအမြင် သိရှိနားလည်သူတိုင်း သဘောပေါက်လက်ခံကြမည်သာဖြစ်ပါသည်။ AND Party သည် ပြည်သူကို လေးစားယုံကြည်လျက်ရှိပါသည်။ ပြည်သူ့အကျိုးကို ဦးထိပ်ထား၍ ပြည်သူ့အရေးကိစ္စရပ်များကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ဆောင်ရွက်သွားပါမည်။

သို့ဖြစ်ပါ၍ ကယားပြည်နယ်အတွင်းရှိ ပြည်သူတစ်ရပ်လုံး၏အားပေးထောက်ခံမှုကိုရရှိမှသာ ကျွန်ုပ်တို့၏ AND Party ကြီးသည် ပြည်သူအတွက် ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သောကြောင့် ပြည်နယ်အကျိုး၊ နိုင်ငံတော်၏အကျိုးကိုရှေးရှုလျက် ကျွန်ုပ်တို့၏ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (All Nationals' Democracy Party) ကို ထောက်ခံအားပေးကြပါရန် လေးစားစွာ ဖြင့်ပန်ကြားအပ်ပါသည်။

**"ကယား(ကရင်နီ)ပြည်သူတွေ နိုးထကြစို့"**

## ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဆင့်ပွားသင်တန်းပို့ချ

**မြင်းခြံ စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ရွှေပြည်စိုးသာသနာ့ဗိမာန်တွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ နည်းပြဆရာများအား ဆင့်ပွားပို့ချခြင်းနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်လာသည့် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ သင်တန်းသားများနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ သင်တန်းတွင် နည်းပြဆရာများအား ဆင့်ပွားပို့ချခြင်း၊ ဆွေးနွေးခြင်း၊ မဲရုံပုံစံများဖြင့် လက်တွေ့ဆောင်ရွက်ခြင်းများပြုလုပ်သွားမည်ဖြစ်ပြီး သင်တန်းကာလ နှစ်ရက်ကြာပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

# ကယားလူမျိုးစုဒီမိုကရေစီပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

**ကယားလူမျိုးစုဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးစော်ဒယ်နီယယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မဲဆန္ဒရှင်တိုင်းရင်းသူ/သားပြည်သူများခင်ဗျား-**

ကျက်သရေအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာချမ်းသာ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေကြောင်း ဆုတောင်းပေးရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကယားလူမျိုးစုဒီမိုကရေစီပါတီဆိုသည်မှာ ကယားပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံးပါဝင်ပါတယ်။ ကယားလူမျိုးတစ်ခုတည်းမဟုတ်ပါ။ လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြုလုပ်ကျင်းပတော့မည် ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲတွင် ကယားလူမျိုးစုဒီမိုကရေစီပါတီက ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကယားလူမျိုးစုဒီမိုကရေစီပါတီသည် ကယားပြည်နယ်သားများအားလုံးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးအတွက် ရှေ့လုပ်ငန်းစဉ်များထားရှိကာ အကောင်အထည်ဖော်သွားမည်ဖြစ်ပါတယ်။ ကယားပြည်နယ်ငြိမ်းချမ်းရေးသာမက ပြည်ထောင်စုတစ်ခုလုံး ငြိမ်းချမ်းရေးရရှိဖို့ရန် တစိုက်မတ်မတ် ထုတ်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များခင်ဗျား-**

ကယားလူမျိုးစုဒီမိုကရေစီပါတီရဲ့ နိုင်ငံရေးမူဝါဒများမှာ

(၁) တိုင်းရင်းသားများအားလုံးစည်းလုံးညီညွတ်ပြီး တန်းတူညီမျှရေးကို အာမခံပေးနိုင်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်သွားမှာဖြစ်ပါတယ်။

(၂) ကယားပြည်နယ်သူ/ ပြည်နယ်သားများအားလုံးအတွက် အမှန်တကယ် ကိုယ်စားပြုနိုင်သော ကယားပြည်နယ်အစိုးရတစ်ရပ်ဖြစ်စေရပါမယ်။

(၃) ကယားပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော ပြည်နယ်သူ/ပြည်နယ်သားများ တစ်ရပ်လုံးအတွက် ဘဝလုံခြုံမှုကို လည်းကောင်း၊ အာမခံချက်ပေးနိုင်သော မူဝါဒများပေါ်ပေါက်လာစေရေးအတွက် အစဉ်တစိုက် အားထုတ်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံရေးရဲ့ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ လူတန်းစားအသီးသီးမှ ပြည်သူလူထုများအားလုံး အတူတကွ လက်တွဲဖော်ဆောင်သွားမှာဖြစ်ပါတယ်။ လူမှုဘဝမျှော်လင့်ချက်များကို အာမခံပေးနိုင်တဲ့ နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် ဒေသတွင်း နိုင်ငံရေးအရင်းအမြစ်များ ဖွံ့ဖြိုးစေဖို့ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဆင်းရဲနိမ့်ကျနေတဲ့ လယ်သမားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးနည်းပညာများ၊ နည်းစနစ်သစ်များကို လယ်သမားများလက်ဝယ်သို့လည်းကောင်း၊ မျိုးကောင်းမျိုးသန့်နှင့် သဘာဝမြေသြဇာပြုလုပ်သော နည်းပညာနှင့်တကွ လယ်သမားများလက်ဝယ်သို့အရောက် ပို့ဆောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လယ်သမားများ တွေ့ကြုံနေရသော လယ်ယာပိုင်ဆိုင်မှုနှင့် လယ်သမားများကို အကာအကွယ်ပြုနိုင်သော လယ်ယာမြေဥပဒေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်နယ်သူ/ပြည်နယ်သားမဲဆန္ဒရှင်များခင်ဗျား-**

စီးပွားရေးမူဝါဒများအနေနှင့် ကယားပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များကို ပြည်နယ်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်နှင့် ကယားပြည်နယ်သားများ လက်ဝယ်လုပ်ပိုင်ခွင့်ရရှိလာစေရန် လိုအပ်ပါတယ်။ ကယားပြည်နယ်သူ/ပြည်နယ်သားများ အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးစီးပွားကို ရှေးရှုသော စီးပွားရေးမူဝါဒများ၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်လိုအပ်ပါတယ်။ ကယားပြည်နယ်အတွင်းရှိ လယ်သမား၊ အလုပ်သမား၊ ဆင်းရဲသားများ ဝင်ငွေနှစ်ဆတိုးတက်လာစေရေးအတွက် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနည်းပညာများ၊ အဆင့်မြင့်သော ခေတ်မီစက်ပစ္စည်းများ၊ မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့များရရှိလာအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒေသခံ ကယားပြည်နယ်သူ/ ပြည်နယ်သားများ အကျိုးဖြစ်ထွန်းစေနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးပွားလာစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကယားပြည်နယ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုနည်းရခြင်းသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာရှိနေခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများအလွန်အားနည်းနေခြင်း၊ လျှပ်စစ်မီးနှင့် ရေသန့်သုံးစွဲနိုင်ရေးအတွက် များစွာလိုအပ်နေခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးလုပ်ငန်းများ အလေးထားဆောင်ရွက်မှု အားနည်းနေခြင်းတို့ကြောင့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားဆောင်ရွက်သွားဖို့လိုအပ်နေပါတယ်။ နိုင်ငံသားတိုင်း စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး ပြည့်ဝစွာခံစားနိုင်ဖို့ရန် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ကယားပြည်နယ်သူ/ပြည်နယ်သား မဲဆန္ဒရှင်များခင်ဗျား-**

ဆက်လက်ပြီးတော့ လူမှုရေးကဏ္ဍများကို ဖော်ပြပေးမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးနွယ်စုများအသီးသီးတို့ရဲ့ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ/ထုံးတမ်းအစဉ်အလာများကိုလည်း ထိန်းသိမ်းသွားသည်သာမက ကိုးကွယ်ယုံကြည်မှုများကိုလည်း ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သလို မြှင့်တင်ပေးရန်လည်းလိုအပ်လှပါတယ်။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ လူငယ်များဘဝ တိုးတက်မြင့်မားရေးအတွက် အလုပ်အကိုင် အလွယ်တကူဖန်တီးပေးပြီး အလုပ်အကိုင်ရရှိစေရန် ကျောင်းပြင်ပ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ခေတ်မီ၍ ဝင်ငွေကောင်းသောလုပ်ငန်းသစ်များစွာ စီမံပေးပြီး သင်ကြားမှုဆိုင်ရာ သင်တန်းအစီအမံများ၊ လက်တွေ့နည်းပညာ စနစ်သစ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အမျိုးသမီးများနှင့် ကလေးသူငယ်များရဲ့ အခွင့်အရေးနှင့် အခန်းကဏ္ဍကိုလည်း တင်ပြမည်ဖြစ်ပါတယ်။ အမျိုးသမီးများဘဝလုံခြုံမှုအတွက် ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ၊ အမျိုးသမီးများ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိရန် ဖော်ဆောင်သွားဖို့ လိုအပ်ပါတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာသဘောတူညီချက်စာချုပ် (CEDAW) အကောင်အထည်ဖော်ရန်၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ရပါမယ်။

အနာဂတ်ကလေးအရွယ်များအတွက် လိုအပ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းစနစ်များ၊ နည်းပညာများ၊ မူဝါဒများ၊ အာဟာရအစားအစာများ၊ ကျန်းမာရေးဆိုင်ရာ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ကလေးသူငယ်များအတွက် လိုအပ်သောစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ လိုအပ်ချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရပါမယ်။ ထိုကဲ့သို့လုပ်ဆောင်ရာတွင် အရည်အသွေးမြင့်မားပြီး ထိရောက်သော ဝန်ဆောင်မှုများပေးရန် မူဝါဒဆိုင်ရာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရပါမယ်။

လူငယ်လူရွယ်များအတွက် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်သစ်များ၊ နည်းပညာသစ်များ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာနည်းပညာများ၊ စာရိတ္တပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နည်းစနစ်များကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်သွားရပါမယ်။ လူငယ်လူရွယ်တို့၏ စိတ်ခံစားချက်များအပေါ် အလေးထားပြီး လူငယ်လူရွယ် လူ့အရင်းအမြစ်ကောင်းများပေါ်ပေါက်လာစေရန် ဆောင်ရွက်သွားရပါမည်။ လက်ရှိလူငယ်များ၏ ဘဝစံနှုန်းထက်မြင့်မားသော စံနှုန်းကို အရှိန်အဟုန်နှင့် မြန်ဆန်စွာတိုးတက်မြင့်မားလာစေရန် ထိရောက်သောပြောင်းလဲမှုစနစ်ဖြင့် ကိုင်တွယ်ဆောင်ရွက်သွားနိုင်ရန် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လမ်းမှားရောက်နေသောလူငယ်များကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရပါမယ်။



**လေးစားအပ်ပါသော ကယားပြည်နယ်သူ/ပြည်နယ်သား မဲဆန္ဒရှင်များခင်ဗျား-**

အကြောင်း အမျိုးမျိုးကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ဘဝအာမခံချက်ပေးနိုင်သော စီးပွားရေးအခြေပြုလုပ်ငန်းများ ပံ့ပိုးကူညီမှု အပြည့်အဝရရှိစေရန် ဆောင်ရွက်သွားရပါမယ်။ ကယားပြည်နယ်အတွင်း နေထိုင်သူများ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆင့်မြှင့်တင်ပေးဖို့ လိုအပ်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီတို့၏ ဆောင်ရွက်ချက်များကို တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရန်လိုအပ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တိုင်းရင်းသားများအားလုံး အတူတကွပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်ယုံကြည်မှုပိုမိုတည်ဆောက်လာနိုင်စေရန်နှင့် သဘောတူညီမှုများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူ/ပြည်သား မဲဆန္ဒရှင်များခင်ဗျား-**

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပျက်စီးနေသော တောတောင်သဘာဝများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရမှာဖြစ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်များကိုလျှော့ချပြီး ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဝင်ငွေကောင်းပြီး စီးပွားဖြစ်စေသော တောတောင်သဘာဝနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါသည်။ တောတောင်သဘာဝသစ်ပင်များ ခုတ်ပစ်မှုနည်းနိုင်သမျှနည်းစေပြီး တောတောင်သဘာဝကိုအခြေပြု၍ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အကျယ်တဝင့်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား-**

ကယားပြည်နယ်အတွင်း လိုအပ်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေး၊ လမ်း/တံတားများ အရည်အသွေးမြှင့်တင်ရန်နှင့် ရွာချင်းဆက်လမ်းများ ဆက်သွယ်ရေးစနစ်လုပ်ငန်းများကိုလည်း ကျေးရွာဒေသများ အသုံးပြုလာနိုင်စေရန်နှင့် ဝေးလံခေါင်ဖျားသောနေရာဒေသများတွင် နေထိုင်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာစေရန် တိုးချဲ့၍ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား-**

ကယားလူမျိုးစုဒီမိုကရေစီပါတီသည် ပြည်နယ်အခြေစိုက်၊ ပြည်နယ်ကိုယ်စားပြုသည့်ပါတီဖြစ်သည့် အားလျော်စွာ ကယားပြည်နယ်အတွင်းရှိ မြို့ပေါ်ကျေးလက်ဖွံ့ဖြိုးမှုကွာဟမှုနည်းပါးစေရန်နှင့် ကယားပြည်နယ်ဒေသတစ်ခုလုံးရဲ့ အကျိုးကို ထိရောက်စွာအမှန်တကယ်သယ်ပိုးဆောင်ရွက်သွားနိုင်မှာဖြစ်သောကြောင့် ကယားလူမျိုးစုဒီမိုကရေစီပါတီကိုယ်စားလှယ်များကို ဆန္ဒပြုရွေးချယ်ပေးနိုင်ပါရန်နှင့် ဆန္ဒမဲထည့်ဝင်ဆန္ဒပြုနိုင်ကြပါရန် တင်ပြအပ်ပါတယ်။ မဲဆန္ဒရှင် ကယားပြည်နယ်သူ / ပြည်နယ်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ။

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ

**နမ့်ဆန် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ဒေသကော်မရှင်ဥက္ကဋ္ဌ ဦးစံအောင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ပါတီအသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းစံဝင်းနှင့်အဖွဲ့မှ စက်တင်ဘာ ၂၄ ရက်က ဒေသဦးစီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ဒေါက်တာစိုင်းစံဝင်းက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဒေသကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးက အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများမဲပေးနိုင်ရန် ဒေသတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အမည်စာရင်းများ စက်တင်ဘာ ၁၄ ရက်ကစ၍ကပ်ထားပြီး ပြည်သူများကလည်း စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက မိမိတို့ဒေသရှိ ကော်မရှင်ရုံးများတွင် မဲစာရင်းများကို ပြည်သူများ အလွယ်တကူလာရောက်ကြည့်ရှုနိုင်ရန် အချိန်ပြည့် ကြေညာထားကြောင်း တင်ပြကြပြီး နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်အောင်**

# အမျိုးသားတိုးတက်မြင့်မားရေး ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

**အမျိုးသားတိုးတက်မြင့်မားရေးပါတီ ဥက္ကဋ္ဌဦးဝင်းမြင့်အောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုစက်တင်ဘာ ၂၆ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့်တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံးအေးအတူ၊ ပူအမျှ အတူတကွယှဉ်တွဲနေထိုင်လျက်ရှိကာ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သော နိုင်ငံတော်သစ်ကြီးတစ်ခုအဖြစ် ရပ်တည်လာနိုင်ရန် စိတ်အားထက်သန်လျက်ရှိကြပေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရန် လက်တွဲကြိုးပမ်းရာတွင် ပဓာနအကျဆုံးလိုအပ်ချက်ဖြစ်သည့် တာဝန်သိနိုင်ငံသားကောင်းများမွေးထုတ်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိလျက် တိုင်းပြည်ကောင်းကျိုးအတွက် အနစ်နာခံလုပ်ဆောင်ကြမည့် လူတန်းစားအလွှာမျိုးစုံပါဝင်သည့် အင်အားစုတစ်ရပ်အဖြစ် တစ်စည်းတစ်လုံးတည်းစုစည်းနိုင်ရန် အထူးလိုအပ်လှပေသည်။

၎င်းအချက်ကို အကြောင်းပြု၍ အမျိုးသားတိုးတက်မြင့်မားရေးပါတီ (NPP)ကိုဖွဲ့စည်းပုံအခြေခံနှင့်အညီ အလွှာပေါင်းစုံမှ အမျိုးသားရေးတက်ကြွလှုပ်ရှားသူ ၂၄ ဦးဖြင့် ၂၀၁၃ ဧပြီလ ၃၀ ရက်နေ့တွင် နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားခဲ့ပြီး နိုင်ငံရေးပါတီအဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ် (၆၆) ဖြင့် တရားဝင်ရပ်တည်နိုင်ခဲ့ပါသည်။

ပါတီတံဆိပ်သည် အစိမ်းရောင်သပြေရွက်ရှစ်ရွက်ပါရှိသည်။ သပြေခက်တစ်ခက်၏ထိပ်တွင် ရွှေရောင်ကြယ်တစ်လုံးပါရှိပြီး အောက်ခြေတွင် အမျိုးသားတိုးတက်မြင့်မားရေးပါတီဟု မြန်မာဘာသာဖြင့် ရေးထိုးထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုယ်စားလှယ်များဝင်ရောက် ယှဉ်ပြိုင်ခွင့်ရှိသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားကာ ပြည်နယ်များတွင် မိမိတို့ပါတီမှ ကိုယ်စားလှယ်များဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ပေ။

**ရည်ရွယ်ချက်**

နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားအတွက်အစိုးရ၊ ပြည်သူနှင့်လက်တွဲပူးပေါင်း၍ လက်တွေ့ကျသည့်လုပ်ဆောင်မှုများ ဆောင်ရွက်သွားရန်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံ၍စက်မှုလက်မှု၊ ပညာရေးအစရှိသည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအားဖြင့် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်အဆင့်တူ အမြန်ဆုံးရင်ပေါင်တန်းနိုင်ရန်။

တိုင်းရင်းသားလူမျိုးအချင်းချင်းယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှုရှိလျက် ၎င်းတို့၏အနာဂတ်ဘဝ လုံခြုံမှုကိုအာမခံချက်ပေးနိုင်မည့် လူ့ဘောင်အဖွဲ့အစည်းကို တည်ထောင်နိုင်ရန်။

**ပါတီမူဝါဒအချို့ကောက်နုတ်ချက်များ**

ပြည်ထောင်စုတိုင်းရင်းသား (၁၃၅) မျိုးလုံး၏လုံခြုံရေးနှင့်အကျိုးစီးပွားအန္တရာယ်များကို အပြည့်အဝအကာအကွယ်ပေးနိုင်ရန်ဖြစ်သည်။

လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့ကို ဖော်ဆောင်ရာတွင် အမိနိုင်ငံတော်၏ဓလေ့ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုများနှင့် သဟဇာတဖြစ်ရေး၊ လိုက်လျောညီထွေဖြစ်စေရေးကိုအရေးပေးလျက် ရေခံမြေခံဒီမိုကရေစီကို ဖော်ဆောင်သွားမည်ဖြစ်သည်။

ပြည်ပနိုင်ငံများ၏လူမျိုးရေး၊ စီးပွားရေးအမြတ်ထုတ်ဝါးမျိုမှုများ ပေါ်ပေါက်လာပါက ထိုသို့ပေါ်ပေါက်လာသည့် ဒေသများ၏ နစ်နာဆုံးရှုံးမှုများအတွက် ယင်းဒေသခံတိုင်းရင်းသားများရှေ့ဘက်မှ မားမားမတ်မတ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်သည်။

အခြေခံပညာရေးစနစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ကို ရင့်သန်ခိုင်မာစေမည့် သင်ကြားမှုနည်းစနစ်များ၊ သင်ရိုးညွှန်းတမ်းများထည့်သွင်းနိုင်ရေးကို အလေးထားဆောင်ရွက်သွားမည်။

ဖွံ့ဖြိုးမှုနောက်ကျသည့် ဒေသများ၊ ဝေးလံခေါင်ဖျားဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသန္တရ ကျန်းမာရေးဌာနများ၊ ဆေးခန်း၊ ဆေးရုံများ လုံလောက်အောင်ထားရှိရေး ကြိုးပမ်းဆောင်ရွက်မည်။

ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတကာ အရည်အသွေးပြည့်မီသည့် ကုန်ထုတ်လုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များမှ တည်ထောင်နိုင်ရန်လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက် သွားမည်။

တောင်သူလယ်သမား မိသားစုတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးအသိပညာဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေးနည်းပညာစနစ်များရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

အလုပ်သမားများ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များရရှိနိုင်ရေး လုပ်ငန်းခွင်အတွင်း ရပိုင်ခွင့်များ၊ လစာများ၊ ကျန်းမာရေးအာမခံချက်များ၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်။

ကြိုတင်မျှော်လင့်ထားနိုင်ခြင်းမရှိသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရာတွင် အသိ၊ သတိနှင့်ယှဉ်၍ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန် စနစ်ကျနသည့် လေ့ကျင့်မှုများ၊ ကြိုတင်ပြင်ဆင်မှုများနှင့် နိုင်ငံတကာအဆင့်မီ နည်းပညာများ၊ အထောက်အကူပစ္စည်းများအသုံးပြုနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

တိုင်းရင်းသား (၁၃၅) မျိုးလုံး၏ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ဓလေ့စရိုက်များ မပျောက်ပျက်အောင်ထိန်းသိမ်းပြီး ကမ္ဘာ့နိုင်ငံများမှ မိမိတို့ယဉ်ကျေးမှုကို သိရှိအောင်စီစဉ်ဆောင်ရွက်သွားမည်။

ကျွန်ုပ်တို့အမျိုးသားတိုးတက်မြင့်မားရေးပါတီ (NPP)ကိုဖွဲ့စည်းထားခြင်းသည် ကျွန်ုပ်တို့ကိုယ်ကျိုး/မိသားစုဆွေမျိုးအကျိုးအတွက်မဟုတ်ပေ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားစစ်စစ်အားလုံးတို့၏ ကောင်းကျိုးအတွက်သာဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်ရှိသော တိုင်းရင်းသားစစ်စစ်အားလုံး၏ ကောင်းကျိုးကိုလိုလားသော ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်းရင်းသားအားလုံးကို ကျွန်ုပ်တို့ပါတီမှ အမြဲတမ်းတံခါးဖွင့်ကြိုဆိုလက်ကမ်းလျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် အမျိုးသားတိုးတက်မြင့်မားရေးပါတီသည် အမျိုးသားရေးဦးစားပေးမည့် အနာဂတ်ပါတီ(NPP)ဆိုသည့် ပါတီဆောင်ပုဒ်အတိုင်း တိုင်းရင်းသားစစ်စစ်အားလုံးတို့၏ကောင်းကျိုးကို ရှေးရှုကာအနာဂတ်စီမံကိန်းများဖော်ဆောင် ကာကွယ်သွားမည်။ ဒီမိုကရေစီရေး လူ့အခွင့်အရေးများကို အမျိုးသားရေးရှုထောင့်မှ လုပ်ကိုင်ဖော်ဆောင်ပြီး မိမိတို့၏ အမျိုးဘာသာသာသနာတည်တံ့ခိုင်မြဲရေးအတွက် အသက်ထက်ဆုံးကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားမည်ဟု ကတိသစ္စာ ပြုရင်း နိဂုံးချုပ် အဆုံးသတ်လိုက်ပါသည်။

ရဟန်းရှင်လူမိဘပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်းကိုယ်၏ကျန်းမာခြင်းပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။

## သီပေါမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကြေညာထားမှု စစ်ဆေး

**သီပေါ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပထမအကြိမ်က ပြင်ဆင်ထားသော မဲဆန္ဒရှင်များစာရင်းကို ရိုက်နှိပ်ကြေညာရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ချက်များ ပါဝင်မှုရှိ၊ မရှိ ကွန်ပျူတာ နည်းပညာအရ အက္ခရာ အစဉ်လိုက်ဖြင့် မဲဆန္ဒရှင်များ စာရင်းရိုက်နှိပ်ကြေညာရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို လည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲ အရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်က ရွေးကောက်ပွဲကာလအတွင်း ပြဿနာများပေါ်



ပေါက်ခဲ့ပါက စေ့စပ်ညှိနှိုင်းရေးအဖွဲ့များက ပြေလည်အောင်စေ့စပ်ညှိနှိုင်းသွားရေး ဆောင်ရွက်ထားမှုများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အတွင်းရေးမှူး ဦးမိုးထွေးဦးတို့က ၂၀၁၅ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဇာတ်စုရပ်၊ အနောက်ရပ်၊ ရွာသစ်ကျေးရွာ၊ စံဖိတ်နှင့်မန်ဟဲကျေးရွာများ၏ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကမာရွတ်မြို့နယ်တွင် နိုင်ငံရေးပါတီကိုးခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၇ ဦး ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၇ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်၊ ကမာရွတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ အမှတ်(၄)နှင့်အမှတ်(၅)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံကာ မဲစာရင်းကြေညာထားမှုများကို စက်တင်ဘာလ တတိယပတ်က ကြည့်ရှုစစ်ဆေးကြသည်။

ကမာရွတ်မြို့နယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ဖက်ဒရယ်ပြည်ထောင်စုပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ကရင်အမျိုးသားပါတီများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်စုစုပေါင်း ၁၀ ရပ်ကွက်ရှိ မဲရုံစုစုပေါင်း ၃၅ ရုံတွင် မဲရုံအလိုက် လုံခြုံရေးစောင့်ရှောက်ရန် အထူးရဲ ၃၅ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်ရဲများဖြင့် စီစဉ်ထားပြီး မဲပေးမည့် မဲဆန္ဒရှင်စုစုပေါင်း ၄၉၉၃၉ ဦးဖြစ်ကြောင်း သိရသည်။

**(၃၄၉)**

## ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို တားဆီးခြင်းဖိုရမ်ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကိုအသုံးပြု၍ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို တားဆီးခြင်း ဖိုရမ်အား စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများအား ဖိတ်ကြားသွားမည်ဖြစ်သည်။

ထိုဆွေးနွေးပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဘက်မှ ကျင့်ဝတ်၏အရေးပါပုံနှင့် ကျင့်ဝတ်ဖြစ်ပေါ်လာရာတွင် ပါဝင်ခဲ့ပုံများ၊ နိုင်ငံတကာအဖွဲ့အစည်းများက ၎င်းတို့နိုင်ငံရှိ ကျင့်ဝတ်ဆိုင်ရာအတွေ့အကြုံများကို တင်ပြခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်လေ့လာစောင့်ကြည့်ရေးကော်မတီနှင့် People Alliance for Credible Elections မှ တာဝန်ရှိသူတို့က အဆိုပါကျင့်ဝတ်ကို မည်ကဲ့သို့ လေ့လာစောင့်ကြည့်မည်ကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(SP)**